# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

**အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။**

သုခဝဂ်(ဓမ္မပဒ-၁၉၉)


၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်၊ တနင်္ဂနွေနေ့။ Sunday, 17 May 2020 ၁၀၀၁၅


# နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် အဆောက်အအုံများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းဆောင်ရွက်

**နေပြည်တော် မေ ၁၆**

နေပြည်တော်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် အဆောက်အအုံ၊ အစည်းအဝေးခန်းမများ၊ အဆောင်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ယနေ့နံနက် ၈ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လွှတ်တော်မကျင်းပမီ အစည်းအဝေးခန်းမများ၊ စားသောက်ခန်းမအဆောင်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ အရာရှိစစ်သည် ၂၀၊ ဆေးဖျန်းယာဉ်လေးစီးနှင့် နေပြည်တော်မီးသတ်ဦးစီးမှူးရုံးမှ မီးသတ်တပ်ဖွဲ့ဝင် ၈၀၊ အဆင့်မြင့်မီးငြိမ်းသတ်ယာဉ် ခြောက်စီး၊ မီးသတ်ရေသယ်ယာဉ် နှစ်စီး၊ ရေမှုန်ရေမွှားလုပ်စက်ရုပ်


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❑**




နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

## စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား စတုတ္ထအသုတ်အဖြစ် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် မေ ၁၆**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၄၄ ဦးအား မြန်မာအမျိုးသားလေကြောင်းလိုင်း (Myanmar National Airlines-MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် စတုတ္ထအသုတ်အဖြစ် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည့် သတ်မှတ်ချက်များနှင့်အညီ သီးခြားသတ်မှတ်ပေးထားသည့်နေရာ သို့မဟုတ် သတ်မှတ်ဟိုတယ်များ၌ ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**


**ကြေးမုံ ယနေ့ ဖတ်စရာ**


### ကိုဗစ်-၁၉ ကပ်ရောဂါနှင့်အတူ ယှဉ်တွဲသတိထားကြရမည့် အပူချိန်မြင့်မားခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများ


ဆောင်းပါး စာမျက်နှာ » ၆


### COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း


စာမျက်နှာ » ၁၅





ကြေးမုံ

# နောင်အစဉ်မပြတ် စေတနာ့ဝန်ထမ်းကြိုးပမ်း

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ် နိုင်ငံတော်အစိုးရက အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့ကို ဖွဲ့စည်း၍ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးကို စာရင်းပေးထားသည့် နိုင်ငံတစ်ဝန်းမှ စေတနာ့ဝန်ထမ်းပြည်သူများဖြင့် ကြိုးပမ်းဆောင်ရွက်နေသည်။ အခကြေးငွေ တစ်စုံတစ်ရာမယူဘဲ မိမိတို့၏ ကိုယ်ရေးကိုယ်တာကိစ္စများကိုစွန့်လွှတ်ကာ အများအကျိုးအတွက် အနစ်နာခံဆောင်ရွက်ကြသည့် စေတနာ့ဝန်ထမ်းများအား ဝမ်းမြောက်ဝမ်းသာကြိုဆိုပါသည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါ ပျံ့နှံ့မှုထိန်းချုပ်ရာတွင် အရေးကြီးသည့် လုပ်ငန်းစဉ်ဖြစ်သော ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာအဆောက်အအုံများတွင် အသွားအလာကန့်သတ်ခြင်းအစီအစဉ်နှင့်ပတ်သက်၍ စေတနာ့ဝန်ထမ်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု လိုအပ်နေပါသည်။ အများပြည်သူ ရောဂါမကူးစက်ရေး၊ ရောဂါစောင့်ကြည့်ရမည့် လူများအရေး၊ သံသယလူနာများအရေးတွင် စေတနာ့ဝန်ထမ်းများ၏အခန်းကဏ္ဍကို မြှင့်တင်ပေးရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံတစ်ဝန်း ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် စေတနာ့ဝန်ထမ်း (Volunteer) အဖြစ် မိမိတို့၏ အချိန်၊ လုပ်အား၊ ကျွမ်းကျင်မှု၊ အကြံဉာဏ်များကို အခကြေးငွေမယူဘဲ သတ်မှတ်အချိန်ကာလအပြည့် ဖြူစင်သောဆန္ဒဖြင့် ပါဝင်လုပ်အားပေးနေကြပြီဖြစ်သည်။ စေတနာ့ဝန်ထမ်း (Volunteer) ကို သက်ဆိုင်ရာဌာနများက သင်တန်းများပေးခြင်း၊ လိုအပ်သည်များကို ထောက်ပံ့ပေးခြင်းဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်နေကြပြီဖြစ်သည်။ မြန်မာနိုင်ငံဆရာဝန်အသင်းမှ တစ်နိုင်ငံလုံးရှိ စေတနာ့ဝန်ထမ်းလုပ်အားပေးဆရာဝန်များ၏အကူအညီဖြင့် သင်တန်းများပို့ချပေးပြီး လူမှုဝန်ထမ်းဌာနက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ၌ လုပ်အားပေးရန်စာရင်းပေးထားသည့် စေတနာ့ဝန်ထမ်း (Volunteer) ဦးရေ ၅၀၀၀ ကျော်ရှိသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း မိမိတို့၏ဆန္ဒအလျောက် ပါဝင်လုပ်အားပေးမည့် စေတနာ့ဝန်ထမ်းများလည်း အသင့်ဖြစ်နေပြီ။ မြန်မာနိုင်ငံ၏အရေး၊ ပြည်သူပြည်သားများ၏အရေးအတွက် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုသည် အားရဖွယ်ဖြစ်သည်။ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါကို ကျော်လွှားသွားနိုင်မည်ဟု ယုံကြည်ပါသည်။

ကိုဗစ်-၁၉ ရောဂါကို တစ်ကမ္ဘာလုံး ရင်ဆိုင်အန်တုကျော်လွှားနေကြသည်မှာ အချိန်ကာလအားဖြင့် ငါးလနီးပါးကာလသို့ ရောက်ရှိလာပြီဖြစ်သည်။ စိတ်မပျက်အားမလျှော့ဘဲ နိုင်ငံအလိုက် တက်ညီလက်ညီ ကြိုးပမ်းကာကွယ်တိုက်ဖျက်နေကြသည်။ ရောဂါကူးစက်မှုလျော့နည်းအောင် ဆောင်ရွက်နိုင်ကြသည့်နိုင်ငံများရှိသလို ရောဂါကိုလတ်တလောတွင် ထိန်းချုပ်ထားနိုင်သည့် နိုင်ငံများလည်းရှိသည်။ ကိုဗစ်-၁၉ ရောဂါသည် ယခင်ကဖြစ်ပွားခဲ့သော ကူးစက်ရောဂါနှင့်မတူညီသည့် ထူးခြားချက်များ ရှိနေသည်။ ကမ္ဘာ့ပေါ်ရှိကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ပျောက်ကွယ်သွားမည့်အချိန်ကို ခန့်မှန်းရခက်နေသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကိုရိုနာဗိုင်းရပ်စ်ပိုးသည် အချိန်ကြာမြင့်စွာဆက်ရှိနေဦးမည်ဖြစ်ကြောင်း မေလ ၁၃ ရက်နေ့က သတိပေး ပြောကြားထားသည်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံအနေဖြင့် လက်ရှိအနေအထားကို ထိန်းချုပ်ထားပြီး ရောဂါကူးစက်ပြန့်ပွားမှုမတိုးအောင် ဆက်လက်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။ ယခုအခါ ရောဂါကူးစက်ခံရသူများအနက် တစ်ဝက်ကျော်သက်သာပျောက်ကင်းသွားပြီး သေဆုံးသူထပ်မတိုးဘဲ ရောဂါကူးစက်သူအသစ် ကြိုးကြားကြိုးကြား အနည်းအပါးဖြစ်နေသည်ကို ဆက်လက်ထိန်းချုပ်ထားရမည် ဖြစ်သည်။ ရောဂါကူးစက်ခြင်းထပ်မဖြစ်အောင် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်သူလူထုပူးပေါင်းပါဝင်မှုအင်အားများဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါကို ကြောက်စရာဘေးရောဂါအဖြစ် မရှုမြင်ဘဲ ထိုရောဂါကိုအကြောင်းပြု၍ နောင်ဆက်လက်ကြုံတွေ့နေရမည့် ရောဂါဘေးအမျိုးမျိုး၊ စိန်ခေါ်မှုအမျိုးမျိုးတို့ကို ပြည်သူသည်သာ အဓိကဟု ခံယူထားသည့်အတိုင်း ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် နောင်အစဉ်မပြတ် စေတနာ့ဝန်ထမ်း တက်ညီလက်ညီဆက်လက်ကြိုးပမ်း ထမ်းဆောင်နေကြရမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာ အထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် "စောစောရှာ" Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင် ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး ရောဂါကူးစက်ခံရနိုင်မှု အခြေအနေထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်"စောစောရှာ" Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည် ဖြစ်ပါသည်-

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့်ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများသွားလာခဲ့သည့် နေရာများစာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာ ပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင်ဖြစ်စေ၊ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ "စောစောရှာ" Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်း အပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်းအော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လသက်တမ်းရှိသော 1GB အင်တာနက် အခမဲ့အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် "စောစောရှာ" Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည်မဟုတ်ဘဲ COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြားမသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည်မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့်**
**အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့်မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID-19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် "စောစောရှာ" Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

# နောင်တရားဒေသရှိ ကျေးရွာများအား နေရောင်ခြည်စွမ်းအင်သုံး ဆိုလာ ၁၇၉ စုံ ထောက်ပံ့

**နောင်တရား မေ ၁၆**

လျှပ်စစ်မီးသွယ်တန်းရန်ခက်ခဲသည့် တောင်ပေါ်ဒေသကျေးရွာများ၌ လတ်တလောတွင် လျှပ်စစ်မီးလင်းရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာ ၁၇၉ စုံကို မြို့နှင့်ဝေးလံသည့် ကျေးရွာခုနစ်ရွာအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် မွေးပြင်ကျေးရွာအုပ်စု မူးယားမြောက်ကျေးရွာ၌ ယနေ့နံနက် ၁၀ နာရီတွင် ကျေးရွာအရောက် သွားရောက်ထောက်ပံ့ခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် super mighty ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပြီး မွေးပြင်ကျေးရွာအုပ်စု ခြေနားကျေးရွာတွင် ဆိုလာအစုံ ၄၀၊ ညောင်ချဉ်မြောက်ကျေးရွာတွင် ဆိုလာ ၂၂ စုံ၊ ညောင်ချဉ်အရှေ့ကျေးရွာတွင် ဆိုလာ ၁၅စုံ၊ မွေးပြင်ကျောင်းနားကျေးရွာတွင် ဆိုလာ ၁၇ စုံ၊ မူးယားမြောက်ရွာတွင် ဆိုလာ ၂၃စုံ၊ ညောင်ချဉ်တောင်ကျေးရွာတွင် ဆိုလာ ၃၇စုံ၊ မူးယားတောင်ကျေးရွာတွင် ဆိုလာ ၂၅စုံ စုစုပေါင်းကျေးရွာ ခုနစ်ရွာရှိ အိမ်ထောင်စုပေါင်း ၁၇၉ စုအတွက် နေရောင်ခြည်စွမ်းအင်သုံးဆိုလာ ၁၇၉ စုံ ထောက်ပံ့ပေးသည်။

ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်စောအောင်၊ နောင်တရားမြို့အုပ်ချုပ်ရေးမှူး ဦးစိုင်းချမ်းမြေ့ဝင်း၊ ဟိုပုံးမြို့နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောသန်းဌေးတို့က ကျေးရွာများသို့ သွားရောက်ထောက်ပံ့ပေးကြောင်းသိရသည်။



**ခွန်အောင်(နောင်တရား)**

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **ခေတ္တ စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် | **အငယ်တန်း** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် | **သတင်းထောက်များ** | | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း | | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| **သတင်းထောက်မှူး** | - | ဦးမြင့်စိုး | **ဓာတ်ပုံသတင်းထောက်** | - | ဦးခင်မောင်ဝင်း |
| **ဘာသာပြန်စာတည်းများ** | - | ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော် | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| **အကြီးတန်း** | - | ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ | **စာပြင်** | - | ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| **သတင်းထောက်များ** | | ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဒေါ်အေးအေးသင်း၊ ဦးတင်ထွန်းတာနှင့်အဖွဲ့ |
| | | ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်း

**နေပြည်တော်  မေ ၁၆**

နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာသာသနာ့ဗိမာန်တော်ကြီး၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပျဉ်းမနားမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအား ဆွမ်းဆန်တော်လှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီကကျင်းပရာ အဆိုပါ အခမ်းအနားသို့ နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဇေယျာ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသော ဆရာတော်ကြီးငါးပါး ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို အမှူးပြုသော ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် မင်္ဂလာဇေယျာ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို အမှူးပြုသော ဌာနဆိုင်ရာအကြီးအကဲများက လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းကြကာ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အဆိုပါဆွမ်းဆန်တော်လှူဒါန်းပွဲအခမ်းအနားတွင် Coronavirus Disease 2019 (COVID–19)ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နေစဉ်ကာလအတွင်း နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ၁၀ ကျောင်း၊ သီလရှင်ကျောင်း လေးကျောင်းတို့တွင် သီတင်းသုံးနေထိုင်တော်မူကြသော ရဟန်း၊ သာမဏေ ၂၅၉ ပါး၊ သီလရှင် ၉၆ ပါး၊ ပုဗ္ဗသီရိမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ခြောက်ကျောင်း၊ သီလရှင်ကျောင်း သုံးကျောင်းတို့တွင် သီတင်းသုံးနေထိုင်တော်မူကြသော ရဟန်း၊ သာမဏေ ၃၂၂ ပါး၊ သီလရှင် ၁၄၈ ပါး စုစုပေါင်း ဘုန်းတော်ကြီးကျောင်း ၁၆ ကျောင်း၊ သီလရှင်ကျောင်း ခုနစ်ကျောင်းရှိ ရဟန်း၊ သာမဏေ ၅၈၁ ပါး၊ သီလရှင် ၂၄၄ ပါးတို့ကို ဆွမ်းဆန်တော် ၁၆၁ အိတ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နေပြည်တော်ရှိပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အဆောက်အအုံများအတွင်း ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

**❑ ရှေ့ဖုံးမှ**

(LUF 60) Robotic Fire Fighting Vehicle နှစ်စီးတို့ဖြင့် ဆောင်ရွက်ခဲ့သည်။ ထို့အပြင် နေ့စဉ် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကိုလည်း နေပြည်တော်ကောင်စီနယ်မြေအတွင်း ကန့်သတ်စောင့်ကြည့်နေရာများကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်ရာသို့ ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ လိုက်လံကြည့်ရှု ကြီးကြပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

### အကြမ်းမဖက်ရ၊ မခြိမ်းခြောက်ရ

facebook



**✻ စင်ကာပူနိုင်ငံမှ**

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာသံရုံး၊ စင်ကာပူမြို့နှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်းလျက် စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေကြသဖြင့် မြန်မာနိုင်ငံသို့ ပြန်လိုသော မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေးလေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်လျက်ရှိရာ ပထမအသုတ်အဖြစ် ၁၄၄ ဦးအား မေ ၇ ရက်တွင်လည်းကောင်း၊ ဒုတိယအသုတ်အဖြစ် ၁၄၄ ဦးအား မေ ၉ ရက်တွင် လည်းကောင်း၊ တတိယအသုတ်အဖြစ် ၁၄၅ ဦးအား မေ ၁၃ ရက်တွင်လည်းကောင်း ပြန်လည်ခေါ်ဆောင်ခဲ့ပြီးဖြစ်သည့်အတွက် ယနေ့စတုတ္ထအသုတ်အပါအဝင် စုစုပေါင်း ၅၇၇ ဦးအား ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ မေ ၂၁ ရက်တွင် ပဉ္စမအသုတ်အဖြစ် မြန်မာနိုင်ငံသား ၁၄၆ ဦးခန့်အား ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ လမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေတို့ကို Video Conferencing ဖြင့် ချိတ်ဆက် ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၁၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းနှင့် တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်မှ ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ လမ်း၊ တံတားနှင့် ကျေးလက်လမ်း လမ်း၊ တံတားဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှု တို့ကို စီမံကိန်းလုပ်ငန်းနေရာများနှင့် Video Conferencing ဖြင့် တိုက်ရိုက် ချိတ်ဆက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

**အဆင့်မြှင့်တင်**

ရှေးဦးစွာ လမ်းဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးကျော်သီဟက ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်းရှိ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း လမ်း၊ တံတား အဆင့်မြှင့်တင်ဆောင်ရွက်နေမှု၊ လမ်းအထူးအဖွဲ့ သုံးဖွဲ့၊ တံတားအထူးအဖွဲ့ နှစ်ဖွဲ့နှင့် ခရိုင် သုံးခရိုင်တို့မှ ကတ္တရာလမ်းခင်းခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ မူလ ၁၂ ပေ အကျယ် ကတ္တရာလမ်းအား ၁၈ ပေ အကျယ်၊ ၂၄ ပေ အကျယ် တိုးချဲ့ဆောင်ရွက်ခြင်း၊ ကတ္တရာလမ်းသစ်ခင်းခြင်း၊ မြေသားတာပေါင်ချဲ့ခြင်း၊ သံကူကွန်ကရစ်တံတားများနှင့် ရေထုတ်ပြွန်များ တည်ဆောက်ခြင်းလုပ်ငန်း များ ဆောင်ရွက်ထားရှိမှု၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများနှင့် လှူဒါန်းထောက်ပံ့မှုတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မိတ္ထီလာ - တောင်ကြီး - ကျိုင်းတုံ - တာချီလိတ်လမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှု တို့ကို Video Clip ဖြင့် ပြသသည်။

ယခုအခါ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း လမ်းများတိုးတက်မှုအနေဖြင့် ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း ၁၁၇ မိုင် ၃ ဖာလုံ တိုးတက်လာခဲ့ပြီး တံတားများအနေဖြင့် သံကူကွန်ကရစ်၊ သံမဏိသံပေါင်တံတား တည်ဆောက်ပြီးစီးမှုမှာ ယခုအခါ ၉၉ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း သိရသည်။

ထို့နောက် ရှမ်းပြည်နယ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော်က ရှမ်းပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော အိမ်ရာစီမံကိန်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီး ဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်ထွန်းက ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် ကတ္တရာလမ်း ၃၀ မိုင် ၃ ဖာလုံ၊ ကျောက်လမ်း ၂၈ မိုင် ၇ ဖာလုံ၊ မြေလမ်း ၄၆ မိုင် ၆ ဖာလုံ ဆောင်ရွက်လျက်ရှိရာ ၆၅ ဒသမ ၅၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှု၊ ကွန်ကရစ်တံတားအနေဖြင့် စုစုပေါင်း ၄၃ စင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ လုပ်ငန်းပြီးစီးမှုမှာ ၆၁ ဒသမ ၇၁ ရာခိုင်နှုန်း ပြီးစီးမှုကိုလည်းကောင်း၊ တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်တွင် Pilot Project ဖြင့် အင်းလေးကန် အနောက်ပတ်လမ်း၊ ခေါင်တိုင်-အင်းတိမ်-မော့်ဘီလမ်း ၂၆ မိုင်အနက် ၂၁ မိုင် ၃ ဖာလုံ ကတ္တရာလမ်း ဆောင်ရွက်ပြီးစီးမှု၊ ကတ္တရာခင်းရန် ကျန်ရှိသော ၄ မိုင် ၅ ဖာလုံအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းတစ်ခုလုံး ၉၉ ရာခိုင်နှုန်း ပြီးစီးမှုကိုလည်းကောင်း၊ ဆက်လက်၍ ဂျာမနီနိုင်ငံ ဂျာမန်ဖွံ့ဖြိုးရေးဘဏ် (KfW) ထောက်ပံ့ငွေဖြင့် တောင်ကြီးခရိုင် ပင်လောင်းမြို့နယ်အတွင်းရှိ လည်းကုန်း - မိုးနဲသရဖူ - ကျားတွန် - အင်းတိမ် လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ၁၁ မိုင် ၇ ဖာလုံ၊ နောင်ပိ - တီလုံ - မိုးဦး၊ နမ့်ဖာမူလမ်း ကတ္တရာခင်းလုပ်ငန်း ၂၀ မိုင် ၃ ဖာလုံ လွိုင်လင်ခရိုင်၊ လွိုင်လင် မြို့နယ်အတွင်းရှိ မင်္ဂလာဦး - တီပေးလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ၁ မိုင် ၃ ဖာလုံ စုစုပေါင်း ၃၃ မိုင် ၅ ဖာလုံအား ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းတစ်ခုလုံး ၆၅ ရာခိုင်နှုန်း ပြီးစီးမှုတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြပြီး လုပ်ငန်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုတို့ကို Video Clip ဖြင့် ပြသသည်။

ဆက်လက်၍ တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၄)မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးမြင့်နိုင်ဦးက မန္တလေး - လားရှိုး - မူဆယ်လမ်း မိုင်တိုင် (၈၄) ရှိ ယခင်ဂုတ်တွင်းတံတားဟောင်းအား ၂၀၁၉ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် မိုင်းခွဲဖျက်ဆီးခံခဲ့ရမှုကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန၏ လမ်းညွှန်ချက်ဖြင့် ယာယီဘေလီတံတားအား ငါးရက်အတွင်း အပြီးတည်ဆောက်ထားရှိမှု၊ ယခုယာယီတံတားနေရာတွင် ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းသွားလာနိုင်ရန်အတွက် အရှည်ပေ ၂၁၀ နှစ်လမ်းသွား ကွန်ကရစ် တံတားသစ်တည်ဆောက်နေမှုနှင့် ယခုအခါ တံတားတစ်စင်းလုံး ၆၀ ရာခိုင်နှုန်း ပြီးစီးမှု အခြေအနေတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။ ယင်းနောက် တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုတို့ကို Video Clip ဖြင့် ပြသသည်။

ထို့နောက် တံတားအထူးအဖွဲ့ (၁၂) မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးသန့်ဇင်က မိတ္ထီလာ - တောင်ကြီး - ကျိုင်းတုံ - တာချီလိတ်လမ်းပေါ်ရှိ အရှည် ၃၅၁ မီတာ သံလွင်မြစ်ကူးတံတား (တာကော်) တည်ဆောက်နေမှုနှင့် လုပ်ငန်းပြီးစီးမှုတို့ကိုလည်းကောင်း၊ မိုင်းနောင် - မိုင်းရှူးလမ်းပေါ်ရှိ အရှည် ၁၃၀ မီတာ နန့်ပန်ချောင်းတံတား (မိုင်းရှူး) လုပ်ငန်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုတို့ကို ရှင်းလင်းတင်ပြပြီး Video Clip ဖြင့် ပြသသည်။

ယင်းနောက် တံတားတည်ဆောက်ရေးအဖွဲ့(၃)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ထိုက်က သံလွင်တံတားတည်ဆောက်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး Video Clip ဖြင့် ပြသသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး တို့က ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ဆောင်ရွက်နေသည့် လမ်းဦးစီး၊ တံတားအထူးအဖွဲ့များ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနများအနေဖြင့် ကိုဗစ်-၁၉ ကာလအတွင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် တိုးတက်မှုတို့ကို တွေ့မြင်ရသည့်အတွက် ဝမ်းသာဂုဏ်ယူပါကြောင်း၊ ဆက်လက်၍ လုပ်ငန်းတိုးတက်မှုရှိအောင် ကြိုးစားဆောင်ရွက်စေလိုပါကြောင်း၊ လုပ်ငန်းများ သတ်မှတ်အချိန်မီ ပြီးစီးရေးနှင့် အရည်အသွေးကောင်းရန် လိုအပ်ပါကြောင်း၊ ယခုအခါ ရာသီဥတုပူပြင်းသည့်အတွက် လမ်း၊ တံတား လုပ်ငန်းများဆောင်ရွက်သည့် ကာယ၊ ဉာဏလုပ်သားများ၊ အင်ဂျင်နီယာ ဝန်ထမ်းများ ကျန်းမာရေးဂရုပြုဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သဘာဝ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ယခုအချိန်မှစ၍ ပြင်ဆင် ဆောင်ရွက်ထားရန် လိုပါကြောင်း၊ တောင်ပေါ်လမ်းများဖြစ်သည့်အတွက် ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းများ၊ ရေပြွန်များကို အထူးဂရုပြုဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးမပြတ်စေရေး တာဝန်ရှိသူများက အမြဲမပြတ်စစ်ဆေးဆောင်ရွက်ပေးရန်၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများက ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန် လိုအပ်ပါကြောင်း၊ ဆက်လက်၍ လုပ်ငန်းများတိုးတက်ရန် ညီညီညွတ်ညွတ်ဖြင့် ကြိုးစားဆောင်ရွက်သွားရန် တို့ကို မှာကြားသည်။

**သတင်းစဉ်**

# နေပြည်တော် ဟိုတယ်လုပ်ငန်းရှင်များအသင်းက နေပြည်တော်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများ၊ ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဟိုတယ်ဝန်ထမ်းများသို့ ထောက်ပံ့ပစ္စည်းများ ပေးအပ်



**နေပြည်တော် မေ ၁၆**

နေပြည်တော် ဟိုတယ်လုပ်ငန်းရှင်များအသင်းက ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း နေပြည်တော်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများ၊ ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဟိုတယ်ဝန်ထမ်းများသို့ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တုံဂပူရိဟိုတယ်၌ ကျင်းပသည်။

**လက်ခံရယူ**

ရှေးဦးစွာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန နေပြည်တော်ရုံးခွဲတာဝန်ခံ ဒေါက်တာသန့်ဇော်က ကျန်းမာရေးဝန်ထမ်းများအတွက် လိုအပ်သည့် အထောက်အကူပြုပစ္စည်းများကိုလည်းကောင်း၊ နေပြည်တော် ဟိုတယ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်မင်းထွန်းက ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ နှာခေါင်းစည်း ၁၀၀၀ ကိုလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် အသင်းတာဝန်ရှိသူများက ဟိုတယ်ဝန်ထမ်းမိသားစုဝင်များအတွက် အခြေခံစားသောက်ကုန်များကို ဆက်လက် ပေးအပ်သည်။

**ထောက်ပံ့လှူဒါန်း**

ယနေ့ နေပြည်တော်ဟိုတယ်လုပ်ငန်းရှင်များအသင်းက ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် အခြေခံစားသောက်ကုန် ထောက်ပံ့လှူဒါန်းငွေ စုစုပေါင်းတန်ဖိုး ၁၄၂ သိန်းကျော်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ထိန်နန်နေဘ်**

# ပန်းဆိုးတန်း-ဒလသွား ချယ်ရီသင်္ဘောများ မေ ၁၈ ရက်မှစတင်ပြီး အခေါက်ရေ ၃၀ ပြေးဆွဲမည်

**ရန်ကုန် မေ ၁၆**

စီးပွားရေးမြို့တော် ရန်ကုန်မြို့သို့ ကူးသန်းသွားလာရာတွင် ဝင်ပေါက်၊ ထွက်ပေါက်နေရာတစ်ခုဖြစ်သည့် ဒလမြို့နယ် သင်္ဘောဆိပ်ကမ်းမှတစ်ဆင့် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များရှိ ပြည်သူများနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရီးသွားပြည်သူများစွာတို့ကို ရန်ကုန် (ပန်းဆိုးတန်း-ဒလ) ကူးတို့ဆိပ်ကမ်း၌ ပြေးဆွဲနေသော ချယ်ရီရေယာဉ်သင်္ဘော သုံးစင်းဖြင့် အလှည့်ကျ နေ့စဉ်ပို့ဆောင်ပေးလျက်ရှိရာ ခရီးသွားပြည်သူများ အဆင်ပြေစေရေးအတွက် မေ ၁၈ ရက်မှစတင်ပြီး သင်္ဘောအခေါက်ရေ ၃၀ နှုန်းဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲမှ သိရသည်။

ရန်ကုန်(ပန်းဆိုးတန်း)ဆိပ်ကမ်း မန်နေဂျာ ဒေါ်ခင်ခင်နုက " ကိုဗစ်-၁၉ ရောဂါ အခြေအနေကြောင့် ခရီးသည်က ပုံမှန်မသွားသေးဘူး။ ဒလဘက်က အသွား ၄၀၀၀ ကျော်နဲ့ ရန်ကုန်ဘက်က အပြန် ၄၀၀၀ ကျော်လောက်ပဲ သွားလာကြတယ်။ တစ်ရက်ကို ခရီးသည်သွားလာမှုဆိုရင် ၉၀၀၀ နီးပါးလောက်ပဲရှိတယ်။ အရင်တုန်းက သင်္ဘောခရီးစဉ် ၄၆ ခေါက်နှုန်းနဲ့ ပြေးဆွဲချိန်က ခရီးသည် ၃၀၀၀၀ ကျော် သွားလာမှုရှိလို့ ခရီးသည်သွားလာမှု အလွန်နည်းပါတယ်။ ဝန်ထမ်းအများစုနဲ့ အလုပ်သမားအများစုပဲ ကူးသန်းသွားလာမှုများကြတယ်။ မေ ၁၈ ရက်ကစပြီးတော့ သင်္ဘောခရီးစဉ်ကို အခေါက်ရေ ၃၀ နှုန်းနဲ့ ပြေးဆွဲပေးသွားမှာဖြစ်ပါတယ်"ဟု ယနေ့မွန်းလွဲ ၃ နာရီက ပြောကြားခဲ့သည်။

လက်ရှိအချိန်၌ ရန်ကုန်(ပန်းဆိုးတန်း-ဒလ) ကူးတို့ဆိပ်ကမ်းရှိ ချယ်ရီရေယာဉ် သင်္ဘော သုံးစင်းဖြင့် အလှည့်ကျ နေ့စဉ် နံနက် ၅ နာရီခွဲမှ ည ၇ နာရီခွဲထိ သင်္ဘောအခေါက်ရေ ၂၄ ခေါက်နှုန်းဖြင့် အစိုးရဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ပုဂ္ဂလိကဝန်ထမ်းများနှင့် အနယ်နယ်အရပ်ရပ်ရှိ ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ခရီးစဉ်များကို ပြေးဆွဲပေးလျက်ရှိသည်။

လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် Stay at Home ကာလ သင်္ကြန်ရက်များအတွင်း ဧပြီ ၁၀ ရက်မှ ၁၉ ရက်အထိ သင်္ဘောခရီးစဉ်ကို လေးခေါက်နှုန်းမှ ခုနစ်ခေါက်နှုန်းအထိသာ ပြေးဆွဲပြီး ဧပြီ ၂၀ ရက် ရုံးဖွင့်ရက်မှစတင်၍ မေ ၁၇ ရက်အထိ သင်္ဘောခရီးစဉ်ကို ၂၄ ခေါက်နှုန်းဖြင့် ပြေးဆွဲလျက်ရှိရာ မေ ၁၈ ရက်မှစတင်ပြီး နေ့စဉ် နံနက် ၅ နာရီခွဲမှ ည ၈နာရီအထိ အခေါက်ရေ ၃၀ နှုန်းဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

## စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်

ဒီနေ့အချိန်အခါဟာ ကျွန်မတို့နိုင်ငံမှာ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်လာတဲ့ အချိန်အခါလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုသားချင်းများ တစ်ဦးချင်းစီရဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊ လုံ့လဝီရိယ၊ ရိုးသားဖြောင့်မတ်မှု စတဲ့အရည်အချင်းများ ပိုမိုမြင့်မား၊ ခိုင်မာလာအောင် တည်ဆောက်ရမယ့်အချိန် ဖြစ်ပါတယ်။ ဒါ့အပြင် အချင်းချင်း ရိုင်းပင်းကူညီမှု၊ ချစ်ခင်လေးစားမှုများကိုအခြေခံပြီး ငြိမ်းချမ်းရေးကို အရယူနိုင်တဲ့ပုဂ္ဂိုလ်တွေ ဖြစ်စေချင်ပါတယ်။

*[နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင်ကျင်းပသည့် သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနား၌ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက် ]*



## ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အစည်းအဝေးကျင်းပ

**ပဲခူး မေ ၁၆**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အစည်းအဝေး ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက မကြာမီ ကျောင်းဖွင့်ရာသီကို ပြန်လည်ရောက်ရှိလာတော့မည်ဖြစ်၍ အခြေခံပညာ စာသင်ကျောင်းများတွင် ပြုလုပ်ထားသည့် ကန့်သတ်စောင့်ကြည့်နေရာများတွင် ယခု ဝင်ရောက်လာနေသူများမှလွဲ၍ ထပ်မံထားရှိရန် လိုအပ်ပါက ပြည်ထောင်စုဝန်ကြီးဌာနပိုင် အဆောက်အအုံများ၊ အဆင့်မြင့် ပညာရေးဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ ဒီဂရီကောလိပ် အဆောက်အအုံများတွင်သာ ထားရှိသွားရန်၊ ကန့်သတ်စောင့်ကြည့်နေရာများ ပြုလုပ်ထားသည့် အခြေခံပညာကျောင်းများအားလုံးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်း ပိုးသတ်ဆေးဖျန်းခြင်းကို ဇွန် ၁၅ ရက်အပြီး ဆောင်ရွက်သွားရန်၊ ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာများအား သယ်ယူပို့ဆောင်ရန် နည်းလမ်းများကို ကျန်းမာရေးညွှန်ကြားချက်များအတိုင်း ဌာနဆိုင်ရာ၊ အုပ်ချုပ်ရေးနှင့် စေတနာ့ဝန်ထမ်းများအား ပူးပေါင်းဆောင်ရွက်ခြင်း၊ အသိပညာပေးခြင်းကိုလည်း အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ကော်မတီဝင်များက နေရပ်ပြန်လာသူများအား ကန့်သတ်စောင့်ကြည့်နေရာများ ထားရှိမှုအခြေအနေ၊ သယ်ယူပို့ဆောင်မှုအခြေအနေ၊ နေရာများအလိုက် ပံ့ပိုးဆောင်ရွက်ပေးရမည့်အခြေအနေ၊ စေတနာ့ဝန်ထမ်းများအား ပံ့ပိုးဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ အခြေခံလက်လုပ်လက်စားများအား နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များနှင့်အညီ ထပ်မံကူညီပံ့ပိုးပေးသွားမည့် အခြေအနေများအား ရှင်းလင်းတင်ပြခဲ့ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့သည်။

**တင်စိုး(ပဲခူး)**

## ဒက္ခိဏသီရိမြို့နယ်၌ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်



**နေပြည်တော် မေ ၁၆**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဒိုးနွယ်ကျေးရွာတွင် ယမန်နေ့ နံနက် ၂ နာရီ ၂၅ မိနစ်တွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါကျေးရွာရှိ သန္တိသုခရွှေမေတ္တာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် နောင်ရိုးနည်းပညာကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးရဲထွဋ်တင်တို့ လှူဒါန်းသည့် ထောက်ပံ့ငွေကျပ် ၁၈ သိန်းကို မီးဘေးသင့်အိမ်ထောင်စု ၁၅ စုထံ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်းနှင့် တာဝန်ရှိသူများက ပေးအပ်ကြသည်။

**အားပေးစကားပြောကြား**

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မီးဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားပြီး မီးလောင်မှုဖြစ်ပွားရာနေရာသို့ သွားရောက်ကြည့်ရှုကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုသည်။

အလားတူ ဒိုးနွယ်ကျေးရွာ မီးဘေးသင့်ပြည်သူများအား နေပြည်တော်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါ Kit Box များ၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၂၃ သိန်းနှင့် ဆန်ရိက္ခာဖိုးငွေကျပ် ၁၀၂၉၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဇော်မင်းလွင် (ပြန်/ဆက်)**



## ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင် လမ်းများအဆင့်မြှင့်တင်ဆောင်ရွက်ရေး ကွင်းဆင်းကြည့်ရှု

**မြစ်ကြီးနား မေ ၁၆**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်အတွင်းရှိ လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

**ညှိနှိုင်းဆောင်ရွက်**

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့နယ် ရွှေစက်ရပ်ကွက်ရှိ မိခင်လမ်းကို ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခင်းကျင်းနိုင်ရေးအတွက် ရပ်မိ ရပ်ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ရွှေစက်ရပ်ကွက် လော်ဝေါ်နှစ်ခြင်းကျမ်းစာသင်ကျောင်းအတွင်း ကွန်ကရစ်လမ်းခင်းကျင်းဆောင်ရွက်ပြီးစီးမှုနှင့် ကရိန်နေ့ဝ်အပန်းဖြေစခန်းဆောက်လုပ်သွားနိုင်ရေး၊ ရွှေစက်ရပ်ကွက် လမ်းသွယ်(၁၆)၊ လမ်းသွယ်(၂၄) ကတ္တရာလမ်းခင်းနေသည့် အခြေအနေနှင့် အေးမြသာယာရပ်ကွက်လမ်းများ ဖောက်လုပ်ပြီးစီးနိုင်ရေး ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ကရင်ပြည်နယ်ဝန်ကြီးချုပ် ကမမောင်းမြို့ဖွံ့ဖြိုးရေး ကြည့်ရှုစစ်ဆေး

**ကမမောင်း မေ ၁၆**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၉ နာရီက ကမမောင်းမြို့ အမှတ်(၄)ရပ်ကွက် ကိုးနဝင်းဘုန်းတော်ကြီးကျောင်း ဆရာတော်ဘဒ္ဒန္တကုသလအား ဝင်ရောက်ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ကိုးနဝင်းဘုန်းတော်ကြီးကျောင်းရှိ တောင်ပေါ်ရပ်ဝေးမှ ကျောင်းသား ကျောင်းသူ ၄၃၀ အတွက် ကရင်ပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဆန်ရိက္ခာဖိုး ထောက်ပံ့ခွင့်ပြုငွေကျပ် သိန်း ၃၀၀ အနက်မှ ဒုတိယအကြိမ် ငွေကျပ် သိန်း ၁၅၀ ကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်က ဆရာတော်ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှတ်(၃)ရပ်ကွက် သီရိဓမ္မတောရကျောင်း ကျောင်းထိုင်ဆရာတော် ဦးကောသလ္လအား ဝင်ရောက်ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကမမောင်းမြို့ အမှတ်(၂)ရပ်ကွက် ရောလမ်းနှင့် ကံ့ကော်လမ်းဆုံထောင့်၌ နှစ်စဉ် ရေကြီးရေလျှံမှုဖြစ်ပွားသည့် မြို့တွင်းတူးမြောင်းနေရာအား ကြည့်ရှုစစ်ဆေး၍ ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ပြည်နယ်(ပြန်/ဆက်)**



ကြေးမုံ
မေ ၁၇၊ ၂၀၂၀

# ကိုဗစ်-၁၉ ကပ်ရောဂါနှင့်အတူ ယှဉ်တွဲသတိထားကြရမည့် အပူချိန်မြင့်မားခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများ

သန်းဖြိုးနိုင်

ယနေ့အချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါကပ်ဘေးကို အခြားနိုင်ငံများနည်းတူ ခံစားကြရလျက်ရှိရာ ထိုရောဂါကို ထိန်းချုပ်ရေး၊ ကုသရေး၊ ကြိုတင်ကာကွယ်ရေးကိစ္စများကို အစိုးရနှင့်ပြည်သူပူးပေါင်းကာ အပူတပြင်း အလေးထားလုပ်ဆောင်လျက်ရှိသည်။ ထိုနည်းတူ အခြားတစ်ဖက်တွင်လည်း နိုင်ငံအတွင်း အချို့မြို့ရွာဒေသများတွင် နေ့အပူချိန်များ မြင့်တက်လာမှုကြောင့် နောက်ဆက်တွဲပေါ်ပေါက်လာသည့် ဆိုးကျိုးများကို ထိခိုက်ခံစားကြရလျက်ရှိသည်။ ယခုရက်ပိုင်းတွင်လည်း နေ့အပူချိန်မြင့်မားမှုကြောင့် နောက်ဆက်တွဲဆိုးကျိုးများဖြစ်ပေါ်လျက်ရှိရာ ကျွန်ုပ်တို့ပြည်သူများအနေဖြင့် မိမိတို့တစ်ဦးချင်းစီအတွက်လည်းကောင်း၊ မိသားစုတစ်စုချင်းစီအတွက်လည်းကောင်း၊ မိမိတို့ရုံး၊ အလုပ်ရုံ၊ စက်ရုံဝန်းကျင်၊ ကျေးရွာရပ်ကွက်များအလိုက်သော်လည်းကောင်း အထူးဂရုပြုနေထိုင်လုပ်ကိုင်သွားလာကြရန် လိုက်နာရမည့်အချက်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့က ထုတ်ပြန်ကြေညာထားသည့်အချက်များကို ကိုးကားအခြေခံပြီး စာရေးသူအနေဖြင့် ထပ်မံမျှဝေသွားမည်ဖြစ်ပါသည်။

**နေ့အပူချိန်များစံချိန်တင်မြင့်တက်လာခဲ့**

အပူချိန်မြင့်မားမှုထဲတွင် မေလ ၈ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့်ချောက်မြို့၏ အပူချိန်သည်လွန်ခဲ့သည့် ၅၂ နှစ်အတွင်း အပူဆုံးအဖြစ် ပထမဦးဆုံးစံချိန်သစ်တင်မြင့်တက်ခဲ့သည်။ ချောက်မြို့တွင် လွန်ခဲ့သည့်နှစ်တွင် ၄၇ ဒသမ ၁ စင်တီဂရိတ်သာမြင့်တက်ခဲ့ရာမှ ယခုနှစ်တွင်မူ ၄၇ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အထိ ရှိလာခဲ့သည်။ ချောက်မြို့ကဲ့သို့ပင် မြန်မာနိုင်ငံတစ်ဝန်းရှိ အခြားသောမြို့များ၊ ဒေသများတွင်လည်း အပူချိန်များမြင့်တက်ခဲ့သည်ကို တွေ့ရသည်။ ယခင်သမိုင်းကြောင်းများအရ ကမ္ဘာ့အပူချိန်တက်နှုန်းများကို မိုးလေဝသပညာရှင်များက လေ့လာကြည့်ရာတွင် အပူချိန် ၁ ဒီဂရီစင်တီဂရိတ်တက်ရန် ၁၀ နှစ်ကြာသည်ဟု ဖတ်ခဲ့ရဖူးသည်။ သို့သော် ကျွန်ုပ်တို့နိုင်ငံအတွက်မူ ယခုသုံးနှစ်တာကာလအတွင်းတွင် အပူချိန် ၂ ဒီဂရီစင်တီဂရိတ် ပိုမိုမြင့်တက်လာသည်ဟု လေ့လာသူများက ဆိုကြသည်။ ကျန်းမာရေးနယ်ပယ်မှ တတ်သိကျွမ်းကျင်သူ ဆရာဝန်များ၏အဆိုအရ အပူချိန် ၁ ဒီဂရီတက်လာတိုင်း ပျမ်းမျှအသက် နှစ်နှစ်လျော့ကျစေသည်ဟုဆိုထားရာ ယခုလက်ရှိကျွန်ုပ်တို့ နိုင်ငံရှိလူမျိုးများ၏ ပျမ်းမျှအသက်သည် ကျား ၅၃၊ မ ၅၇ ဖြစ်ရာ အပူချိန် ၂ ဒီဂရီစင်တီဂရိတ်မြင့်တက်လာမှုကြောင့် သက်တမ်းအားဖြင့် လေးနှစ်ခန့်ထပ်မံလျော့ကျဖွယ်ရှိသည်ဟုလည်း ဆိုထားသည်ကို တွေ့ရပြန်သည်။ သို့အတွက် နေ့အပူချိန်မြင့်တက်နေမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲဆိုင်ရာ ကျန်းမာရေးပြဿနာများ၊ သဘာဝဘေးအန္တရာယ်များနှင့် ရေခန်းခြောက်ခြင်း၊ ရေရှားပါးခြင်းများဖြစ်ပေါ်လာနိုင်သည်ကို သတိထားပြီး ဂရုပြုနေထိုင်ကြရန်အရေးကြီးလာပါသည်။

**ကျန်းမာရေးဆိုင်ရာပြဿနာများနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များ**

အပူရှိန်မြင့်မားမှုကြောင့် ကျန်းမာရေးဆိုင်ရာပြဿနာများ ပိုမိုခံစားရပြီး နောက်ဆုံး အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။ အပူရှိန်မြင့်မားသည့် နွေရာသီကာလတွင် ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ခံစားရလေ့ရှိရာ ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်တွင် ပိုမိုသတိပြုနေထိုင်ရန်လိုအပ်ပြီး ပူပြင်းသည့် နွေရာသီနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရန်လည်း လိုအပ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက သတိပေးချက်ထုတ်ပြန်ထားခဲ့သည်။ ၎င်းဌာနအနေဖြင့် နွေရာသီကာလ အပူဒဏ်ခံစားရမှုများမှ လျော့နည်းသက်သာစေရန်အတွက် ယခင်နှစ်က အပူရှောင်စခန်းများဖွင့်လှစ်ပေးခဲ့ပြီး ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် လူစုလူဝေးများ မဖြစ်စေရေးအတွက် အပူရှောင်စခန်းများကို ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော်လည်း သောက်သုံးရေများဖြန့်ဝေခြင်း၊ ရေတွင်း၊ ရေကန်ငယ်များတူးဖော်ပြုပြင်ပေးခြင်း၊ ရေသိုလှောင်ထိန်းသိမ်းနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအပါအဝင် အခြားဌာနအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့ကြောင့် ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့

> **အပူရှိန်မြင့်မားမှုကြောင့် ကျန်းမာရေးဆိုင်ရာပြဿနာများ ပိုမိုခံစားရပြီး နောက်ဆုံးအသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။ အပူရှိန်မြင့်မားသည့် နွေရာသီကာလတွင် ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ခံစားရလေ့ရှိရာ ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်တွင် ပိုမိုသတိပြုနေထိုင်ရန်လိုအပ်ပြီး ပူပြင်းသည့်နွေရာသီနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရန်လည်း လိုအပ်။**

အပူရှိန်ပြင်းထန်ချိန်တွင် အရိပ်ရ၍ အေးမြသောနေရာများတွင် နေထိုင်ကြပြီး အဆောက်အအုံများ၌ လေဝင်လေထွက်ကောင်းမွန်စေရေးဆောင်ရွက်ရန်၊ ရေများများသောက်ရန်၊ နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ရန်၊ အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များ ဝတ်ဆင်ရန်၊ အပူရှိန်ပြင်းထန်သည့်အချိန်များတွင် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများကို မော်တော်ကားအတွင်း၊ အလုံပိတ်ထားသည့်အခန်းများအတွင်း တစ်ဦးတည်းထားခဲ့ခြင်းမှ သတိပြုရှောင်ရှားရန်၊ နေ့လယ်နေ့ခင်းအချိန်များ၌ ကလေးငယ်များကို အဆောက်အအုံများ၏ပြင်ပ နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့သောနေရာများတွင် လှုပ်ရှားကစားခြင်းမျိုး မပြုစေရန်၊ ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ရှားရန်၊ မလိုအပ်ဘဲ လျှပ်စစ်မီးလုံး၊ မီးချောင်းများဖွင့်ထားခြင်း မပြုရန်၊ ပူပြင်းခြောက်သွေ့မှု လွန်ကဲသောကြောင့် ဖြစ်ပေါ်တတ်သည့်မီးဘေးအန္တရာယ်ကို သတိပြုရန်၊ မလိုအပ်ဘဲ ရေများ လေလွင့်ပြုန်းတီးမှုမရှိစေရေး အထူးသတိပြုဆောင်ရွက်ရန် ထိခိုက်လွယ်သည့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များကို ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့နေချိန် အပူရှိန်ပြင်းထန်သည့်ကာလတွင် ပိုမိုထိခိုက်ခံစားရခြင်းနှင့် အသက်ဆုံးရှုံးခြင်းများမရှိစေရန် အိမ်ထဲ၌သာ နေစေခြင်းဖြင့် ကာကွယ်စောင့်ရှောက်ရန် စသည့်အချက်များကို ထုတ်ပြန်နှိုးဆော်ထားသည်ကို တွေ့ရသည်။

**သဘာဝဘေးအန္တရာယ်များနှင့် ဆောင်ရန်၊ ရှောင်ရန်များ**

ယခုရက်ပိုင်း မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကာလဖြစ်သည့်မေလအတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ၊ ညနေပိုင်းများတွင် မိုးတိမ်တောင်များ ဖြစ်ပေါ်လာပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာဒေသတစ်လျှောက်တွင် လေပြင်းတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းမိုးရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျားမိုးထစ်ချုန်းရွာခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိနေပါသည်။ ထိုဖြစ်စဉ်များအနက်မှ အချို့ကိုကောက်နုတ်တင်ပြရလျှင်မေလ ၂ ရက်နေ့တွင် တိုက်ခတ်သည့်လေပြင်းကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ငါးခုတွင်အိမ်နှင့် အဆောက်အအုံပေါင်း ၅၀၀ ခန့် ပျက်စီးခဲ့သည်။ မေလ ၆ ရက်နေ့ မွန်းလွဲပိုင်းတွင် မကွေးမြို့တွင် မိုးသက်လေပြင်းတိုက်ပြီး နေအိမ်တချို့ အမိုးလန်ပျက်စီးခဲ့ကာ သစ်ပင်များနှင့် ဓာတ်တိုင်များ ကျိုးကျခဲ့ရသည်။ မကွေးတိုင်းဒေသကြီးတွင်ပင် ပြီးခဲ့သည့်ဧပြီလအတွင်းကလည်း လေပြင်းတိုက်ခတ်မှု ၃၃ ကြိမ် ဖြစ်ပွားခဲ့ပြီး လူနေအိမ် ၁၇ လုံးပြိုကျကာ အိမ်ခြေ ၆၃၅လုံးနှင့် ဘာသာရေးအဆောက်အအုံ ရှစ်လုံး တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ကြောင်း သိရသည်။ ဆင်ပေါင်ဝဲမြို့တွင်လည်း မေလ ၆ ရက်နေ့က လေပြင်းတိုက်ခတ်၍ နေအိမ် ၈၀ ကျော်နှင့် ဘုရားစေတီများ ပြိုကျပျက်စီးခဲ့ကြောင်း သိရ သည်။ မေလ ၈ ရက်နေ့တွင်မူ ရေတာရှည်၊ ထန်းတပင်နှင့် အုတ်တွင်းမြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ မိုးသက် လေပြင်းကျ၍ အိမ်အလုံး ၄၀၀ နီးပါး ပျက်စီးခဲ့ရပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ အခြားဒေသများတွင်လည်း လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်ခဲ့သည်။ မေလ ၁၀ ရက်နေ့တွင် ရမည်းသင်းမြို့တွင် လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဓာတ်တိုင်များ၊ သစ်ပင်များလဲကျမှု အပါအဝင် ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့သည်။ အလားတူ အဝေးပြေးလမ်းမကြီး အမြန်လမ်း ၁၁၅ မိုင် ယာဉ်ရပ်နားစခန်းအနီး မိုးသက်လေပြင်းနှင့်အတူ မေလ ၁၀ ရက်နေ့ ညနေ ၃ နာရီခန့်က မိုးသီးများ ကျဆင်းခဲ့သည့်အပြင် မေလ ၁၁ ရက်နေ့တွင်လည်း မိတ္ထီလာ၊ မန္တလေးမြို့ဝန်းကျင်တွင် မိုးသက်လေပြင်းများ ကျခဲ့သည့်သတင်းများကို တွေ့ရသည်။ သို့အတွက် ယခုကာလတွင် အချိန်မရွေး လေပြင်းကျရောက်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်လာနိုင်ရာ မိမိတို့ နေထိုင်ရာအဆောက်အအုံများမှာလည်း ပျက်စီးခြင်း၊ လမ်းမများပေါ်တွင်လည်း သစ်ပင်များ ကျိုးကျခြင်းများ ဖြစ်ပေါ်လာနိုင်သည်ကို ဂရုပြုကြရမည်ဖြစ်သည်။

**ရေများခန်းခြောက်ခြင်းနှင့် ဆောင်ရန်၊ ရှောင်ရန်များ**

ထိုနည်းတူ အခြားတစ်ဖက်တွင်လည်း နေ့အပူချိန်မြင့်တက်ခြင်းကြောင့် ရေတွင်းရေကန်များ ခန်းခြောက်ကာ သောက်သုံးရေရှားပါးသည့်ဘေးနှင့် ရင်ဆိုင်ကြရသည်မှာလည်း အမှန်ပင်ဖြစ်သည်။ လွန်ခဲ့သည့်ရက်ပိုင်းကဆိုလျှင် မော်လမြိုင်မြို့ကို ရေပေးဝေနေသည့်ကန်မှာ ခန်းခြောက်လာသဖြင့် ရေပေးဝေရန် နှစ်ရက်စာသာရှိတော့သည့်သတင်းကိုလည်း ဖတ်ရသည်။ ထို့အပြင် အခြားသောမြို့ရွာအတော်များများတွင်လည်း သောက်သုံးရေများ ပြတ်လပ်သွားသဖြင့် မီးသတ်ဦးစီးဌာနက သွားရောက်ကာ ရေပေးဝေလှူကြသည့် သတင်းများကိုလည်း တွေ့ရသည်။ သို့အတွက် ယခုအချိန်တွင် ပြည်သူများအနေဖြင့် သောက်ရေသုံးရေများကို ရရှိသည့်နေရာမှ နည်းလမ်းအမျိုးမျိုးဖြင့် ရယူကာ သိုလှောင်ထားခြင်း၊ သုံးရေများကို ချွေတာသုံးစွဲခြင်းများပြုလုပ်ကြရန် အထူးလိုလာပါသည်။

**မုတ်သုံမဝင်မီအထိ ဂရုတစိုက်သတိပြုနေထိုင်ကြစေချင်**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် အပူချိန် စံချိန်တင်မြင့်တက်ခဲ့ပြီးနောက် လက်ရှိအချိန်ကစပြီး မုတ်သုံမဝင်မီအထိ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပုံမှန်ထက်အပူချိန်ဆက်လက် မြင့်တက်နေဦးမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများဖြစ်သည့် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အပူချိန်အမြင့်ဆုံးဖြစ်နေပြီး ဘင်္ဂလားပင်လယ်အော်တွင် လာမည့်ရက်အနည်းငယ်အတွင်း လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ကြောင်း၊ မေလ ၁၆ ရက်နေ့မှစတင်ပြီး မြန်မာနိုင်ငံတွင် မုတ်သုံမိုးရွာသွန်းနိုင်ကာ အပူချိန်များလျော့ပါးနိုင်ကြောင်းတို့ကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ခန့်မှန်းကြေညာထားသည်ကို တွေ့ရသည်။

သို့အတွက် အချုပ်အားဖြင့်ဆိုရလျှင် ယခုအချိန်တွင် ကိုဗစ်-၁၉ ကပ်ရောဂါဘေး ထိန်းချုပ်၊ ကာကွယ်ရေးကိုလည်း ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာနေထိုင်ခြင်းဖြင့်သော်လည်းကောင်း၊ မိမိတို့ ပြည်သူတစ်ဦးချင်းစီ၏ ကျန်းမာရေးအသိဖြင့်သော်လည်းကောင်း ဆင်ခြင်၍ သွားလာနေထိုင်လုပ်ကိုင်ကြလျက်ရှိနေသည့်အချိန်တွင် ယနေ့နိုင်ငံအတွင်း အချို့နေရာများတွင် ဖြစ်ပေါ်နေသည့် အပူချိန်မြင့်မားမှုကြောင့် ပေါ်ပေါက်လာသည့် နောက်ဆက်တွဲသဘာဝဘေးများ၊ ကျန်းမာရေးဆိုးကျိုးများနှင့် ရေခန်းခြောက်လာနိုင်သည့် ဘေးများကိုလည်း ကြိုတင်တွက်ဆသတိထားကြပြီး အထက်ဖော်ပြပါအတိုင်း ဂရုပြုနေထိုင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

ကမ္ဘာသူ ကမ္ဘာသားအားလုံးနှင့် မြန်မာပြည်သူအားလုံး ရောဂါဘယဘေး၊ သဘာဝဘေးတို့မှ အမြန်ကင်းစင်လွတ်မြောက်ကြပါစေ။ ။

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၃၆၃၄ | ၁၈၂ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၉၆ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၄၂၀၈

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၈၃ ဦး (အသွားအလာ ဆက်သွယ်ကန့်သတ်ထား၍)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဇယားပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၄၆ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | |
| ၄ | ချင်း | ၇ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၂ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | မွန် | ၁ | |
| ၁၁ | မကွေး | ၁ | |
| ၁၂ | ကချင် | ၁ | |
| | စုစုပေါင်း | ၁၈၂ | ၆ |

❖ အောက်ပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| ပြည်နယ် | တိုင်းဒေသကြီး |
|---|---|
| ကယားပြည်နယ် | တနင်္သာရီတိုင်းဒေသကြီး |
| ကရင်ပြည်နယ် | ဧရာဝတီတိုင်းဒေသကြီး |
| ရခိုင်ပြည်နယ် | |

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၆-၅-၂၀၂၀ ရက်၊ ည (၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၁၄၈၇၀၇၆ | ၃၂၈၁၃၂ | ၈၈၆၀၃ |
| စပိန် | ၂၇၆၅၀၅ | ၁၉၂၂၅၃ | ၂၇၅၆၃ |
| ရုရှား | ၂၇၂၀၄၃ | ၆၃၁၆၆ | ၂၅၃၇ |
| ဗြိတိန် | ၂၄၀၁၆၁ | စိစစ်ဆဲ | ၃၄၄၆၆ |
| အီတလီ | ၂၂၃၈၈၅ | ၁၂၀၂၀၅ | ၃၁၆၁၀ |
| ဘရာဇီး | ၂၂၀၂၉၁ | ၈၄၉၇၀ | ၁၄၉၆၂ |
| ပြင်သစ် | ၁၇၉၅၀၆ | ၆၀၄၄၈ | ၂၇၅၂၉ |
| ဂျာမနီ | ၁၇၅၆၉၉ | ၁၅၂၆၀၀ | ၈၀၀၁ |
| တူရကီ | ၁၄၆၄၅၇ | ၁၀၆၁၃၃ | ၄၀၅၅ |
| အီရန် | ၁၁၈၃၉၂ | ၉၃၁၄၇ | ၆၉၃၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၂၇၃၅၆ | ၇၂၄၈ | ၂၁ |
| အင်ဒိုနီးရှား | ၁၇၀၂၅ | ၃၉၁၁ | ၁၀၈၉ |
| ဖိလစ်ပိုင် | ၁၂၃၀၅ | ၂၅၆၁ | ၈၁၇ |
| မလေးရှား | ၆၈၇၂ | ၅၅၁၂ | ၁၁၃ |
| ထိုင်း | ၃၀၂၅ | ၂၈၅၅ | ၅၆ |
| ဗီယက်နမ် | ၃၁၈ | ၂၆၀ | ၀ |
| မြန်မာ | ၁၈၂ | ၉၆ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၆ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၂၂ | ၀ |
| လာအို | ၁၉ | ၁၄ | ၀ |

# တိုင်းဒေသကြီး/ပြည်နယ်အချို့တို့တွင် လေပြင်းများတိုက်ခတ်၊ ထောက်ပံ့ကူညီမှုများဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၆**

မြန်မာနိုင်ငံအနေဖြင့် မိုးကြိုကာလများဖြစ်သော မတ်လ၊ ဧပြီလနှင့် မေလများအတွင်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးတိမ်တောင်များဖြစ်ပေါ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်လေ့ရှိပြီး ယခုနှစ်တွင်လည်း လေပြင်းတိုက်ခတ်မှုများနှင့် မိုးသီးကြွေကျမှုများ ဖြစ်ပွားလျက်ရှိရာ ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများအတွက် ဘေးအန္တရာယ်ဆိုင်ရာဦးစီးဌာနက ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိသည်။

မေ ၁၄ ရက်နှင့် ယမန်နေ့တို့တွင် ကယားပြည်နယ် ဒီးမော့ဆိုနှင့် မယ်စဲ့မြို့နယ်တို့၌ နေအိမ် လေးလုံး အမိုးအကာလန်ပျက်စီးခြင်း၊ ကရင်ပြည်နယ် မြဝတီမြို့နယ်၌ နေအိမ်နှစ်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အရာတော်၊ တမူး၊ ဒီပဲယင်းနှင့် ကျောက်မြောင်းမြို့နယ်တို့၌ နေအိမ်တစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် ၃၆ လုံးနှင့် ဘာသာရေးအဆောက်အအုံ သုံးလုံး အမိုးအကာလန်ပျက်စီးခြင်း၊ ပဲခူးတိုင်းဒေသကြီး ကဝနှင့် သဲကုန်းမြို့နယ်တို့၌ နေအိမ် ခြောက်လုံးနှင့် ဘာသာရေးအဆောက်အအုံ တစ်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ မကွေးတိုင်းဒေသကြီး နတ်မောက်၊ ထီးလင်းနှင့် တောင်တွင်းကြီးမြို့နယ်တို့၌ နေအိမ်ငါးလုံး အမိုးအကာလန်ပျက်စီးခြင်း၊ မန္တလေးတိုင်းဒေသကြီး မတ္တရာ၊ သပိတ်ကျင်းနှင့် ညောင်ဦးမြို့နယ်တို့၌ နေအိမ်တစ်လုံး ပြိုကျပျက်စီးပြီး နေအိမ်ငါးလုံး၊ ဘာသာရေးအဆောက်အအုံ တစ်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ မိုးကုတ်မြို့နယ်၌ မိုးသီးကြွေကျမှုကြောင့် နေအိမ် ၂၂၃ လုံးနှင့် ဘာသာရေးအဆောက်အအုံ နှစ်လုံး အမိုးသွပ်များ ပေါက်ပြဲခြင်းနှင့် မှန်များကွဲခြင်း၊ မွန်ပြည်နယ် ရေးမြို့နယ်၌ နေအိမ်တစ်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ ရှမ်းပြည်နယ် မြို့နယ် ၁၀ ခု၌ နေအိမ် ၉၇ လုံး၊ ဘာသာရေးအဆောက်အအုံ နှစ်လုံး အမိုးအကာလန် ပျက်စီးခြင်းတို့ဖြစ်ပွားခဲ့ပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်ရုံးများက ထောက်ပံ့မှုများ အမြန်ဆုံး သွားရောက်ဆောင်ရွက်ခဲ့သည်။





သို့ပါ၍ ဧပြီ ၉ ရက်မှ ယနေ့အထိ မြန်မာနိုင်ငံတစ်ဝန်း၌ လေပြင်းတိုက်ခတ်မှုနှင့် မိုးသီးကြွေကျမှုတို့ကြောင့် နေအိမ် ၇၈၁ လုံးနှင့် ဘာသာရေးအဆောက်အအုံ ၁၄ လုံး ပြိုကျပျက်စီးခြင်း၊ နေအိမ် ၁၀၈၇၄ လုံးနှင့် ဘာသာရေးအဆောက်အအုံ ၂၁၃ လုံး အမိုးအကာလန်ပျက်စီးခြင်းများ ဖြစ်ပွားခဲ့ပြီး လူ ခုနစ်ဦးသေဆုံးကာ ၂၄ ဦး ဒဏ်ရာရရှိခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ ကယ်ဆယ်ရေးပစ္စည်းဖိုးများနှင့် သေဆုံး၊ ဒဏ်ရာရသူထောက်ပံ့ခြင်းများအတွက် စုစုပေါင်း ငွေကျပ် ၆၂၁ ဒသမ ၄ သန်းကျော် ထောက်ပံ့ခဲ့ပြီး ဖြစ်သည်။

ပြည်သူလူထုအနေဖြင့်လည်း ယခုကာလ၌ ဖြစ်ပွားတတ်သည့် လေပြင်းတိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်းတို့နှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်ကြပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါကြောင်း သိရသည်။

သတင်းစဉ်



# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သောက်သုံးရေ ရှားပါးလျက်ရှိသည့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများသို့ သောက်သုံးရေ ဖြန့်ဝေလှူဒါန်း

**နေပြည်တော် မေ ၁၆**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း နွေရာသီကာလတွင် သောက်သုံးရေရှားပါးမှု ကြုံတွေ့လျက်ရှိသော မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများရှိ ပြည်သူလူထုများသို့ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ရေသယ်ယာဉ်ဖြင့် ဖြန့်ဝေလှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများဦးဆောင်၍ ပုဗ္ဗသီရိမြို့နယ် စက်ကုန်းကျေးရွာသို့ ရေဂါလန် ၄၀၀၀ နှင့် ဇေယျာသီရိမြို့နယ် စက်ကုန်းကျေးရွာသို့ ရေဂါလန် ၂၀၀၀ စုစုပေါင်း ရေဂါလန် ၆၀၀၀ ကို အိမ်ထောင်စုအလိုက် ရေသယ်ယာဉ်ဖြင့် သယ်ဆောင်၍ စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့သည်။

ယခုနွေရာသီတွင် ရေလှူဒါန်းဆောင်ရွက်လျက်ရှိရာ ဧပြီ ၂ ရက်မှ မေ ၁၃ ရက်အထိ ရေဂါလန်စုစုပေါင်း ၁၆၂၀၀၀ အား ရေသယ်ယာဉ်ဖြင့် သယ်ဆောင်၍ စနစ်တကျခွဲဝေလှူဒါန်းပေးခဲ့ပြီး ရေရှားပါးသည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများသို့ မိုးမကျမီကာလအထိ သန့်ရှင်းသော သောက်သုံးရေများ အလှည့်ကျ ဖြန့်ဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး Video Conferencing စနစ်ဖြင့် မီဒီယာများနှင့် တွေ့ဆုံ၍ လတ်တလောဖြစ်ပေါ်နေသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား

**နေပြည်တော် မေ ၁၆**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးသည် ယနေ့မွန်းလွဲပိုင်းတွင် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး လတ်တလောဖြစ်ပေါ်နေသည့် အခြေအနေများ၊ မီဒီယာသမားများ၏ သိရှိလိုသည့် မေးခွန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

တွေ့ဆုံစဉ် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ကိုဗစ်-၁၉ နှင့်ပတ်သက်ပြီး နောက်ဆုံးအခြေအနေများကို ယနေ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားချက်အရ အားလုံးသိရှိပြီးဖြစ်ပါကြောင်း၊ ကိုဗစ် -၁၉ နှင့်ပတ်သက်၍ မတ် ၁၃ ရက်တွင် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အမျိုးသားအဆင့်ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းကော်မတီဖွဲ့စည်းသည့် မတ် ၁၃ ရက်တွင် ပြည်သူလူထုသို့ ပန်ကြားချက်ထုတ်ပြန်ခဲ့ပါကြောင်း၊ ယင်းပန်ကြားချက်၌ မဟာသင်္ကြန်ကာလရုံးပိတ်ရက်များတွင် လူစုလူဝေးမဖြစ်အောင် အတတ်နိုင်ဆုံး Stay Home နေကြရန်၊ ဘာသာရေးဆိုင်ရာ အခမ်းအနားများကို ကျင်းပပြုလုပ်ခြင်းမပြုရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ပါရှိပါကြောင်း။

## တိုးမြှင့်သတ်မှတ်


သင်္ကြန်ရုံးပိတ်ရက်ရှည်အပြီးတွင် အခြေအနေအရပ်ရပ်ကို ပြန်လည်သုံးသပ်၍ မေ ၁၅ ရက်အထိ အတတ်နိုင်ဆုံး Stay Home နေထိုင်ကြရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ ကြားကာလတွင် ကိုဗစ်-၁၉ ကူးစက်မှုဖြစ်ပွားသည့် မြို့နယ်များကို Safely Stay Home လုပ်ဆောင်ခဲ့ပါကြောင်း၊ ထိုသို့ လုပ်ဆောင်ရာတွင် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတကာတွင် ဆောင်ရွက်နေသည့် Totally Lock Down ပုံစံမဟုတ်ပါကြောင်း၊ သို့သော် Stay Home ပုံစံဖြင့် အနည်းငယ်စည်းကမ်းတင်းကျပ်သည့် သဘောဖြစ်ပါကြောင်း၊ ပြည်သူသို့ ပန်ကြားချက်ကို မေ ၁၅ ရက်မှ မေ ၃၁ ရက်ထိ တိုးမြှင့်သတ်မှတ်ကြေညာခဲ့ပါကြောင်း။

မေ ၁၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးမှ ရွှေပြည်သာ၊ လှိုင်သာယာ၊ မင်္ဂလာဒုံနှင့် ဗိုလ်တထောင်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ကလေးမြို့နယ်တို့တွင် တင်းကျပ်ထားသည့် စည်းကမ်းချက်များကို ဖြေလျှော့ပေးခဲ့ပါကြောင်း၊ နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များ လာရောက်မည့် ကန့်သတ်ချက်များကို မေ ၃၁ ရက်အထိ တိုးမြှင့်ထားပါကြောင်း။

သင်္ကြန်ပိတ်ရက်အတွင်း လက်လုပ်လက်စား အခြေခံလူတန်းစားများကို ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ပဲ ရိက္ခာငါးမျိုးကို ဝေငှပါကြောင်း၊ တစ်နိုင်ငံလုံး၌ရှိသည့် အိမ်ထောင်စုပေါင်း လေးသန်းနီးပါးဝေငှခဲ့ပါကြောင်း၊ ယင်းအတွက် နိုင်ငံတော်ဘဏ္ဍာငွေမှ ကျပ် ၅၀ ဒသမ ၈၄၄ ဘီလီယံ ကျခံခဲ့ပါကြောင်း၊ COVID-19 Economic Relief Plan ပန်းတိုင်(၄)တွင် IDP များ၊ ထိခိုက်လွယ်သည့် အခြေခံလူတန်းစားအိမ်ထောင်စုများအတွက် သင့်တင့်သည့်ပမာဏနှင့် ငွေကြေးထောက်ပံ့ပေးရန် အစီအစဉ်ရှိပါကြောင်း၊ ယခုတစ်ကြိမ်တွင် အခြေခံရိက္ခာငါးမျိုး ပုံစံမဟုတ်ဘဲ အိမ်ထောင်စုတိုင်းအား ငွေကြေးထောက်ပံ့ပေးမည့် အစီအစဉ်ဖြစ်ပါကြောင်း။

အထူးသဖြင့် ပြီးခဲ့သည့် ရိက္ခာငါးမျိုး ဖြန့်ဝေချိန်က လူဦးရေ ၃ ဒသမ ၉၉ သန်းရှိသည့်အတွက် ယင်းအပေါ်အခြေခံ၍ နောက်ထပ်ပိုမိုသေချာစေရန်နှင့် Digital Information များရရှိရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟိုဘဏ်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ သက်ဆိုင်ရာမြို့နယ်၊ ကျေးရွာဒေသများနှင့် အဆင်ပြေမည့် အွန်လိုင်းစနစ်ကို ဆွေးနွေးနေပါကြောင်း၊ Online Payment ဆောင်ရွက်ရာတွင် အေးဂျင့်များဆီသွားရောက်ပြီး တယ်လီဖုန်းပြသ၍ Password ရိုက်နှိပ်ပြီး ငွေကြေးထုတ်ယူသည့် အေးဂျင့်များနှင့်လည်း အခြေအနေများကို မေးမြန်းနေပါကြောင်း၊ မကြာမီတွင် ဆောင်ရွက်သွားရန်ရှိပါကြောင်း။

ယခုကာလတွင် မြန်မာနိုင်ငံအနေအထားအရ နောက်ထပ် ခရီးသွားရာဇဝင်ရှိသူများ၊ ထိတွေ့မှုကွင်းဆက်များမှ Positive တွေ့ရှိမှုရှိပါကြောင်း၊ သို့သော် အစိုးရအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့် Contact Tracing ကို အထူးဦးစားပေးဆောင်ရွက်နေပါကြောင်း၊ ရောဂါဖြစ်ပွားသူများ၏ ကွင်းဆက်ကို ဦးစားပေး ထိန်းချုပ်နိုင်ပါက ရောဂါထပ်မံမပြန့်ပွားနိုင်ရန် တားဆီးနိုင်မည်ဖြစ်ပါကြောင်း။



နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး Video Conferencing စနစ်ဖြင့် မီဒီယာများနှင့် တွေ့ဆုံ၍ လတ်တလောဖြစ်ပေါ်နေသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။

## New Normal ပုံစံ

ကမ္ဘာပေါ်တွင် စမ်းသပ်စစ်ဆေးမှုကို ဦးစားပေးဆောင်ရွက်နေသကဲ့သို့ မိမိတို့နိုင်ငံတွင်လည်း စမ်းသပ်စစ်ဆေးမှုကို ဦးစားပေးဆောင်ရွက်နေပါကြောင်း၊ စစ်ပေးနိုင်သည့် Capacity မြင့်မားလာသည့် အတိုင်းအတာရှိပါကြောင်း၊ တစ်ဖက်တွင် ကမ္ဘာ့အခြေအနေမှာ Lock Down များဖြုတ်လိုက်ပြီး New Normal ပုံမှန်သစ်ဖြင့်သွားနေကြကြောင်း၊ နောက်ဖြစ်ပေါ်လာမည့် အနေအထားသစ်ကို နေသားတကျဖြစ်အောင် ကြိုးပမ်းနေသည့် အနေအထားရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် သင့်တော်သည့် New Normal အနေအထားမှာ မည်သို့ဖြစ်မည်ကို အကြီးအကဲများက စဉ်ဆက်မပြတ် ဆွေးနွေးနေပါကြောင်း၊ သက်ဆိုင်ရာ Stakeholder များနှင့်လည်း ဆွေးနွေးလျက်ရှိပါကြောင်း၊ အထူးသဖြင့် လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များ၊ အရောင်းဆိုင်များ ပြန်လည်ဖွင့်လှစ်နိုင်သည့်အခြေအနေ၊ စာသင်ကျောင်းများ၊ ကလေးသူငယ်များ ကျောင်းတက်မပျက် ပညာသင်ကြားနိုင်ရေး အခြေအနေများကို New Normal ပုံစံဖြင့် မည်သို့သွားမည်ကို စဉ်းစားသုံးသပ်နေပါကြောင်း။

လာမည့် New Normal ကို ပြီးခဲ့သည့်ရက်ပိုင်းက WHO မှ ပြောကြားထားပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါပိုးသည် အရှင်းပျောက်ကွယ်သွားရန်မရှိဘဲ ကာလအတန်ကြာ ကိုဗစ်-၁၉ ဗိုင်းရပ်စ်နှင့် အတူတကွ နေထိုင်ခြင်းဆိုသည့် လူနေမှုပုံစံမျိုးကို သွားရမည့်ပုံစံရှိပါကြောင်း၊ ကမ္ဘာတွင် အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့သည့် တောင်ကိုရီးယားနိုင်ငံ၌ Lock Down များဖြေလျှော့ခဲ့ပါကြောင်း၊ ဖြေလျှော့ရာတွင် ယင်းနိုင်ငံ၏ လူနေမှုပုံစံတွင် ယခုမြန်မာနိုင်ငံ၌ လုပ်ဆောင်နေသည့် မျက်နှာဖုံးတပ်ခြင်း၊ လက်ဆေးခြင်း၊ တစ်ဦးနှင့် တစ်ဦးခပ်ခွာခွာနေခြင်း၊ ကိုယ်အပူချိန်မကြာခဏ တိုင်းတာခြင်းတို့သည် Daily Life တွင် မရှိမဖြစ် ဖြစ်လာပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း အပြင်ထွက်လျှင် Mask တပ်ရမည်၊ ခပ်ခွာခွာနေရမည်၊ မကြာခဏလက်ဆေးခြင်း လုပ်ဆောင်ရမည်၊ အပူချိန်တိုင်းတာခြင်းများ လုပ်ဆောင်ရမည်စသည့် ပုံစံများဖြင့်သွားမည့် New Normal ကို မျှော်လင့်ရပါကြောင်း၊ ယင်းအပေါ်တွင် မည်သို့စည်းကမ်းသတ်မှတ်ချက်များဖြင့်သွားလျှင် အကောင်းဆုံးဖြစ်မည်ဆိုသည်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင်ဦးစီးပြီးဆောင်ရွက်နေပါကြောင်း။

ကိုဗစ်-၁၉ စတင်ဖြစ်ပွားသည့်ကာလတွင် Mask များ ဈေးနှုန်းမြင့်တက်သွားသည်များ ရှိပါကြောင်း၊ Mask တစ်ခုကို ငါးရာ၊ ခြောက်ရာအထိ ဈေးနှုန်းတက်သွားပါကြောင်း၊ ဈေးတက်သွားပြီးနောက် ယခုတွင် ပုံမှန်ဈေးသုံးရာအထိ ပြန်ကျခဲ့ပြီး ထပ်မံကျဆင်းလာမည့် သဘောရှိပါကြောင်း၊ ကျန်းမာရေးနှင့်အညီ ချုပ်လုပ်ထားသည့် မျက်နှာဖုံးများရှိပါကြောင်း၊ ယင်းမျက်နှာဖုံးများမှာ N 95 နီးပါး၊ Medical Mask များကဲ့သို့ စွမ်းဆောင်ရည်ရှိသည့် Mask မျိုးဆိုလျှင် ပြည်သူများအကြား အသုံးတွင်ကျယ်လာနိုင်သည့် သဘောဖြစ်ပါကြောင်း၊ ယင်းမှာ မိမိတို့၏ နေ့စဉ်လူနေမှုဘဝတွင် ဖြစ်ပေါ်လာမည့် မရှိမဖြစ် ဝတ်ဆင်ရမည့် အနေအထားဖြစ်လာသည့်အတွက် ယင်းအပေါ်တွင် ပိုမိုကောင်းမွန်အောင် မည်သို့သွားကြရမည်ကို ဆွေးနွေးနေပါကြောင်း။

အကောင်းဆုံးအနေဖြင့် လတ်တလောတွင် မေ ၃၁ ရက်ထိ သက်တမ်းတိုးလုပ်ထားပါကြောင်း၊ ဆက်လက်သက်တမ်းတိုးထားသည့်ကာလအတွင်း ကျန်ရှိသည့် ပြင်ဆင်မှုများ လုပ်ဆောင်နေပါကြောင်း ပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများက ဗြိတိန်နှင့် အီးယူနိုင်ငံများ၏ ကိုဗစ်-၁၉ ဖြစ်ပွားနေသည့်ကာလ၌ ရခိုင်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲပေးရေး တောင်းဆိုထားသည့်အပေါ် အစိုးရ၏သဘောထား၊ တပ်မတော်အနေဖြင့် တစ်ဖက်သတ်အပစ်အခတ်ရပ်စဲရေး ကြေညာချက်တွင် AA အဖွဲ့ ပါဝင်ခြင်းမရှိရသည့်အခြေအနေ၊ အစိုးရအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်မှု နှိမ်နင်းရေး ဆောင်ရွက်နေမှုအခြေအနေ၊ ရန်ကုန်တိုင်းဒေသကြီး မြို့နယ်လေးမြို့နယ်နှင့် ကလေးမြို့နယ်တို့အား ဖြေလျှော့ပေးရန် လမ်းညွှန်ထားသည့်ကိစ္စ၊ ဒုတိယအကြိမ် အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ရန် လျာထားမှု အခြေအနေ၊ အခြေခံကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ထားမှုအခြေအနေ၊ ကိုဗစ်-၁၉ အလွန် တရုတ်နိုင်ငံ၏ BRI စီမံကိန်းများ ပြန်လည်ဆောင်ရွက်ရန် တရုတ်သံအမတ်ကြီးက တိုက်တွန်းခဲ့သည့်ကိစ္စ၊ နေရပ်ပြန် ပြည်သူများ ပြန်လည်ဝင်ရောက်လာသည့် အရေအတွက်နှင့် COVID – 19 Positive ဖြစ်၊ မဖြစ်၊ နိုင်ငံ့ဝန်ထမ်းများကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးပေးရန် အစီအစဉ် ရှိ၊ မရှိ။

## ဘတ်ဂျက်သုံးစွဲရန် လျာထား

ရခိုင်ပြည်နယ်၌ လက်ရှိဖြစ်ပွားနေသည့် တိုက်ပွဲများ ရပ်ဆိုင်းရန်အတွက် အခြားနည်းလမ်းစဉ်းစားထားခြင်း ရှိ၊ မရှိ၊ ရခိုင်ပြည်နယ်အတွင်း တိုက်ပွဲအခြေအနေနှင့် အရပ်သား သေဆုံးမှုစာရင်း သိလိုခြင်းကိစ္စ၊ လျှပ်စစ်မီတာယူနစ် ၁၅၀ နှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ရန် အစီအစဉ် ရှိ၊ မရှိ၊ ပလက်ဝတိုက်ပွဲရှောင်စခန်းများအား အစိုးရအနေဖြင့် ကူညီသွားမည့် အခြေအနေ၊ လူမှုကွန်ရက်၌ ပျံ့နှံ့နေသည့် ဗီဒီယိုဖိုင်နှင့် စပ်လျဉ်း၍ ဆောင်ရွက်နေမှုအခြေအနေ၊ အိန္ဒိယနိုင်ငံသား ၂၂ ဦး လွှဲပြောင်းခဲ့မှုနှင့် အကျဉ်းထောင်အတွင်း၌ တစ်ဦးသေဆုံးမှု ရှိ၊ မရှိ သိလိုခြင်းကိစ္စ၊ Quarantine ဝင်နေသည့် စောဒေးဗစ်လားအား အရေးယူရန် အစီအစဉ် ရှိ၊ မရှိ၊ ဒုတိယအကြိမ် ထောက်ပံ့မည့် အစီအစဉ်အား သိလိုခြင်း၊ ကိုဗစ်-၁၉ အတွက် အလှူငွေရရှိမှုစာရင်းနှင့် ဘတ်ဂျက်သုံးစွဲရန် လျာထားမှုသိရှိလိုခြင်းကိစ္စ။

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်တချို့အား အင်တာနက် ဖြတ်တောက်မှုအချိန် ကြာမြင့်နိုင်မည့် အခြေအနေ၊ ကြေညာချက်များ တစုတစည်းတည်း ကြည့်ရှုနိုင်ရန် ဆောင်ရွက်ပေးနိုင်ရေးကိစ္စ၊ တက္ကသိုလ်အောင်စာရင်းများ ထုတ်ပြန်နိုင်ရေးအခြေအနေ၊ တက္ကသိုလ်ဆရာ၊ ဆရာမများအား ဇွန် ၁၈ ရက်တွင် သက်ဆိုင်ရာတက္ကသိုလ်များသို့ ပြန်လည်ခေါ်ယူထားမှုအပေါ် သိရှိလိုခြင်းကိစ္စ၊ လျှပ်စစ်ဝန်ထမ်းများ ထပ်မံခန့်အပ်ရန် အခြေအနေ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နေအိမ်အနီးသို့ ရန်ကုန်မှ အမျိုးသမီးတစ်ဦး လာရောက်တွေ့ဆုံရန် တောင်းဆိုခဲ့မှုအပေါ် ဆောင်ရွက်ထားမှု အခြေအနေ၊ အစုအဖွဲ့ပိုင် သစ်တောများ ဌာနဆိုင်ရာမှ ပူးပေါင်းပါဝင်စေလိုခြင်းကိစ္စ၊ ပြည်သူများမြေစာရင်းပုံစံများ ထုတ်ယူရာ၌ အဆင်မပြေမှုအပေါ် ဆောင်ရွက်ပေးစေလိုခြင်းကိစ္စ၊ လက်လုပ်လက်စားများအား ဒုတိယအကြိမ် ထောက်ပံ့ရန် ဆောင်ရွက်ထားမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ မေးမြန်းကြသည်။

သတင်းမီဒီယာများ၏ မေးမြန်းချက်များနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက AA သည်အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသည့်အဖွဲ့ ဖြစ်ပါကြောင်း၊ တစ်ဖက်သတ်အပစ်အခတ်ရပ်စဲမှုတွင် AA နှင့် ARSA တို့မပါဝင်ပါကြောင်း၊ အထူးသဖြင့် AA အဖွဲ့၏ ဆောင်ရွက်ချက်များသည် အကြမ်းဖက်လုပ်ရပ်များဖြစ်နေပါကြောင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို လက်ရှိအစိုးရအနေဖြင့် ဦးစားပေးဆောင်ရွက်လျက် ရှိပါကြောင်း၊ မူးယစ်ဆေးဝါးကိစ္စမှာ အထူးသဖြင့် ငြိမ်းချမ်းရေးနှင့် ဆက်စပ်နေပါကြောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကိစ္စကို ပြည်သူနှင့်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကပါ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

## အိမ်ထောင်စုလေးသန်း

လက်လုပ်လက်စား အိမ်ထောင်စုများအား ပထမအကြိမ် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန် ဖြန့်ဝေခဲ့ရာ ငွေကျပ် ၅၀ ဘီလီယံကျော် ကျခံသုံးစွဲခဲ့ပါကြောင်း၊ တစ်အိမ်ထောင်လျှင်ငွေကျပ် ၁၈၀၀၀ နီးပါးရှိပါကြောင်း၊ ဒေသန္တရပေါက်ဈေးများ မတူညီပါကြောင်း၊ ငွေကျပ် ၂၀၀၀၀ မကျော်ပါကြောင်း၊ အခြေခံရိက္ခာဝယ်ယူရာ၌ အောက်ခြေတွင် အငြင်းပွားမှုများရှိခဲ့သည်ကို ကြားသိခဲ့ရပါကြောင်း၊ ယခုအခါ အကြီးအကဲများ စဉ်းစားနေသည်မှာ ပြည်သူများလက်ဝယ်သို့ မဖြတ်မတောက်ရောက်ရှိရန် နည်းလမ်းဖြစ်ပါကြောင်း၊ ထို့ကြောင့် Online Payment Agent များနှင့်လည်း ညှိနှိုင်းလျက်ရှိပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့်လည်း ညှိနှိုင်းနေပါကြောင်း၊ ယခင်ထောက်ပံ့ခဲ့မှု၏ နှစ်ဆခန့် ငွေကြေးပမာဏ ရှိနိုင်ပါကြောင်း၊ အတည်ဖြစ်ပါက ထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်း၊ ငွေကြေးအတိုင်းလွှဲပြောင်းထောက်ပံ့ရန် လျာထားပါကြောင်း၊ အိမ်ထောင်စုလေးသန်းနီးပါးရှိပါကြောင်း။

ဒုတိယအကြိမ် ထောက်ပံ့ရေးအစီအစဉ်ကို ရက်သတ္တပတ်အနည်းငယ်အတွင်း ထောက်ပံ့နိုင်ရန် စီစဉ်နေပါကြောင်း၊ ပထမအကြိမ် အမြန်ဆုံးထောက်ပံ့နိုင်ရန် ဆောင်ရွက်ခဲ့မှုအပေါ် အခက်အခဲအနည်းငယ်ရှိခဲ့သည်ဟု သိရှိရပါကြောင်း၊ ယခု ဒုတိယအကြိမ်တွင် ပြည်သူများ၏ အချက်အလက်များ ပြည့်စုံစေရန် ရပ်ကွက်၊ ကျေးရွာအဆင့်အထိ ပုံစံများချပေး၍ စာရင်းကောက်ယူပြီး သက်ဆိုင်ရာ Online Payment ဆောင်ရွက်သူများနှင့် လုပ်ဆောင်ရန် စီစဉ်ထားပါကြောင်း၊ ရက်သတ္တနှစ်ပတ်မှ သုံးပတ်အထိ ကြာမြင့်နိုင်ပါကြောင်း၊ အစိုးရ၏ ထောက်ပံ့ကြေးကို အုပ်ချုပ်ရေးယန္တရားအဆင့်ဆင့်သွားသည့်အခါတွင် ရိက္ခာငါးမျိုးဝေသည့်အပိုင်းတွင်ပင် အချို့က ရိက္ခာပြည့်ပြည့်ဝဝ မရရှိကြောင်း၊ ဆီဆိုလျှင်လည်း မည်မျှသာရရှိကြောင်း

စာမျက်နှာ ၉ သို့ ❍

○ စာမျက်နှာ ၈ မှ

ဖော့စ်ဘွတ်ပေါ်တွင် ဗီဒီယိုတက်လာသည်များ ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ထိုကိစ္စများကိုလည်း တွက်ချက်ရပါကြောင်း၊ ထောက်ပံ့ရေးကိစ္စများ ဆောင်ရွက်ရာတွင် ဒေသန္တရမှ ဆန်၊ ဆီများ ဝယ်ရခြင်းများရှိပါကြောင်း၊ ထိုသို့ရှိသည့်အတွက် သတ်မှတ်သည့်ပမာဏကို ရောက်သည့်နေရာများလည်းရှိသကဲ့သို့ မရောက်သည့်နေရာများကိုလည်း ကြားရပါကြောင်း၊ သို့သော် ရာခိုင်နှုန်းအများစုတွင် ရောက်ရှိသော်လည်း အနည်းစုတွင် ယင်းပြဿနာများ ရှိပါကြောင်း။

**သုံးသောင်း လေးသောင်းထိပေးရန်**

ထို့ကြောင့် မိမိတို့အနေဖြင့် ကာယကံရှင်လက်ဝယ်သို့ ရောက်ရှိရန် စဉ်းစားသည့်အပိုင်းဖြစ်ပါကြောင်း၊ စဉ်းစားသည့်အခါ၌ လူအများစုတွင် wave money၊ Ok dollar၊ KBZ Pay များ အသုံးပြုမှုများရှိပါကြောင်း၊ သုံးစွဲသည့်အခါတွင်လည်း များစွာအဆင်ပြေပါကြောင်း၊ အဆင်ပြေသည်ဆိုသည်မှာ မိမိပို့လိုသောသူ၏ ဖုန်းနံပါတ်သိရုံဖြင့် ပို့နိုင်ပါကြောင်း၊ ဖုန်းနံပါတ်သိလျှင် ငွေလွှဲပြောင်းပေးပြီး လျှို့ဝှက်ကုတ်ကို သတ်သတ်ပေးပါက Agent များအနေဖြင့် လျှို့ဝှက်ကုတ်မသိလျှင် ထုတ်ယူ၍မရပါကြောင်း၊ ထိုအပိုင်းများအတွက်လည်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ဖြင့် ဆွေးနွေးမှုများရှိပါကြောင်း၊ မည်သည့်ဒေသတွင် မည်သည့် Payment များက အများဆုံး cover ဖြစ်သလဲဆိုသည်ကို စဉ်းစားဆောင်ရွက်ရန်ရှိပါကြောင်း၊ ရိက္ခာ(၅)မျိုးသည် တချို့ဒေသတွင် တစ်သောင်းရှစ်ထောင်၊ တချို့ဒေသတွင် တစ်သောင်းနှစ်ထောင်၊ တချို့ဒေသတွင် တစ်သောင်းငါးထောင် ကုန်ကျမှုများရှိပါကြောင်း၊ ယခုအချိန်တွင် မိမိတို့အနေဖြင့် သုံးသောင်း လေးသောင်းအထိပေးရန် မှန်းထားပါကြောင်း၊ ထိုသို့မှန်းထားသည့်အတွက် သေသေချာချာ စနစ်တကျဖြစ်စေရန် ဆောင်ရွက်နေပါကြောင်း၊ ပြီးခဲ့သည့် အတွေ့အကြုံများအရ အောက်ခြေတွင် အခြေခံလူတန်းစား သတ်မှတ်ချက်အပေါ်တွင် အငြင်းပွားမှုများရှိခဲ့ပါကြောင်း၊ ထို့ကြောင့် ပုံစံများဖြင့်ချပေးရန် စဉ်းစားနေပါကြောင်း၊ ပုံစံစာရွက်ပေါ်တွင် ၎င်းတို့၏ အလုပ်အကိုင်၊ ဝင်ငွေ စသည်တို့ကိုရွေးချယ်သော ပုံစံမျိုးဖြင့် အဆင်ပြေစေရန် စဉ်းစားထားပါကြောင်း၊ ထိုသို့ဆိုလျှင် Computerised ဖြစ်ပြီး မည်သည့်ဒေသများသို့ ရောက်ရှိပြီးဖြစ်သည်ကို တစ်ချိန်တည်း တစ်ပြိုင်တည်း သိရှိနိုင်ပါကြောင်း၊ ယင်းပုံစံမျိုးကို မိမိတို့အနေဖြင့် အချိန်ယူဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ ယခင်က စာရင်းများကို ပြန်လည်စုဆောင်းရသည့်သဘောဖြစ်ခဲ့ပါကြောင်း၊ ထိုအပေါ်တွင် အခြေခံ၍ လူထုလည်း အဆင်ပြေစေရေးနှင့် ကြားထဲတွင်လည်း လေလွင့်ဆုံးရှုံးမှုအနည်းဆုံးဖြစ်ရေး နည်းလမ်းစဉ်းစားဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

ပြည်တွင်း ပြည်ပနိုင်ငံသားအလှူရှင်များ၏ အလှူရှင်စာရင်းများကို ထုတ်ပြန်နိုင်ရန် စီစဉ်လျက်ရှိပါကြောင်း၊ ပစ္စည်းလှူဒါန်းမှုနှင့် ငွေကြေးလှူဒါန်းမှုများရှိပါကြောင်း၊ ထုတ်ပြန်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**Test Kit အများအပြားသုံးစွဲနိုင်ရန် စီစဉ်**

ကိုဗစ်-၁၉ စစ်ဆေးမှုအပိုင်းတွင် နှေးသည်ဆိုသော်လည်း ထိတွေ့မှုရှိသူများ၊ ရောဂါလက္ခဏာရှိသူများအပေါ် စစ်ဆေးရာတွင် လုံလောက်မှုရှိပါကြောင်း၊ စစ်ဆေးနိုင်စွမ်းမြင့်မားလာစေရန် Test Kit များကို စမ်းသပ်နေပါကြောင်း၊Test Kit များ အများအပြား သုံးစွဲနိုင်ရန် စီစဉ်နေပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကို အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနအပြင် မန္တလေး၊ မော်လမြိုင်နှင့် ရှမ်းပြည်နယ်တို့တွင် စစ်ဆေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ လတ်တလောတွင် နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ကိစ္စကို အလေးထားဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ယခင်အတိုင်း မူလစီမံကိန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံနှင့် သဘောတူညီမှုများသာမက အခြားနိုင်ငံများနှင့် သဘောတူညီမှုများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မြဝတီ၊ ဘုရားသုံးဆူဘက်မှ နေရပ်ပြန်လည်ဝင်ရောက်လာသူ ၈၈၈ ဦးရှိပါကြောင်း၊ Positive မရှိပါကြောင်း၊ ၎င်းတို့ကို Quarantine ထားရှိထားပါကြောင်း၊ ကော့စ်ဘဇားဘက်ရှိ ဒုက္ခသည်စခန်းများတွင် COVID-19 Positive လူနာတွေ့ရှိသည့်အတွက် ပြန်လည်လက်ခံရေးအစီအစဉ် နှောင့်နှေးသွားနိုင်ပါကြောင်း၊ နှစ်နိုင်ငံပိတ်ထားပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ စစ်ဆေးပေးရန် အစီအစဉ်မရှိပါကြောင်း၊ မလိုအပ်ပါကြောင်း၊ အရေးကြီးသည့်နေရာများတွင် တာဝန်ထမ်းဆောင်ရသူများကို စစ်ဆေးပေးခြင်း ဖြစ်ပါကြောင်း။

နိုင်ငံတော်မှ မီတာယူနစ် ၁၅၀ အခမဲ့ သုံးစွဲခွင့်ပြုခဲ့ခြင်းမှာ အခြေခံလူတန်းစားများအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ အိမ်ထောင်စု ၄ ဒသမ ၄၉ သန်းအတွက် ငွေကျပ် ၃၅ ဒသမ ၅ ဘီလီယံ ကျခံခဲ့ပါကြောင်း။

**ထုတ်ပြန်ပေးမည်**

ရခိုင်ပြည်နယ်၌ လက်ရှိအခြေအနေတွင် ပလက်ဝဒေသ၌ တိုက်ပွဲအနည်းငယ်ဖြစ်ပွားလျက်ရှိပါကြောင်း၊ အရပ်သားသေဆုံးမှုစာရင်းနှင့်ပတ်သက်၍ ထုတ်ပြန်နိုင်သည့် အခြေအနေတွင် ထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်း။

ပလက်ဝဘက်တွင် တိုင်းရင်းသားမျိုးနွယ်စုငယ်များရှိပါကြောင်း၊ ပလက်ဝဒေသရှိ တိုက်ပွဲရှောင်စခန်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကူညီထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ လူမှုကွန်ရက်တွင် ဗီဒီယိုဖိုင်ပျံ့နှံ့မှုနှင့် စပ်လျဉ်း၍ တပ်မတော်အနေဖြင့် ခုံရုံးဖွဲ့အရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အရပ်ဘက်တရားစီရင်ရေးနှင့် စစ်ဘက်တရားစီရင်ရေးရှိပါကြောင်း၊ နိုင်ငံတကာတွင်လည်း စစ်ဘက်တရားစီရင်ရေးများရှိပါကြောင်း။

**အသနားခံစာတင်**

အိန္ဒိယနိုင်ငံသား ၂၂ ဦး လွှဲပြောင်းပေးခဲ့မှုမှာ နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီ (NSCN-K)နှင့်ပတ်သက်သည့် ကိစ္စဖြစ်ပါကြောင်း၊ ယင်းမှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ ယင်းဒေသဘက်တွင် စစ်ဆင်ရေးများလုပ်ပါကြောင်း၊ စစ်ဆင်ရေးလုပ်ရာတွင် ယင်းအဖွဲ့များနှင့် ပတ်သက်ပြီး အရေးယူသည်များရှိပါကြောင်း၊ အရေးယူရာတွင် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN-K) အနေဖြင့် နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့ထံ အသနားခံစာတင်ပါကြောင်း၊ ထို့ပြင် နာဂစာပေယဉ်ကျေးမှုအဖွဲ့များကလည်း နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ ယင်းအဖွဲ့များနှင့်စပ်လျဉ်းပြီး အသနားခံစာတင်ပါကြောင်း၊ ယင်းသို့အသနားခံစာတင်သည့်အတွက် ပြီးခဲ့သည့် သင်္ကြန်နှစ်ဆန်းတစ်ရက်နေ့တွင် သမ္မတကြီး၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးရာတွင် အားလုံး ၂၂ ယောက်ပါပါကြောင်း။

ယင်း ၂၂ ယောက်သည် အာသံ၊ မဏိပူရဘက်တွင် လှုပ်ရှားနေသည့် အဖွဲ့များနှင့် ဆက်စပ်နေပါကြောင်း၊ ယင်းဒေသတွင် လှုပ်ရှားနေသည့် အဖွဲ့ဝင်များဖြစ်ပြီး အိန္ဒိယနိုင်ငံသားများဖြစ်ပါကြောင်း၊ ယင်း ၂၂ ယောက်ကို နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းခွင့်ဖြင့် လွှတ်ပေးလိုက်ပါကြောင်း၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးပြီး မေ ၁၅ ရက်နေ့က ခန္တီးလေဆိပ်တွင် အိန္ဒိယခေတ္တ ကောင်စစ်ဝန်ချုပ်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က လွှဲပြောင်းပေးပြီးဖြစ်ပါကြောင်း၊ ယင်းမှတစ်ဆင့် အိန္ဒိယနိုင်ငံကို ပြန်ခေါ်သွားပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံက လွှဲပြောင်းသူ ၂၂ ဦးဖြစ်ပြီး ထောင်ထဲတွင် တစ်ဦးသေဆုံးသည်မှာ မဟုတ်ပါကြောင်း၊ ယင်း ၂၂ ယောက်၏စာရင်းများလည်း ရှိပါကြောင်း။

**ဦးစားပေးဆောင်ရွက်မည်**

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ IDP စခန်းများတွင် အင်တာနက်သုံးစွဲ၍ ရပါကြောင်း၊ ကိုဗစ်-၁၉ အသိပညာပေးရေးလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ မောင်တောဒေသတွင်လည်း အင်တာနက်ရရှိပါကြောင်း၊ မိုဘိုင်းအော်ပရေတာများကလည်း ကိုဗစ်-၁၉ နှင့် ပတ်သက်ပြီး ကျန်းမာရေးအသိပညာများနှင့် စပ်လျဉ်း၍ တစ်ခုချင်းအလိုက် SMS ပေးပို့ပေးလျက်ရှိပါကြောင်း၊ အင်တာနက်မရရှိသည့် ဒေသများတွင်လည်း ကျေးရွာအုပ်ချုပ်ရေးမှူးများက လော်စပီကာဖြင့် ငါးကြိမ် လိုက်လံသတိပေးလျက်ရှိပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆောင်ရွက်မည့် COVID-19 ထိန်းချုပ်ရေးအစီအစဉ်တွင် ငွေကျပ် ၂ ဒသမ ၂ ဘီလီယံ သုံးစွဲသွားမည်ဖြစ်ပြီး IDP စခန်းများအတွက် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ICRC နှင့်လည်း ညှိနှိုင်းဆောင်ရွက်နေပါကြောင်း။

စောဒေးဗစ်လားကိစ္စနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြေစာရင်းပုံစံ ၁၀၅-၁၀၆နှင့် ပုံစံ-၇ ရရှိရေး ပြည်သူများ၏ အခက်အခဲမှာ ပဲခူးတိုင်းဒေသကြီးတွင်သာမက တစ်နိုင်ငံလုံးတွင် ဖြစ်ပေါ်နေပါကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများကို အသိပေး ပြောကြားသွားမည်ဖြစ်ပါကြောင်း။

**ညွှန်ကြားထား**

သမ္မတရုံးမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အရ နောက်ထပ်အမိန့်တစ်စုံတစ်ရာ မထုတ်ပြန်မချင်း ဝန်ထမ်းများအနေဖြင့် တစ်ဝက်ရုံးတက်၊ တစ်ဝက်အသင့်နေရန် ညွှန်ကြားထားပါကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းမှာ ရည်ရွယ်ချက်ရှိပါကြောင်း၊ ညွှန်ကြားချက်တွင် နာရေးမှအပ ကျန်ကိစ္စများ ခရီးမသွားရန်ပါရှိပါကြောင်း၊ လိုက်နာမှုမရှိပါက နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ အရေးယူသွားမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နေအိမ်အနီးသို့ အမျိုးသမီးတစ်ယောက် လာရောက်ခဲ့မှုမှာ မေ ၁၄ ရက် ည ၁၀ နာရီ ၁၀ မိနစ်အချိန်က ဖြစ်ပါကြောင်း၊ ယင်းအမျိုးသမီးသည် ညပိုင်းတွင် နေပြည်တော်သို့ ဝင်ရောက်လာပြီး အမေစုကိုတွေ့ချင်သည်ဟု အော်၍ တောင်းဆိုပါကြောင်း၊ ယင်းသို့ဆောင်ရွက်မှုကို လုံခြုံရေးတာဝန်ကျ ဒုတိယရဲမှူးဦးစီးအဖွဲ့က ၎င်းအား မေးမြန်းခဲ့ပါကြောင်း၊ ထိုသို့ မေးမြန်းခဲ့သော်လည်း ၎င်းအနေဖြင့် တစ်စုံတစ်ရာ ပြောကြားမှုမရှိခဲ့ပါကြောင်း၊ ထို့နောက် ၎င်းအားစိစစ်ပြီး ၎င်း၏ ဖခင်အား တယ်လီဖုန်းဖြင့် ဆက်သွယ်ခဲ့ပါကြောင်း၊ ယင်းသို့ ဆက်သွယ်ခဲ့ရာတွင် ၎င်းအမျိုးသမီးမှာ မနက် ၁၀ နာရီအချိန်ကပင် နေအိမ်မှ ထွက်ခွာသွားခဲ့ကြောင်း၊ ၎င်းမှာ စိတ်ကျန်းမာရေးမကောင်းသည့်အတွက် ဆေးကုသမှုခံယူနေရသူဖြစ်ပါကြောင်း၊ ၎င်း၏ လူမှုကွန်ရက်တွင်လည်း တိုင်ချက်ဖွင့်လိုကြောင်း၊ မတရားမှုဖြစ်နေသည့်အတွက် ကယ်ဆယ်စေလိုကြောင်း၊ မှတ်ပုံတင်နံပါတ်မှာ ဘယ်လောက်ဖြစ်ပါကြောင်း၊ ၎င်းကို ကယ်ဆယ်နိုင်သည်မှာ တစ်ယောက်ပင်ရှိသည်ဟု ရေးသားထားပါကြောင်း၊ မေ ၁၅ ရက်တွင် ၎င်း၏ မိဘများ ရောက်ရှိလာပါကြောင်း၊ ယနေ့တွင် ကျန်းမာရေးစစ်ဆေးခဲ့ပါကြောင်း၊ ယင်းသို့ စစ်ဆေးခဲ့ရာတွင် အမှန်တကယ် ကျန်းမာရေးချို့ယွင်းသူဖြစ်သည်ကို သိရှိရပါကြောင်း၊ ၎င်း၏ မိဘများကို ခံဝန်ထိုးခိုင်းပါကြောင်း၊ ယင်းသို့ဆောင်ရွက်မှုကိုလည်း လူကြီးထံ သတင်းပို့ပါကြောင်း၊ ဆက်လက်ဆောင်ရွက်နိုင်ရန်လည်း တင်ပြခဲ့ပါကြောင်း၊ ၎င်းမှာ စိတ်ကျန်းမာရေးချို့ယွင်းပါက ပြန်လွှတ်ရန်နှင့် ဆေးကုသမှုခံယူနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် လမ်းညွှန်ခဲ့ပါကြောင်း၊ ၎င်းအား ရဲတပ်ဖွဲ့ လုံခြုံရေးဖြင့် ရန်ကုန်မြို့ရှိစိတ်ကျန်းမာရေးဆေးရုံကြီးသို့ ပို့ဆောင်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားပြီး သတင်းမီဒီယာများ၏ မေးခွန်းများနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းဖြေကြားခဲ့သည်။

**သတင်း-မျိုးမြင့်၊ ဟန်လင်းနိုင်၊ အောင်ရဲသွင်**
**ဓာတ်ပုံ-ဟိန်းမင်းစိုး**

# မန္တလေးတိုင်းဒေသကြီး ဒေသတွင်းအဝေးပြေးယာဉ်လိုင်းများအား တိုင်းဒေသကြီးအတွင်း ပြန်လည်ပြေးဆွဲရန် ခွင့်ပြု

**မန္တလေး မေ ၁၆**

မန္တလေးတိုင်းဒေသကြီးအစိုးရက ဒေသတွင်း အဝေးပြေးယာဉ်လိုင်းများကို ယနေ့မှစ၍ တိုင်းဒေသကြီးအတွင်း ပြေးဆွဲခွင့်ပြုလိုက်ပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီ(အဝေးပြေး)မှ သိရသည်။

"တိုင်းဒေသကြီးအတွင်းမှာပဲ ပြေးဆွဲရမယ်လို့ ညွှန်ကြားစာထွက်ထားပါတယ်။ တိုင်းဒေသကြီးအတွင်းမှာပဲ ပြေးဆွဲရမယ်ဆိုတော့ တောင်ဘက်ဆိုရင် ရမည်းသင်းအထိရမယ်၊ ပုဂံညောင်ဦးအထိရမယ်၊ အရှေ့ဘက်ဆိုရင် ပြင်ဦးလွင်အထိရမယ်၊ မြောက်ဘက်ကိုသွားမယ်ဆိုရင်တော့ တကောင်းအထိရမယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်း ပြေးဆွဲနေတဲ့ အဲဒီယာဉ်လိုင်းတွေ ပြေးဆွဲခွင့်ရပါမယ်"ဟု မန္တလေးတိုင်းဒေသကြီး ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီ(အဝေးပြေး) ဥက္ကဋ္ဌ ဦးအောင်ကျော်လင်းက ပြောသည်။

"ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ထားတဲ့ စံချိန်စံညွှန်းတွေနဲ့ အညီတော့ လုပ်ကြဖို့လိုပါတယ်။ ဒါကတော့ အရင်ချမှတ်ထားတဲ့ စည်းကမ်းချက်တွေ အတိုင်းပါပဲ။ အဓိကကတော့ ထိုင်ခုံတွေကို တစ်ခုနဲ့ တစ်ခု ခြားထားဖို့ မျက်နှာချင်းဆိုင်ခုံ မခင်းဖို့ပါ။ အဲဒီလိုမလိုက်နာရင်တော့ အရေးယူခံရမှာပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လက်ရှိတွင် မန္တလေးမြို့ရှိ ကားကွင်းများကို ဆေးဖျန်းခြင်းဆောင်ရွက်လျက်ရှိပြီး ယနေ့တွင် စတင်ပြေးဆွဲသော ယာဉ်လိုင်းအနည်းငယ်သာရှိကြောင်း သိရသည်။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နဲ့ မြို့နယ်တွေဆီ ခရီးသည်သယ်ယူပို့ဆောင်ရေးနဲ့ပတ်သက်လို့ ယာဉ်လိုင်းတွေကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ စံသတ်မှတ်ချက်၊ လမ်းညွှန်ချက်တွေနဲ့အညီ ခွင့်ပြုသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ယမန်နေ့တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

**လမ်းညွှန်ချက်များအတိုင်း လိုက်နာ**

ထို့သို့ ပြေးဆွဲခွင့်ပြုရာတွင် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များနှင့် စီးနင်းသူများအနေဖြင့် နှာခေါင်းစည်းတပ်ဆင်ရန်နှင့် လက်ဆေးရန်၊ ယာဉ်ကို ပိုးသတ်ဆေးဖျန်းခြင်းများ လုပ်ဆောင်ရန်၊ ခရီးသည်တင်ဆောင်ရာတွင် လိုက်နာရမည့်အချက်များအတိုင်း ပြေးဆွဲရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လမ်းညွှန်ချက်များအတိုင်း လိုက်နာပြေးဆွဲရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးပြင်ပ အဝေးပြေးခရီးသည်ယာဉ်လိုင်းများကိုမူ ပြေးဆွဲခွင့်မပြုသေးကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

**COVID- 19 ရောဂါ ကာကွယ်ဖို့**
**မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့**



# မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ အတ္တရံမြစ်ကူး(စံပယ်ဂူ)တံတားတည်ဆောက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး



**ကျိုက်မရော မေ ၁၆**
မွန်ပြည်နယ်ဝန် ကြီးချုပ်ဒေါက်တာအေးဇံသည် ယမန်နေ့ ညနေ ၅ နာရီက ကျိုက်မရောရှိ အတ္တရံမြစ်ကူး(စံပယ်ဂူ) တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး တံတားပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**ဖြည့်စွက်မှာကြား**

ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား ဆောက်လုပ်ရေးတံတားအထူးအဖွဲ့ ရှင်းလင်းဆောင်၌ သက်ဆိုင်ရာတာဝန်ရှိသူများက တံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကို အပိုင်းအလိုက် ရှင်းလင်းတင်ပြခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများအား ဖြည့်စွက်မှာကြားခဲ့ပြီး တံတားတည်ဆောက်နေသည့် လုပ်ငန်းခွင်အတွင်း လှည့်လည် ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

အဆိုပါတံတားကြီးမှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလမှ စတင်ဆောက်လုပ်ခဲ့ပြီး လက်ရှိအချိန်ထိ ၇၇ ဒသမ ၇ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ သတ်မှတ်ချိန်အမီ ပြီးစီးမည်ဖြစ်ပြီး တံတားကြီး၏ ကုန်ကျစရိတ် စုစုပေါင်းတန်ဖိုးမှာ ၂၀ ဒသမ ၄၄၈ ဘီလီယံ(ကျပ်သိန်းပေါင်း နှစ်သိန်း လေးသောင်း လေးထောင်ရှစ်ရာ ငါးဆယ်)ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

# မန္တလေးမြို့၌ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ စေတနာ့ဝန်ထမ်း ဆင့်ပွားသင်တန်းဖွင့်

**မန္တလေး မေ ၁၆**
အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ အစီအစဉ်ဖြင့် မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး) နှင့် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနတို့ ဦးဆောင်ဖွင့်လှစ်သော ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ စေတနာ့ဝန်ထမ်းဆင့်ပွားသင်တန်းကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ကနောင်ခန်းမရှိ ရွှေအိုးသင်တန်းခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်မင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး)မှ သင်တန်းနည်းပြများက စေတနာ့ဝန်ထမ်းများအနေဖြင့် လိုက်နာရမည့် ကျင့်ဝတ်များ၊ စည်းကမ်းများနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါဆင့်ပွားသင်တန်းကို မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး)မှ စေတနာ့ဝန်ထမ်း သင်တန်းဆင်းများက ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များမှ သင်တန်းသား သင်တန်းသူ ၂၀၀ ခန့်အား တစ်ကြိမ်လျှင် ၅၀ ဖြင့် လေးကြိမ်ခွဲကာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ တစ်ရက်ဖြစ်သည်။

သင်တန်းတွင် ဆက်သွယ်ပြောဆိုမှုဆိုင်ရာ၊ စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးခြင်း၊ မိမိကိုယ်ကို ရောဂါကာကွယ်နည်းလမ်းများ၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံအသုံးပြုပုံနှင့် အမှိုက်စွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး အစရှိသည်များကို ပို့ချသွားမည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ စေတနာ့ဝန်ထမ်းဆင့်ပွားသင်တန်းများကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတွင် ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**



# ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းနှင့် ပညာပေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်

**မြန်အောင် မေ ၁၆**
ဟသ်ာတခရိုင် မြန်အောင်မြို့နယ် တာခွတဲကြီးကုန်းကျေးရွာအုပ်စု တာခွကျေးရွာ အထကရှိ သွားလာမှုကန့်သတ်ထားရှိသည့် နေရာပတ်ဝန်းကျင်နှင့် ကျေးရွာအတွင်းပိုးသတ်ဆေးဖျန်းခြင်း၊ အဝတ်နှာခေါင်းစည်းများနှင့်ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းများကို မေ ၁၄ ရက်နံနက်က ဌာနဆိုင်ရာများနှင့်လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် သွားလာမှု ကန့်သတ်ထားရှိသည့် တာခွကျေးရွာ အထက ပတ်ဝန်းကျင်နှင့် ကျေးရွာဘုန်းတော်ကြီးကျောင်း ကျေးရွာစာကြည့်တိုက်၊ ဗိုလ်ချုပ်ကြေးရုပ်ရင်ပြင်၊ ရွာတွင်းလမ်းများ၊ ဈေးဆိုင်များနှင့် နေအိမ်ခြံဝင်းများအတွင်း ပိုးသတ်ဆေးဖျန်းခြင်း၊ အဝတ်နှာခေါင်းစည်းနှင့် လက်ကမ်းစာစောင်များ အိမ်တိုင်ရာရောက်ဝေငှပေးခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်အသိပေးချက်များအား အသိပေးနှိုးဆော်ခြင်းများကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို မြန်အောင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ တာခွတဲကြီးကုန်း ကျေးလက်ကျန်းမာရေးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့မှဝန်ထမ်းများ၊ ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းဝင်များ၊ လဝန်းရောင်ခြည်ပရဟိတလူငယ်အဖွဲ့ဝင်များနှင့် Youth Club အဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။



**ထွန်းဇော်ထွန်း(ပြန်/ဆက်)**

# ဝက်လက်မြို့၌ အခြေခံလူတန်းစား အိမ်ထောင်စု ၁၀၀၀ ကို စားသောက်ကုန်များ လက်ဝယ်အရောက်ဖြန့်ဝေ

**ဝက်လက် မေ ၁၆**
စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက် မြို့တွင် အခြေခံလူတန်းစား အိမ်ထောင်စုပေါင်း ၁၀၀၀ အား အခြေခံစားသောက်ကုန် လေးမျိုးကို ယမန်နေ့ ညနေပိုင်းက ဝက်လက်မြို့ ပိတောက်ဝါ ကဖေးဆိုင်ရှေ့၌ လက်ဝယ်အရောက် ဖြန့်ဝေခဲ့သည်။

ကိုဗစ်-၁၉ ကာလအတွင်း ဝက်လက်မြို့နယ်တွင် WE LOVE WETLET အဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပြီး မြို့ပေါ်ရှိ လုပ်ငန်းရှင်များထံမှ အလှူငွေကျပ်သိန်း ၁၀၀ ရရှိခဲ့ သည်။ WE LOVE WETLET အဖွဲ့က စားဝတ်နေရေးခက်ခဲသော အခြေခံလူတန်းစား အိမ်ထောင်စုများစာရင်းကို ကွင်းဆင်းကောက်ယူရာ အိမ်ထောင်စု ၁၀၀၀ ခန့် ရှိကြောင်း သိရသည်။ ကိုဗစ်-၁၉ ကာလအတွင်း လူစုလူဝေး မဖြစ်စေရေးအတွက် တစ်ဦးနှင့်တစ်ဦး သုံးပေအကွာ နေရာသတ်မှတ်ပေးပြီး နှာခေါင်းစည်းများ တပ်ဆင်စေ၍ ပထမနေ့တွင် အမှတ်(၂) ရပ်ကွက်ရှိ အိမ်ထောင်စု ၂၇၀ ကို လက်ဝယ်အရောက်ဖြန့်ဝေပြီး ကျန်ရှိသော အမှတ် (၁)၊ (၃) ရပ်ကွက်နှင့် ကတက်ကုန်းကျေးရွာ၊ မင်းစုကျေးရွာတို့ကို ဆက်လက်၍ ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခြေခံစားသောက်ကုန် လေးမျိုးမှာ ဆန် လေးပြည်၊ ဆီ ၅၀ ကျပ်သား၊ ပဲတစ်ပိဿာ၊ ငါးသေတ္တာတစ်ဘူးတို့ဖြစ်ကြောင်း WE LOVE WETLET အဖွဲ့ဝင် ဦးဖုန်းမြင့်ထံမှ သိရသည်။

**စိုးစိုးလှိုင်(ဝက်လက်)**




# ဘုန်းမြင့်ကျော်(ခ)မောင်မောင် Chinese 8 Ball ပြိုင်ပွဲတွင် ခြောက်ပွဲဆက်အနိုင်ရပြီး ဒုတိယအဆင့်သို့ တက်ရောက်

**ရန်ကုန် မေ ၁၆**
Chinese 8 Ball ပြိုင်ပွဲ ပထမအဆင့်အုပ်စုပွဲများကို ယနေ့ညနေပိုင်းက တရုတ်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာ Pool ကစားသမား ဘုန်းမြင့်ကျော်(ခ) မောင်မောင်သည် ခြောက်ပွဲဆက်အနိုင်ရပြီး ဒုတိယအဆင့်သို့ တက်ရောက်သွားသည်။

ဘုန်းမြင့်ကျော်သည် ဆဋ္ဌမပွဲအဖြစ် တရုတ်ကစားသမား ဝူကျန်ယုနှင့် ယှဉ်ပြိုင်ကစားရာ အကြိတ်အနယ်ယှဉ်ပြိုင်ကစားပြီး ၂၁ ပွဲ- ၁၉ ပွဲဖြင့် အနိုင်ရခဲ့သည်။ ဘုန်းမြင့်ကျော်သည် ယခုပွဲတွင် ပြိုင်ပွဲအစ၌ အမှားနည်းကာ တောက်လျှောက်ဦးဆောင်နိုင်ခဲ့သော်လည်း ပွဲငယ် ၁၇ ပွဲမြောက် နိုင်ပွဲရယူပြီးချိန်တွင် ပြိုင်ဘက်ကစားသမားကို အခွင့်အရေး ပြန်ပေးခဲ့ရသည်။ အမှားအချို့ရှိခဲ့သည့် ဘုန်းမြင့်ကျော်ကြောင့် ဝူကျန်ယု အခွင့်အရေးပြန်ရခဲ့ပြီး ၁၇ ပွဲစီ တူညီသွားသလို ၁၈ ပွဲ- ၁၇ ပွဲဖြင့် ဝူကျန်ယုက ပြန်လည်ဦးဆောင်နိုင်ခဲ့သည်။

ထို့ကြောင့် ဘုန်းမြင့်ကျော်သည် Time-out လုပ်ကာ ပြန်လည်ပြင်ဆင်ပြီး ယှဉ်ပြိုင်ခဲ့ရာ နိုင်ပွဲပြန်ရခဲ့သဖြင့် ၁၈ ပွဲစီ တူညီသွားခဲ့သည်။ နောက်ပိုင်းတွင် ဘုန်းမြင့်ကျော်က တောက်လျှောက်နိုင်ပွဲရရှိကာ ပွဲ ၂၀ အထိ အနိုင်ရခဲ့ပြီး ဝူကျန်ယုက တစ်ပွဲပြန်နိုင်သော်လည်း ပွဲငယ် ၄၀ ပွဲမြောက်တွင် နိုင်ပွဲရယူနိုင်ခဲ့သောကြောင့် ၂၁ ပွဲ-၁၉ ပွဲဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဘုန်းမြင့်ကျော်သည် ဒုတိယပိုင်း တစ်ဝက်လောက်တွင် ပြိုင်ဘက်ကို အခွင့်အရေးပြန်ပေးခဲ့ရသောကြောင့် နိုင်ပွဲရရန် ရုန်းကန်ခဲ့ရခြင်းဖြစ်သည်။

ဘုန်းမြင့်ကျော်သည် ခြောက်ပွဲဆက် အနိုင်ရလဒ်ဖြင့် နောက်တစ်ဆင့်တက်သွားပြီး ယခုပြိုင်ပွဲတွင် ပွဲတိုင်းအနိုင်ရထားသည့် တစ်ဦးတည်းသောကစားသမားအဖြစ် ရပ်တည်နေသည်။

ဘုန်းမြင့်ကျော်သည် အုပ်စုနောက်ဆုံးပွဲအဖြစ် မေ ၃၁ ရက်တွင် ချူဘင်ဂျီနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း – ရှိုင်းထက်ဇော်**
**ဓာတ်ပုံ – Ko Ar Ti Facebook**

# ယခုနှစ်မကုန်မီ ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးထုတ်လုပ်ရန် ကြိုးပမ်းမည်ဟု ဒေါ်နယ်ထရမ့် ပြော

**ဝါရှင်တန် မေ ၁၆**

ယခုနှစ်မကုန်မီ ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးတစ်မျိုး စမ်းသပ်ထုတ်လုပ်ရန် အစိုးရအဖွဲ့က ကြိုးပမ်းမှုများ အရှိန်မြှင့်လုပ်ဆောင်မည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောသည်။

**ဖြန့်ဖြူးရန်ဖြစ်**

ဒေါ်နယ်ထရမ့်က ကိုဗစ်-၁၉ ကာကွယ်ဆေးထုတ်လုပ်မည့် စီမံကိန်းကို ယမန်နေ့က အိမ်ဖြူတော်၌ ကြေညာခဲ့သည်။ ရည်ရွယ်ချက်မှာ ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးတစ်မျိုး ဖြစ်နိုင်သမျှ မြန်မြန်ဆန်ဆန်ထုတ်လုပ်၊ ဖြန့်ဖြူးရန်ဖြစ်ကြောင်း ၎င်းက ပြောသည်။ "ကျွန်တော်တို့ ဒီနှစ်မကုန်မီ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးထုတ်လုပ်တာကို မြင်တွေ့ချင်ပါတယ်"ဟု ၎င်းက ဆိုသည်။ ယခုကြိုးပမ်းမှုမှာ မန်ဟတ်တန်စီမံကိန်းနောက်ပိုင်း အမေရိကန်နိုင်ငံ ကြုံတွေ့ခဲ့ရသည့် အခြားစီမံကိန်းများနှင့် ကွာခြားမှုရှိကြောင်း ဒေါ်နယ်ထရမ့်က ပြောသည်။

ဒေါ်နယ်ထရမ့်က ပထမဆုံးသော အဏုမြူဗုံးထုတ်လုပ်သည့် ဒုတိယကမ္ဘာစစ်အစီအစဉ်ကို ရည်ညွှန်းခဲ့ခြင်းဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေး စမ်းသပ်ထုတ်လုပ်ရန် ငွေကြေးထောက်ပံ့မှု အပြည့်အဝပေးရန်နှင့် ဥပဒေပိုင်းဆိုင်ရာ အတည်ပြုမှုများအတွက် လုပ်ငန်းစဉ်များ ရှင်းလင်းလွယ်ကူစေရန် ၎င်းက ကတိပြုခဲ့သည်။ သို့သော်လည်း ကာကွယ်ဆေးထုတ်လုပ်နိုင်မှု အလားအလာနှင့်ပတ်သက်၍ သိပ္ပံပညာရှင်များက သံသယရှိကြောင်း ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးထုတ်လုပ်မှုမှာ အစောဆုံးလာမည့်နှစ်အထိ ကြာမြင့်မည်ဟု အများစုက ယူဆကြသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-ကျော်ထိုက်စိုး




# ကိုဗစ်-၁၉ လူနာအားလုံး ပြန်လည်ကျန်းမာလာပြီး ကူးစက်ခံရသူ ထပ်မံမတွေ့ရှိဟု ကမ္ဘောဒီးယား ပြောကြား

**ဖနောင်ပင် မေ ၁၆**

ကမ္ဘောဒီးယားနိုင်ငံအတွင်းရှိကိုဗစ်-၁၉ လူနာ ၁၂၂ ဦးစလုံး ပြန်လည်ကျန်းမာလာပြီဖြစ်ကြောင်းနှင့် တစ်လကျော်ကာလအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ လူနာသစ် မတွေ့ရှိတော့ကြောင်း ကမ္ဘောဒီးယားအစိုးရက ယနေ့ ပြောကြားသည်။

**ဆေးရုံမှဆင်းခွင့်ပြု**

ပြန်လည် ကျန်းမာလာသည့် နောက်ဆုံးလူနာသည် နိုင်ငံ၏ အနောက်မြောက်ပိုင်း ဘန်တေးမိန်းချေပြည်နယ်၊ ပွိုင်ပက်မြို့မှ အသက် ၃၆ နှစ်အရွယ် ကမ္ဘောဒီးယား အမျိုးသမီးဖြစ်ကြောင်း၊ ၎င်းလူနာကို ဖနောင်ပင်မြို့ရှိ ခမာ-ဆိုဗီယက် ချစ်ကြည်ရေးဆေးရုံမှ ယနေ့တွင် ဆေးရုံမှ ဆင်းခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယခုအချိန်အထိ သံသယလူနာပေါင်း ၁၄၆၈၄ ဦး၏ ခတ်ခွဲနမူနာများကို စမ်းသပ်စစ်ဆေးခဲ့ပြီး ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် အော်ဗန်ဒင်းက ပြောကြားသည်။



**လူနာသစ်မတွေ့ရှိ**

ကမ္ဘောဒီးယားနိုင်ငံသည် တစ်လကျော်ကာလအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသည့်လူနာသစ် မတွေ့ရှိသော်လည်း ဗိုင်းရပ်စ်ကူးစက်မှု ဒုတိယလှိုင်းဂယက်ကို ရှောင်ရှားနိုင်ရန်အတွက် အထူးသတိပြုနေထိုင်ကြရန် ၎င်းက ပြည်သူများကို မေတ္တာရပ်ခံခဲ့သည်။

ကိုဗစ်-၁၉ လူနာအားလုံး ပြန်လည်ကျန်းမာလာပြီး လူနာသစ် မတွေ့ရှိတော့သော်လည်း ဗိုင်းရပ်စ် ကူးစက်မှုအန္တရာယ်ရှိနေသေးကြောင်း၊ အဘယ်ကြောင့်ဆိုသော် ကမ္ဘာနှင့် ဒေသတွင်းနိုင်ငံများ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသည့်လူနာအသစ်များ တိုးလာနေဆဲဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

၎င်းပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ်က ပြည်သူများကို နှာခေါင်းစည်းများ ဆက်လက်တပ်ဆင်ကြရန်၊ လက်ကို အရက် သို့မဟုတ် ဘက်တီးရီးယားသေစေနိုင်သည့် လက်ဆေးရည်ဖြင့် မကြာခဏဆေးကြရန်၊ လူအုပ်ထဲသို့ သွားလာခြင်းကို ရှောင်ကြဉ်ကြရန် အကြံပြုသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အောင်ဇော်လင်း

# အမေရိကန်က အိန္ဒိယသို့ အသက်ရှူအထောက်အကူပြုကိရိယာများ လှူဒါန်းမည်ဟု ဒေါ်နယ်ထရမ့် ဆို

**ဝါရှင်တန် မေ ၁၆**

အမေရိကန်နိုင်ငံက ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရာတွင် ကူညီသည့်အနေဖြင့် အိန္ဒိယနိုင်ငံသို့ အသက်ရှူအထောက်အကူပြုကိရိယာများ လှူဒါန်းမည်ဟု သမ္မတ ဒေါ်နယ်ထရမ့်က ကြေညာလိုက်သည်။

ဒေါ်နယ်ထရမ့်က နှစ်နိုင်ငံအကြား အနီးကပ် ပူးပေါင်းဆောင်ရွက်မှုကို မီးမောင်းထိုးပြခဲ့ပြီး အိန္ဒိယဝန်ကြီးချုပ် နရန်ဒရာမိုဒီကို မိတ်ဆွေကောင်းဟု ခေါ်ဆိုခဲ့သည်။ ကမ္ဘာတစ်ဝန်း၌ လူပေါင်း ၃၀၇၆၆၆ ဦးသေဆုံးခဲ့ပြီး ၄ ဒသမ ၅ သန်းကျော် ကူးစက်ခံခဲ့ရသည့် ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးထုတ်လုပ်ရန် အမေရိကန်နှင့်အိန္ဒိယက ပူးပေါင်းဆောင်ရွက်နေကြောင်း ဒေါ်နယ်ထရမ့်က ပြောသည်။ အမေရိကန်နိုင်ငံက အိန္ဒိယနိုင်ငံသို့ အသက်ရှူအထောက်အကူပြုကိရိယာများလှူဒါန်းရန် ကြေညာရသည့်အတွက် ဂုဏ်ယူမိကြောင်း ၎င်းက တွစ်တာ၌ ရေးသားခဲ့သည်။

"ကျွန်တော် ဝန်ကြီးချုပ် မိုဒီနဲ့ စကားပြောဆိုခဲ့ပါတယ်။ ကျွန်တော်တို့ အိန္ဒိယနိုင်ငံကို အသက်ရှူအထောက်အကူပြုကိရိယာတွေ ပေးပို့မှာဖြစ်ပါတယ်" ဟု ဒေးဗစ်စခန်းသို့ သွားရောက်ရန် Marine One လေယာဉ်ပေါ်သို့ မတက်ရောက်မီ ဒေါ်နယ်ထရမ့်က သတင်းထောက်များသို့ ပြောကြားခဲ့သည်။ မမြင်ရသောရန်သူကို မိမိတို့ အတူတကွ တိုက်ဖျက်မည်ဖြစ်ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကာလအတွင်း အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မိုဒီတို့နှင့်အတူ ရပ်တည်ပါကြောင်း ၎င်းကအိမ်ဖြူတော်၌ သတင်းထောက်များသို့ ပြောကြားခဲ့သည်။

ဒေါ်နယ်ထရမ့်၏ မေတ္တာရပ်ခံချက်ကြောင့် အမေရိကန်နိုင်ငံရှိ ကိုဗစ်-၁၉ လူနာများကိုကုသရန် ငှက်ဖျားရောဂါကုသဆေး ဟိုက်ဒရိုကလိုရိုကွင်း ဆေးပြားအလုံး သန်း ၅၀ တင်ပို့မှုကို အိန္ဒိယနိုင်ငံက ပြီးခဲ့သည့်လအတွင်း ခွင့်ပြုခဲ့သည်။

ကိုးကား-ပီတီအိုင်၊ ဘာသာပြန်-ကျော်ထိုက်စိုး

# ကလေးငယ်များတွင် အဖြစ်များသော ကာဝါဆာကီရောဂါနှင့်ဆင်တူသည့် ခန္ဓာကိုယ်ရောင်ရမ်းသည့် ရောဂါနှင့်ပတ်သက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သတိပေး

**ကုလသမဂ္ဂ မေ ၁၆**

ကိုရိုနာဗိုင်းရပ်စ်ရောဂါနှင့် ဆက်စပ်နိုင်ဖွယ်ရှိသည့် ကလေးငယ်များအကြား ကူးစက်မှုနှုန်းမြင့်မားသော ခန္ဓာကိုယ်ရောင်ရမ်းသည့် ရောဂါနှင့်ပတ်သက်ပြီး သတိပြုကာကွယ်ကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆရာဝန်များအား သတိပေးပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုနှင့် ဥရောပနိုင်ငံများ၌ ကလေးငယ်များတွင် အဖြစ်များသော ခန္ဓာကိုယ်ရောင်ရမ်းသည့်ရောဂါကူးစက်မှုနှုန်း မြင့်တက်လျက်ရှိသည်။ အဆိုပါရောဂါသည် ခန္ဓာကိုယ်အတွင်းရှိ သွေးကြောများ ရောင်ရမ်းမှုကို ဖြစ်ပေါ်စေပြီး ၎င်း၏ရောဂါလက္ခဏာများသည် ကာဝါဆာကီရောဂါလက္ခဏာများနှင့် တူညီမှုရှိသည်။

ကာဝါဆာကီရောဂါဆိုသည်မှာ ခန္ဓာကိုယ်အတွင်းရှိ သွေးကြောများ ရောင်ရမ်းပြီး ဖျားနာမှုဝေဒနာများ ခံစားရသည့် ရောဂါတစ်မျိုးဖြစ်သည်။ အများအားဖြင့် ငါးနှစ်အောက်ကလေးငယ်များတွင် ရောဂါကူးစက်မှုနှုန်းမြင့်မားသည်။ ကာဝါဆာကီရောဂါခံစားရပါက ကလေးငယ်၏ နှလုံးဆီသို့ သွေးများသယ်ဆောင်ပေးသော သွေးလွှတ်ကြောများ ပျက်စီးမှုကို ဖြစ်စေသည်။

လက်ရှိအချိန်တွင် ကလေးငယ်များတွင်ဖြစ်ပွားလျက်ရှိသည့် ကာဝါဆာကီရောဂါနှင့်တူသော ခန္ဓာကိုယ်ရောင်ရမ်းသည့်ရောဂါသည် ကိုဗစ်-၁၉ ရောဂါနှင့် ဆက်စပ်မှုရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့အတွင်းရေးမှူးချုပ် တီဒရိုစ်အက်နွမ်ဂါဘရီယီဆက်စ်က မေ ၁၅ ရက်တွ င် ဂျီနီဗာမြို့၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ထို့ပြင် အဆိုပါ ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကမ္ဘာတစ်ဝန်းရှိ ဆရာဝန်များအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်းလုပ်ဆောင်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ စပိန်၊ ဆွစ်ဇာလန်နှင့် ဩစတြေးလျနိုင်ငံများတွင် ကိုဗစ်-၁၉နှင့် ဆက်စပ်မှုရှိသည့် ကာဝါဆာကီရောဂါနှင့်ဆင်တူသော ခန္ဓာကိုယ်ရောင်ရမ်းသည့် ရောဂါကူးစက်ခံစားနေရသည့် ကလေးငယ် ၁၀၀ ကျော်ရှိကြောင်း သိရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အောင်ကျော်ကျော်



# တောင်အာဖရိက၌ ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၈၅ ဦး စံချိန်တင်တွေ့ရှိ

**ကိတ်တောင်း မေ ၁၆**
တောင်အာဖရိက၌ မေ ၁၅ ရက်က ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၇၈၅ ဦး စံချိန်တင်စစ်ဆေးတွေ့ရှိခဲ့သည်။

၂၄ နာရီအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၇၈၅ ဦးတွေ့ရှိခဲ့ခြင်းသည် နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ပထမဆုံးတွေ့ရှိခဲ့သည့် မတ်လအစောပိုင်းမှစပြီး ရောဂါကူးစက်မှုနှုန်းအမြင့်မားဆုံးဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီး ဇွဲလီမာဟော့ဇ်က ဆိုသည်။

လက်ရှိအချိန်အထိ တောင်အာဖရိက၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၃၅၂၄ ဦး၊ သေဆုံးသူ ၂၄၇ ဦးနှင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၆၀၈၃ ဦးရှိကြောင်း သိရသည်။

နိုင်ငံအတွင်း ပြည်သူ ၄၂၁၅၅၅ ဦးအား ဆေးစစ်မှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီး ဇွဲလီမာဟော့ဇ်က ပြောကြားခဲ့သည်။

လွန်ခဲ့သော ရက်အနည်းငယ်အတွင်း၌ ဗိုင်းရပ်စ်ကူးစက်မှုနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိသော်လည်း ဗိုင်းရပ်စ်ကာကွယ်ရေး စည်းမျဉ်းများကို ပြန်လည်ဖြေလျှော့ပေးရန် တောင်အာဖရိကအစိုးရက စီစဉ်လျက်ရှိသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်




# အိန္ဒိယ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူဦးရေ တရုတ်နိုင်ငံထက် ကျော်လွန်

**နယူးဒေလီ မေ ၁၆**
အိန္ဒိယနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူဦးရေသည် တရုတ်နိုင်ငံမှ ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူဦးရေထက် ကျော်လွန်သွားပြီး အာရှတွင် အများဆုံးဖြစ်လာကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ယနေ့ နံနက်အစောပိုင်းအထိ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံရသည့် လူနာဦးရေမှာ ၃၉၇၀ ရှိခဲ့ကြောင်း အိန္ဒိယအစိုးရက ပြောကြားသည်။ အိန္ဒိယနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူဦးရေမှာ ၈၅၉၄၀ ထိ ရှိလာပြီး သေဆုံးသူ ၂၇၅၂ ဦး ရှိသည်။

မတ်လနှောင်းပိုင်းမှစတင်ကာ အိန္ဒိယနိုင်ငံတစ်ဝန်းလုံး အသွားအလာပိတ်ပင်မှု ချမှတ်၍ ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့ဖြစ်ပွားမှုကို ထိန်းချုပ်ရန် ကြိုးပမ်းခဲ့သော်လည်း လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း၌ ယင်းဗိုင်းရပ်စ်ပိုး ကူးစက်သူအရေအတွက်သည် နေ့စဉ် ၄၀၀၀ နီးပါးရှိခဲ့သည်။

အိန္ဒိယနိုင်ငံတွင်း၌ အသွားအလာ ကန့်သတ်မှုများနှင့် ပိတ်ဆို့ထားမှုများကြောင့် စီးပွားရေးဆိုင်ရာ ပျက်စီးဆုံးရှုံးမှုများနှင့် အလုပ်လက်မဲ့ဦးရေ များပြားမှုအပေါ် စိုးရိမ်ပူပန်မှုများ မြင့်တက်လာခြင်းကြောင့် အိန္ဒိယအစိုးရက ဧပြီလနှောင်းပိုင်းတွင် အသွားအလာပိတ်ပင်မှုများကို အဆင့်အလိုက် ဖြေလျှော့မှုများ စတင်ပြုလုပ်ခဲ့သည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန် - ဇော်ဝင်း




# ဒုတိယမြောက် ဘရာဇီး ကျန်းမာရေးဝန်ကြီး တစ်လအတွင်း ရာထူးမှနုတ်ထွက်

**ရီယိုဒီဂျနေးယိုး မေ ၁၆**
အစိုးရ၏ ကိုရိုနာဗိုင်းရပ်စ်ကိုင်တွယ်ဖြေရှင်းမှုတွင် သဘောထားကွဲလွဲမှုများကြောင့် မကြာသေးမီက ခန့်အပ်ခံခဲ့ရသည့် ဘရာဇီး ကျန်းမာရေးဝန်ကြီး ဒေါက်တာ နယ်လ်ဆင်တိချ်သည် ယမန်နေ့က ရာထူးမှနုတ်ထွက်ခဲ့ကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ် အကျပ်အတည်းကို မည်သို့တုံ့ပြန်သင့်သည်ဆိုသော အငြင်းပွားမှုများကြောင့် ဘရာဇီးသမ္မတ ဂျာဘိုလ်ဆိုနာရိုက ကျန်းမာရေးဝန်ကြီးဟောင်း လူးဝစ်ဇ်ဟင်းနရစ်မန်ဒက်တာကို ရာထူးမှထုတ်ပယ်ပြီး ဧပြီ ၁၇ ရက်တွင် နယ်လ်ဆင်ကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ နယ်လ်ဆင်မှာ ပုဂ္ဂိုလ်ရေးအကြောင်းပြချက်များကြောင့် နုတ်ထွက်ခဲ့ခြင်းဖြစ်ပြီး သမ္မတ ဘိုလ်ဆိုနာရိုက ကျန်းမာရေးဝန်ကြီး နုတ်ထွက်မှုအပေါ် မှတ်ချက်မပေးခဲ့ကြောင်း အစိုးရအဖွဲ့ အကြီးအကဲ ဘရာဂါနတ်တိုက သတင်းထောက်များသို့ ပြောကြားခဲ့သည်။

ဘရာဇီးနိုင်ငံ၏ စီးပွားရေးလိုအပ်ချက်များကို ထိန်းညှိရန်နှင့် ကိုဗစ်-၁၉ ကပ်ရောဂါအရေး ကိုင်တွယ်ရန် ရည်ရွယ်ချက်ဖြင့် ဝန်ကြီးတာဝန်ယူခဲ့ခြင်းဖြစ်ကြောင်း နယ်လ်ဆင်က ပြောသည်။ သမ္မတ ဘိုလ်ဆိုနာရိုက တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေအစီအမံများကို ဆန့်ကျင်ခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လင့်ကစား စီးပွားရေးပြန်လည်စတင်ရန် တွန်းအားပေးခဲ့သည်။ နယ်လ်ဆင်က ကိုရိုနာဗိုင်းရပ်စ်လူနာများသို့ ငှက်ဖျားဆေး ကလိုရိုကွင်း ပေးဝေမှုကို ကန့်ကွက်ခဲ့သည်။ ဘရာဇီး ကျန်းမာရေးဝန်ကြီးဌာနက အရေးပေါ်အခြေအနေများတွင် ကိုရိုနာဗိုင်းရပ်စ်လူနာများအတွက် ကလိုရိုကွင်းဆေးဝါးအသုံးပြုရန် ယခင်က ခွင့်ပြုခဲ့သည်။

ကိုဗစ်-၁၉ လူနာများ ကုသရာတွင် ကလိုရိုကွင်းဆေး အသုံးပြုမှုနှင့်ပတ်သက်၍ စည်းမျဉ်းများ ဖြေလျှော့မည်ဟု မေ ၁၄ ရက်ကကျင်းပသည့် ဗီဒီယိုကွန်ဖရင့်တစ်ခုအတွင်း သမ္မတ ဘိုလ်ဆိုနာရိုက စီးပွားရေးလုပ်ငန်းရှင်များသို့ ပြောကြားခဲ့သည်။

ကိုးကား - အေပီ
ဘာသာပြန် - ကျော်ထိုက်စိုး

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ စုံစမ်းစစ်ဆေးရေးအကြီးအကဲ စတိဗ်လီနစ်အား ရာထူးမှထုတ်ပယ်



**ဝါရှင်တန် မေ ၁၆**
အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က နိုင်ငံခြားရေးဝန်ကြီးဌာနမှ စုံစမ်းစစ်ဆေးရေး အကြီးအကဲ စတိဗ်လီနစ်အား ရာထူးမှထုတ်ပယ်လိုက်ကြောင်း သိရသည်။ ယခုကဲ့သို့ ရာထူးမှထုတ်ပယ်ရခြင်းမှာ စတိဗ်သည် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုအား စုံစမ်းထောက်လှမ်းခဲ့ခြင်းကြောင့်ဖြစ်သည်။

ယခုဆောင်ရွက်ချက်သည် တရားမဝင်သော တုံ့ပြန်ဆောင်ရွက်ချက်တစ်ရပ်ဖြစ်ကြောင်း အောက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီအကြီးအကဲ အီလီယိုက်အန်ဂျယ်က ပြောကြားသည်။ ကွန်ဂရက်မှ ဒီမိုကရက်ပါတီဝင် လွှတ်တော်အမတ်တစ်ဦးက ပြောကြားရာတွင် လီနစ်သည် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုအား ခန့်အပ်ထားသည့်ရာထူးကို မိမိနှင့်ဇနီး၏ ကိုယ်ကျိုးအတွက် အသုံးချနေသည်ဟူသော စွပ်စွဲချက်များအပေါ် စုံစမ်းထောက်လှမ်းမှုပြုလုပ်ခဲ့သည်ဟု ပြောကြားသည်။

လီနစ်အား ရာထူးမှထုတ်ပယ်ခြင်းနှင့်ပတ်သက်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှ အတည်ပြုပြောကြားခဲ့သော်လည်း မိုက်ပွန်ပီယိုအား စုံစမ်းစစ်ဆေးခြင်းရှိ၊ မရှိနှင့်ပတ်သက်ပြီး ပြောကြားခြင်းမရှိချေ။ စုံစမ်းစစ်ဆေးရေးအကြီးအကဲ ခန့်အပ်မည့်သူမှာ ဒုတိယသမ္မတ မိုက်ပန့်စ်၏ လက်ထောက်ဟောင်း စတီဗင်အားကတ်ဖြစ်ကြောင်း သိရသည်။ အားကတ်သည် အမေရိကန်နိုင်ငံ သံတမန်ဆက်ဆံရေးရုံး၏ အကြီးအကဲ ဖြစ်သည်။

လီနစ်သည် နိုင်ငံ၏ အခြေခံဥပဒေနှင့် အမျိုးသားလုံခြုံရေးကို ထိန်းသိမ်းစောင့်ရှောက်သောတာဝန်ကို ထမ်းဆောင်ရင်း အပြစ်ပေးခံရသည်ဟု လွှတ်တော်ဥက္ကဋ္ဌ နန်စီပလိုစီက ပြောကြားသည်။

ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - စိုးသူရ

# ထိုင်းနိုင်ငံ၌ ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ တစ်ပတ်အတွင်း ဒုတိယအကြိမ် မတွေ့ရှိ

**ဗန်ကောက် မေ ၁၆**
ထိုင်းနိုင်ငံ၌ ရက်သတ္တပတ်အတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ဒုတိယအကြိမ် ထပ်မံတွေ့ရှိခြင်းမရှိကြောင်း ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာစင်တာမှ ပြောရေးဆိုခွင့်ရှိသူ တဝါစင် ဗီဆာနူရိုသင်းက ယနေ့တွင် ပြောကြားသည်။

ထို့အပြင် သေဆုံးမှုလည်း မတွေ့ရှိရကြောင်း ၎င်းကပြောကြားသည်။ ထိုင်းနိုင်ငံ၌ မတ် ၂၂ ရက်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၈၈ ဦးရှိခဲ့ရာမှ ယခုအချိန်တွင် ကူးစက်ခံရသူ အနည်းငယ်သာရှိကြောင်း တဝါစင်က ပြောကြားသည်။ ထိုင်းနိုင်ငံ၌ ယခုအချိန်တွင် ကိုရိုနာ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၀၂၅ ဦးနှင့် သေဆုံးသူ ၅၆ ဦးရှိကြောင်း၊ ပြည်နယ် ၅၀ တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ တစ်ဦးတစ်ယောက်မျှ မတွေ့ရှိရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသော ထိုင်းလူမျိုးများအား ရောဂါစစ်ဆေးစောင့်ကြည့်ခြင်းကို ၁၄ ရက်ကြာ ဆောင်ရွက်သွားမည်ဟု တဝါစင်က ဆိုသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ



# ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့်ပတ်သက်၍ တရုတ်နှင့် မလေးရှား ကာကွယ်ရေးဝန်ကြီးတို့ ဆက်သွယ်ဆွေးနွေး

**ပေကျင်း မေ ၁၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် ကာကွယ်ရေးဝန်ကြီး ဝေဖဲန့်ဟဲနှင့် မလေးရှားကာကွယ်ရေးဝန်ကြီး အစ္စမေးလ် ဆာဘရီယာကော့ပ်တို့သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ ယမန်နေ့က တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြသည်။

**ထောက်ပံ့မှုအမြောက်အမြား**

ဆွေးနွေးစဉ် တရုတ်ကာကွယ်ရေးဝန်ကြီး ဝေဖဲန့်ဟဲက တရုတ်အစိုးရသည် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရေးတွင် ကြီးမားသော မဟာဗျူဟာအောင်မြင်မှုများရရှိခဲ့သလို ကမ္ဘာလုံးဆိုင်ရာ ရောဂါတုံ့ပြန်မှုတွင်လည်း ကြီးမားသော ထောက်ပံ့မှုအမြောက်အမြား လုပ်ဆောင်ခဲ့ကြောင်း၊ အချို့နိုင်ငံများမှ နိုင်ငံရေးသမားတချို့က ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများနှင့်ပတ်သက်၍ တရုတ်နိုင်ငံအပေါ် စွပ်စွဲပြောဆိုမှုများသည် နိုင်ငံတကာကျင့်ဝတ်ကို ဆိုးရွားစွာချိုးဖောက်ပြီး ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေး ကြိုးပမ်းအားထုတ်မှုများကိုလည်း နှောင့်နှေးကြန့်ကြာအောင် ဟန့်တားခဲ့ကြောင်း ထည့်သွင်းပြောကြားလိုက်သည်။

တရုတ်နှင့် မလေးရှားတပ်မတော်သည် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးဆိုင်ရာ အစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့်အတူ နယ်ပယ်စုံ၌ လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုကို တက်တက်ကြွကြွတိုးမြှင့်သင့်ပြီး ဒေသဆိုင်ရာ တည်ငြိမ်အေးချမ်းရေးကိုလည်း လက်ချင်းဆက်ပြီး ကာကွယ်စောင့်ရှောက်သင့်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးက ထပ်မံပြောကြားသည်။

**အသိအမှတ်ပြု**

တစ်ချိန်တည်းမှာပင် မလေးရှားကာကွယ်ရေးဝန်ကြီး အစ္စမေးလ်ဆာဘရီက ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရေးနယ်ပယ်၌ တရုတ်အစိုးရ၏ အောင်မြင်မှုများနှင့်ပတ်သက်၍ အကျယ်တဝင့် ချီးကျူးပြောဆိုခဲ့ပြီး ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးဆိုင်ရာ အကူအညီကိုလည်း အသိအမှတ်ပြုကြောင်း ပြောကြားခဲ့သည်။

မလေးရှားအစိုးရအနေဖြင့် တရုတ်နိုင်ငံနှင့် ဆက်ဆံရေးကို အလေးထားပါကြောင်း၊ နယ်ပယ်ပေါင်းစုံ၌ တရုတ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာတောင့်တင်းစေရန် ဆန္ဒရှိသလို နှစ်နိုင်ငံအစိုးရနှင့် နှစ်ဖက်တပ်မတော်အကြား ဆက်ဆံရေးကိုလည်း တိုးမြှင့်ရန် ဆန္ဒရှိကြောင်း အစ္စမေးလ်ဆာဘရီက ထပ်လောင်းပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဂျေတီ**



မလေးရှားကာကွယ်ရေးဝန်ကြီး အစ္စမေးလ် ဆာဘရီယာကော့ပ်



တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် ကာကွယ်ရေးဝန်ကြီး ဝေဖဲန့်ဟဲ

# ဥရောပမှ ကမ္ဘာလှည့်ခရီးသည်များအတွက် အီတလီနယ်စပ်များကို ဇွန်လအစောပိုင်းတွင် ပြန်ဖွင့်မည်

**ရောမ မေ ၁၆**

အီတလီနိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် မြို့များ၌ အဝင်အထွက် ပိတ်ဆို့ထားမှုများမှ ပြန်လည်ဖွင့်လှစ်ပေးမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သည့်အနေဖြင့် ဥရောပမှ ကမ္ဘာလှည့်ခရီးသည်များအတွက် ၎င်း၏နယ်စပ်များကို ဇွန်လအစောပိုင်းတွင် ပြန်ဖွင့်ပေးမည်ဖြစ်ကြောင်းနှင့် ၁၄ ရက်ကြာ မဖြစ်မနေ အသွားအလာကန့်သတ် စောင့်ကြည့်မှု အစီအမံကို ဖယ်ရှားပေးမည်ဖြစ်ကြောင်း အစိုးရက ယနေ့ ပြောကြားသည်။

**ရပ်တန့်သွားစေခဲ့**

အီတလီနိုင်ငံတွင် ယခုအချိန်အထိ လူပေါင်း ၃၁၅၀၀ ကို သေဆုံးစေခဲ့သည့် ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါကို ထိန်းချုပ်ရန် မြို့ရွာများ အဝင်အထွက် တားမြစ်ပိတ်ဆို့မှု အစီအမံများကို ဝန်ကြီးချုပ် ဂီယူဆက်ပီကွန်တီက မတ်လအစောပိုင်းက ချမှတ်ခဲ့သည်။ ၎င်းအစီအမံများက ခရီးသွားလုပ်ငန်းအပေါ် အဓိကမှီခိုအားထားနေရသည့် အီတလီနိုင်ငံတွင် အားလပ်ရက် အပျော်ခရီးထွက်ခြင်း အစီအစဉ်အားလုံးကို ရပ်တန့်သွားစေခဲ့သည်။

အီတလီနိုင်ငံသည် ၎င်း၏နယ်စပ်များကို တရားဝင်မပိတ်ဘဲ အလုပ်နှင့် ကျန်းမာရေးကိစ္စများဖြင့် ခရီးသွားလာသော လူအများကို နယ်စပ်ဖြတ်ကျော်ခွင့်ပြုခဲ့သော်လည်း ခရီးသွားလုပ်ငန်းများအတွက် နယ်စပ်ဖြတ်ကျော်ခွင့်ကို တားမြစ်ခဲ့ပြီး နိုင်ငံအတွင်းသို့ ဝင်ရောက်လာသူများအား ရက်သတ္တနှစ်ပတ်ကြာ အသွားအလာကန့်သတ် စောင့်ကြည့်မှုအစီအမံများ ချမှတ်ခဲ့သည်။



ဇွန် ၃ ရက်မှစ၍ ဥရောပသမဂ္ဂအဖွဲ့ဝင် ၂၇ နိုင်ငံအနက် ၂၂ နိုင်ငံဖြင့် ဖွဲ့စည်းထားသည့် ရှန်ဂျန်ဇုန်အတွင်းမှ ကမ္ဘာလှည့်ခရီးသည်များကို အသွားအလာကန့်သတ်စောင့်ကြည့်မှု ခံယူစရာမလိုဘဲ အီတလီနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ပြီး အီတလီနိုင်ငံသားများသည်လည်း ၎င်းဒေသများအကြား သွားလာခွင့်ရှိမည်ဖြစ်သည်။

**အီးယူက အကြံပြု**

မေ ၁၃ ရက်တွင် ဥရောပသမဂ္ဂက နွေရာသီခရီးသွားလုပ်ငန်းများအဆင့်လိုက် ပြန်လည်စတင်မည့် စီမံချက်များကိုချမှတ်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများအား ၎င်းတို့၏အတွင်းပိုင်းနယ်စပ်များကို ပြန်လည်ဖွင့်လှစ်ကြရန် တိုက်တွန်းခဲ့သည်။ သို့သော်လည်း အပြင်ဘက်နယ်စပ်များကို ခရီးသွားလာမှုအတွက် အနည်းဆုံး ဇွန်လလယ်အထိ ဆက်လက်ပိတ်ထားကြရန် အဖွဲ့ဝင်နိုင်ငံများကို အီးယူက အကြံပြုခဲ့သည်။

နိုင်ငံများရှိ နယ်မြေများနှင့်စပ်လျဉ်း၍ နိုင်ငံခြားမှ ဝင်ရောက်လာခြင်းနှင့် နိုင်ငံခြားသို့ ထွက်ခွာခြင်းကို ကူးစက်ရောဂါဆိုင်ရာ အခြေခံစည်းမျဉ်းများနှင့်အညီ ဒေသန္တရအမိန့်ဖြင့် ကန့်သတ်နိုင်ကြောင်း အီတလီအစိုးရက ပြောကြားသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-အောင်ဇော်လင်း**

# တိုကျိုမြို့၌ စီးပွားရေးလုပ်ငန်းများ ပြန်စနိုင်ရေး စံညွှန်းသတ်မှတ်ချက်များ ထုတ်ပြန်ကြေညာ

**တိုကျို မေ ၁၆**

ဂျပန်နိုင်ငံ၏မြို့တော် တိုကျိုတွင် အရေးပေါ်အခြေအနေရုပ်သိမ်းပြီးနောက် စီးပွားရေးလုပ်ငန်းများ ရပ်ဆိုင်းထားမှု ပြန်လည်စတင်နိုင်ရေးအတွက် ဖြေလျှော့ပေးရန် စံချိန်စံညွှန်းသတ်မှတ်ချက်များကို တိုကျိုမြို့တော် အုပ်ချုပ်ရေးမှူး ကိုကဲအိယူရီက ယနေ့ ထုတ်ပြန်ကြေညာခဲ့သည်။

မြို့တော် တိုကျိုတွင် စီးပွားရေးလုပ်ငန်းများ ရပ်ဆိုင်းထားရသည့် ကန့်သတ်ချက်များအား ယခုထုတ်ပြန်ခဲ့သည့် စံသုံးချက်နှင့်ကိုက်ညီပြည့်မီခဲ့လျှင် ဖြေလျှော့ပေးမည်ဟု မြို့တော်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

သတ်မှတ်ထားသည့် စံသုံးချက်မှာ သီတင်းပတ်တိုင်းတွင် ပျမ်းမျှအားဖြင့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူအသစ် ၂၀ အောက်ထိ ကျဆင်းသွားခြင်း၊ ကူးစက်မှုလမ်းကြောင်း အသေအချာမသိရှိရသည့် ကူးစက်မှုနှုန်း ၂၀ ရာခိုင်နှုန်းအောက် ကျဆင်းသွားခြင်းများနှင့် သီတင်းတစ်ပတ်၏ ရောဂါပိုးကူးစက်မှုအသစ်အရေအတွက်သည် ယခင်သီတင်းပတ်ထက် လျော့နည်းသွားခြင်းတို့ ဖြစ်သည်။

**ဖြေလျှော့မှုများ အဆင့်ဆင့်ပြုလုပ်သွားမည်**

ယင်းစံချိန်စံညွှန်း သုံးချက်စလုံးနှင့် သတ်မှတ်ချက်ဘောင်ဝင်မည်ဆိုပါက ကျွမ်းကျင်သူများ၏ သုံးသပ်ချက်များအပြင် အခြားစံညွှန်းများကိုပါ ထည့်သွင်းစဉ်းစားပြီး ပြည့်စုံသော အကဲဖြတ်ချက်များ ပြုလုပ်မည်ဖြစ်၍ လူအများအား နေအိမ်တွင်း၌ နေထိုင်စေခြင်းနှင့် စီးပွားရေးလုပ်ငန်းများ ရပ်တန့်ထားရန် ချမှတ်ထားသော ကန့်သတ်မှုများကိုလည်း ဖြေလျှော့ပေးမည်ဟု တိုကျိုမြို့တော်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ဂျပန်နိုင်ငံ၌ ထုတ်ပြန်ထားသည့် အရေးပေါ်အခြေအနေအား ဗဟိုအစိုးရက ရုပ်သိမ်းခဲ့ပြီးနောက်တွင် ဖြေလျှော့မှုများ အဆင့်ဆင့်ပြုလုပ်သွားမည်ဟု ၎င်းက ပြောကြားသည်။

ဂျပန်နိုင်ငံ၏ မြို့ ၄၇ မြို့၌ ထုတ်ပြန်ထားသော အရေးပေါ်အခြေအနေကို မေ ၁၅ ရက်တွင် ဂျပန်အစိုးရက မြို့ ၃၉ မြို့၌ ရုပ်သိမ်းခဲ့သည်။ လာမည့်သီတင်းပတ်အတွင်း၌ တိုကျိုနှင့် အိုဆာကာအပါအဝင် ကျန်ရှိသော မြို့ရှစ်မြို့၌ အရေးပေါ်အခြေအနေကို ရုပ်သိမ်းရန် စဉ်းစားမည်ဟု အစိုးရက ပြောကြားခဲ့သည်။

**ကိုးကား-အန်အိတ်ချ်ကေ**
**ဘာသာပြန်-ဇော်ဝင်း**

# ယူကရိန်း မိန်းကလေးဘော်ဒါဆောင်၌ လူ ၈၁ ဦး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရ

**ကီယက်ဗ် မေ ၁၆**


ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့ရှိ ဒေသဆိုင်ရာ မိန်းကလေးဘော်ဒါဆောင် တစ်ဆောင်တွင် လူ ၈၁ ဦး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရကြောင်း ဒေသဆိုင်ရာ သတင်းအေဂျင်စီက ယနေ့ ဖော်ပြသည်။

ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့ရှိ မိန်းကလေးဘော်ဒါဆောင်တွင် လူ ၁၈၂ ဦးကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ရာ ၎င်းတို့အနက် မိန်းကလေး ၅၃ ဦးနှင့် ဘော်ဒါဆောင် ဝန်ထမ်း ၂၈ ဦးတို့တွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိကြောင်း သတင်းအေဂျင်စီက ဖော်ပြထားသည်။

**သီးခြားခွဲထား**

အဆိုပါ ရောဂါကူးစက်ခံရသူများအနက် သုံးဦးကို ဆေးရုံတင်ထားပြီး ကျန်ဝန်ထမ်းများကို နေအိမ်တွင် သီးခြားခွဲထားကာ ဆေးဘက်ဆိုင်ရာ စောင့်ကြည့်မှု ခံယူလျက်ရှိကြောင်း မြို့တော်ဝန် ဗီတလီကလစ်ချ်ကိုက ပြောကြားသည်။

ဘော်ဒါဆောင်ရှိ ရောဂါကူးစက်ခံရသော ကျန်ကျောင်းသူလေးများသည် ကျန်းမာရေး အခြေအနေကောင်းမွန်လျက်ရှိပြီး ဘော်ဒါဆောင်တွင် ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။



ကီယက်ဗ်မြို့တော်ဝန် ဗီတလီကလစ်ချ်ကို

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဂျေတီ**

# ကပ်ဘေးတံပိုးလှိုင်း ရာဇဝင်မရိုင်းစေနှင့်

■ ကိုရင်ဩ

အမေရိကန်ပြည်ထောင်စုတွင် ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကူးစက်ပြန့်ပွားမှု၏ ဗဟိုအချက်အချာဒေသအဖြစ် ရပ်တည်နေသော နယူးယောက်ပြည်နယ်၏ ဒေသငါးခုကို မေလ ၁၅ ရက်မှစ၍ တစ်စိတ်တစ်ဒေသ ပြန်လည်ဖွင့်လှစ်ပေးလျက်ရှိသည်ဆိုသော သတင်းတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရသောအခါ ကမ္ဘာကြီး ဖိမ့်ဖိမ့်တုန်သွားအောင် ဘီလူးဆိုင်းတီးကာ ကခုန်နေသော ကိုဗစ်-၁၉ ရောဂါပိုးအပေါ် လူသားတို့ စတင်အနိုင်ယူတော့မည်လောဟု နားဝေတိမ်တောင် အတွေးဖြင့် တရေးရေး စေ့ငုလေ့လာမိလေ၏။

ကျန်းမာရေးစံနှုန်းများနှင့် ကိုက်ညီမှုရှိသော အရပ်ဒေသများဖြစ်သော နယူးယောက်ပြည်နယ် အလယ်ပိုင်းဒေသ၊ မြောက်ပိုင်းစီရင်စု၊ ဖင်းဂါးလိတ်ဒေသ၊ တောင်ပိုင်းစီရင်စုနှင့် မိုဟော့ဗယ်လီဒေသတို့၏ စီးပွားရေးလုပ်ငန်းများကို ပြန်လည်ဖွင့်လှစ်ပေးလိုက်ပြီဟု သတင်းကောင်းကြားသိရ၏။

စီးပွားရေးလုပ်ငန်းများကို ပြန်လည်ဖွင့်လှစ်လိုက်သည့်တိုင်အောင် လုပ်ငန်းခွင်များ၊ လက်လီ ရောင်းချသော ကုန်ပဒေသာဆိုင်များတွင် နှာခေါင်းစည်းများ ဝတ်ဆင်ထားရန်၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာရှိနေစေရန် စသည့် ရောဂါကာကွယ်ရေး အစီအမံများကို ပြည်သူများအားလုံးနှင့်အတူ ဆက်လက်လိုက်နာကြရန် လိုအပ်ပေသည်။

ထိုစဉ်အတွင်း အမေရိကန်အောက်လွှတ်တော် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ကျော်လွှားနိုင်ရေးအတွက် ရန်ပုံငွေ ဒေါ်လာ ၃ ထရီလီယံ အသုံးပြုဆောင်ရွက်ရေး အစီအစဉ်တစ်ရပ်ကို မေလ ၁၅ ရက်တွင် အတည်ပြုပေးခဲ့သည်။

အမေရိကန်နိုင်ငံ သမိုင်းတွင် အကြီးကျယ်ဆုံးသော စီးပွားရေးနာလန်ထူရေးအစီအစဉ်ဖြစ်ပြီး ကပ်ရောဂါဘေး ဖိစီးခံနေရသော ပြည်နယ်များအတွက် ဖက်ဒရယ်အစိုးရအဖွဲ့က အကူအညီပေးနိုင်မည် ဖြစ်သည်။

### မညှာမတာ ဝေဖန်

ထိုစဉ်အတွင်း ကိုဗစ်ရောဂါကူးစက်မှုနှင့်ပတ်သက်၍ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အား မညှာမတာ ဝေဖန်လိုက်သူမှာ သမ္မတဟောင်း ဘားရတ်အိုဘားမား ဖြစ်၏။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူဦးရေ ၁ ဒသမ ၃ သန်းကျော်၊ သေဆုံးသူ ၈၀၀၀၀ ခန့်ရှိနေသော နိုင်ငံတွင် သမ္မတထရမ့်အစိုးရအဖွဲ့၏ ကပ်ရောဂါဘေး တုံ့ပြန်ဆောင်ရွက်ပုံမှာ ဖရိုဖရဲနှင့် ပရမ်းပတာနိုင်လှသည်ဟု အိုဘားမားက အိမ်ဖြူတော်အစိုးရအဖွဲ့ဝင်ဟောင်းများနှင့် ဗီဒီယိုကွန်ဖရင့်ပြုလုပ်ရာတွင် ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည်။

အမေရိကန်သမ္မတ ရွေးကောက်ပွဲ နီးကပ်လာချိန်တွင် အိုဘားမားနှင့် ဒီမိုကရက်တစ်ဝိုင်းတော်သားများက နိုင်ငံရေးအရ လှုံ့ဆော်မှုများကို တိုးမြှင့်ပြုလုပ်လာနေပုံရသည်။ ၂၀၂၀ ပြည့်နှစ် သမ္မတရွေးကောက်ပွဲအတွက် ဒီမိုကရက်တစ်ပါတီမှ အပြီးသတ်ပေါ်ထွက်လာအံ့သော သမ္မတလောင်းအဖြစ် ဒုတိယသမ္မတဟောင်း ဂျိုးဘိုင်ဒင်ကို မဲပေးရွေးချယ်ရန် စီစဉ်နေချိန်လည်းဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ဆက်လက်ဖြစ်ပေါ်နေချိန်တွင် သမ္မတလောင်းအား အမည်စာရင်းတင်သွင်းမှုကို ပြုလုပ်ရာတွင် ရပ်ဝေးမှ မဲပေးသည့်စနစ် ကျင့်သုံးနိုင်ရန် ဒီမိုကရက်တစ်ပါတီက မဲပေးခြင်းဆိုင်ရာ ဥပဒေစည်းမျဉ်းသစ်ထုတ်ပြန်ပေးခဲ့သည်။

ဘိုင်ဒင်သည် နိုဝင်ဘာ ၃ ရက် သမ္မတ ရွေးကောက်ပွဲတွင် ရီပတ်ဘလီကန် ဒေါ်နယ်ထရမ့်အား ယှဉ်ပြိုင်မည့် ဒီမိုကရက်တစ်သမ္မတလောင်းအဖြစ် နောက်ဆုံးဆန်ခါတင်ပေါ်ထွက်လာခဲ့ပေပြီ။

ဘိုင်ဒင်အား တရားဝင်အမည်စာရင်း တင်သွင်းမည့် ဒီမိုကရက်တစ်ပါတီညီလာခံကို ကနဦးတွင် ဇူလိုင်လလယ်၌ကျင်းပရန် အစီအစဉ်ရှိခဲ့သော်လည်း ကပ်ရောဂါကျရောက်နေခြင်းကြောင့် ဩဂုတ်လ ၁၇ ရက်သို့ ရက်ရွှေ့ဆိုင်းခဲ့ပြီးဖြစ်သည်။

ထိုစဉ်အတွင်း ရောဂါထိန်းချုပ်ရေးအစီအမံများကို အဆောတလျင်ဖြေလျှော့ပေးခြင်းမပြုလုပ်ရန် အိမ်ဖြူတော်


PHOTO CREDIT: LOS ANGELES TIMES

**“ကာလီဖိုးနီးယားပြည်နယ်တွင် ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့သူ ၇၅၀၀၀ ရှိခဲ့ပြီး ယင်းတို့အနက် ထက်ဝက်ခန့်မှာ လော့စ်အိန်ဂျလိစ်စီရင်စုတွင် ဖြစ်သည်။ အဆိုပါစီရင်စုတွင် ဇူလိုင်လအထိ နေအိမ်အတွင်း၌သာ နေထိုင်ကြရန် အမိန့်ထုတ်ပြန်ထားဆဲ ဖြစ်သည်။ သို့ရာတွင် ဖြေလျှော့ပေးရေးအစီအစဉ်အရ ပင်လယ်ကမ်းခြေများသို့ ပြည်သူများ မကြာမီ သွားရောက်ခွင့် ရရှိလာတော့မည် ဖြစ်သည် .......”**

ကပ်ရောဂါထိန်းချုပ်ရေး အထူးလုပ်ငန်းအဖွဲ့ အကြီးအကဲ ဒေါက်တာအန်ထော်နီဖော်စီက အကြံပြုတိုက်တွန်းခဲ့သည်။

သမ္မတဒေါ်နယ်ထရမ့်သည် ပြည်သူတို့၏ လူနေမှုဘဝနှင့် စီးပွားရေးဘဝတို့ကို ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး အဆင့်သုံးဆင့်ပါအစီအစဉ်တစ်ရပ်ကို ပြည်နယ်အုပ်ချုပ်ရေးမှူးများအား ဧပြီလလယ်တွင် အကြံပြုခဲ့သည်။

### ခပ်ခွာခွာနေ

ကျန်းမာရေးခြေချုပ်ချမှု ဖြေလျှော့ရေးအတွက် ခပ်ခွာခွာနေနိုင်မည့် နေရာအကျယ်အဝန်း မလုံလောက်ပါက လူ ၁၀ ဦးနှင့်အထက် စုဝေးမှုကို ရှောင်ရှားကြရန်၊ အရေးတကြီးခရီးထွက်ခွာခြင်းမဟုတ်သော ခရီးသွားလာမှုများကို ရှောင်ကြည်ကြရန်၊ လုပ်ငန်းခွင်တွင် စုဝေးလုပ်ကိုင်ခြင်းထက် နေအိမ်တွင် အွန်လိုင်းမှတစ်ဆင့် လုပ်ကိုင်ခြင်းကို အားပေးရန်၊ ကျောင်းများကို ဆက်လက်ပိတ်ထားရမည်ဖြစ်သော်လည်း ရုပ်ရှင်ရုံများ၊ စားသောက်ဆိုင်များ၊ အားကစားပြိုင်ပွဲရုံများ၊ ဝတ်ပြုစုဝေးရာနေရာများကို ခပ်ခွာခွာနေထိုင်ရေးအစီအမံကို အသက်ဝင်စေလျက် ပြန်လည်ဖွင့်လှစ်ရန်၊ ဆေးရုံများတွင် လူနာများအနက်မှ သမားတော်က ရွေးချယ်သောစနစ်ဖြင့် ခွဲစိတ်ကုသမှု ပြန်လည်ပြုလုပ်ပေးရန်၊ ကျန်းမာရေးအစီအမံသစ်များနှင့်အညီ အားကစားလေ့ကျင့်ရေးခန်းမများကို ပြန်လည်ဖွင့်လှစ်ရန်၊ သို့ရာတွင် အရက်ဆိုင် (ဘားခန်း) များကိုမူ ဆက်လက်ပိတ်ထားရန် စသည့်အချက်များပါဝင်သည်။

ဇောတိကလုပ်ငန်းရှင်သူဌေးကြီး တဖြစ်လဲ သမ္မတကြီး ထရမ့်မှာ နိုဝင်ဘာရွေးကောက်ပွဲမတိုင်မီမှာပင် “ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်” ရဘိအလား ကိုဗစ်ပိုးတစ်ကောင်ကြောင့် စီးပွားရေးလောကတစ်ခုလုံး ထိခိုက်ရမည့်အခြေအနေကို ကုစားနိုင်ရန် စိတ်အားထက်သန်နေပုံရ၏။

စီးပွားရေးရွှေတံခါးကြီး ပြန်လည်ဖွင့်လှစ်ရန် ပြည်သူတို့ အထူးတလည် လိုလားကြသည်ဟူ၍ သမ္မတ ထရမ့်က အားပေးစကားဆိုသည်။ ပိုးရှာဖွေမှု စမ်းသပ်စစ်ဆေးမှုများကို တိုး၍ပြုလုပ်နေပြီး ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူဦးရေ တစ်စတစ်စကျဆင်းလာနေခြင်းသည် ကပ်ရောဂါ တိုက်ဖျက်ရေးအောင်မြင်မှုခြေလှမ်းကြီးများ မဟုတ်ပါလောဟု သူက အကောင်းမြင်စကားဆိုသည်။

ကျန်းမာရေးရှုထောင့်အမြင်အရမူ လူသားတို့ အသက်ရှင်သန်ရေးက ပထမ၊ စီးပွားရေးဘဝ တိုးတက်ရေးက ဒုတိယဖြစ်သည်။ ယခုအချိန်အခါသည်ကား ဖြေလျှော့မှုများကို အဆောတလျင်ပြုလုပ်ရမည့်အခါမဟုတ်ပေ။ “လျော့လွန်းလျှင် ပတ်”ဟူဘိသို့ ရုတ်ချည်း ဖြေလျှော့ပေးလိုက်လျှင် ရောဂါကူးစက်နှုန်း ပြန်လည်မြင့်တက်လာနိုင်ပြီး အသက်မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးရမှုများ ရှိလာလိမ့်မည်ဟု အိမ်ဖြူတော်၏ ကပ်ရောဂါထိန်းချုပ်ရေးအဖွဲ့အကြီးအကဲ ဒေါက်တာဖော်စီက အထက်လွှတ်တော်တွင် သတိပေးစကားဆိုခဲ့သည်။

အမေရိကန်ပြည်ထောင်စုတွင် ကပ်ရောဂါဘေး ထိုးနှက်ခံရခြင်းမှ အသက်သာဆုံးအနေအထားတွင် ရပ်တည်နေသောပြည်နယ်မှာ ကာလီဖိုးနီးယားပြည်နယ်ဖြစ်သည်။ အဆိုပါပြည်နယ်တွင် မေလဆန်းမှစ၍ လက်လီရောင်းချသောဆိုင်အချို့ ပြန်လည်ဖွင့်လှစ်လာကြသည်။

### အမိန့်ထုတ်ပြန်ထားဆဲ

ကာလီဖိုးနီးယားပြည်နယ်တွင် ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့သူ ၇၅၀၀၀ ရှိခဲ့ပြီး ယင်းတို့အနက် ထက်ဝက်ခန့်မှာ လော့စ်အိန်ဂျလိစ်စီရင်စုတွင် ဖြစ်သည်။ အဆိုပါစီရင်စုတွင် ဇူလိုင်လအထိ နေအိမ်အတွင်း၌သာ နေထိုင်ကြရန် အမိန့်ထုတ်ပြန်ထားဆဲ ဖြစ်သည်။ သို့ရာတွင် ဖြေလျှော့ပေးရေး အစီအစဉ်အရ ပင်လယ်ကမ်းခြေများသို့ ပြည်သူများ မကြာမီ သွားရောက်ခွင့်ရရှိလာတော့မည် ဖြစ်သည်။

ဖြေလျှော့မှုများပြုလုပ်နိုင်ခြင်းသည် စီးပွားရေး လှုပ်ရှားမှုများ ပြန်လည်အသက်ဝင်လာရေးအတွက် အမှတ်သင်္ကေတတစ်ခုဖြစ်သော်လည်း ထိန်းချုပ်ကန့်သတ်မှုများကို ပြန်လည်ဖြေလျှော့ပေးတိုင်း စီးပွားရေးတိုးတက်မှုအတွက် အထောက်အကူပြုလိမ့်မည်ဟု မဆိုနိုင်ကြောင်း စီးပွားရေးပညာရှင်များက ထောက်ပြကြသည်။

ကပ်ရောဂါဘေးကို ထိန်းချုပ်နိုင်ခြင်းမရှိသမျှ ကာလပတ်လုံး စီးပွားရေးပြန်လည်နာလန်ထူလာမည် မဟုတ်ဟု ကာလီဖိုးနီးယားပြည်နယ်တက္ကသိုလ်မှ ပါမောက္ခ မောရစ္စအော့စ်ဖီးက သုံးသပ်သည်။ ကပ်ရောဂါပိုးကို ထိန်းချုပ်နိုင်ခြင်းမရှိဘဲ ဖြေလျှော့မှုကို အဆောတလျင် ပြုလုပ်ပါက စီးပွားရေးဘဝကို တိုးတက်အောင် မလုပ်ဆောင်နိုင်သည်သာမက စီးပွားရေးဘဝကိုပင် ထိခိုက်စေနိုင်ကြောင်း သူက ဆိုသည်။

ပြည်သူလူထုအတွင်း ရောဂါပိုးရှာဖွေဖော်ထုတ်နိုင်ရန် စမ်းသပ်စစ်ဆေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်နိုင်သော တောင်ကိုရီးယားနိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါထိန်းချုပ်မှုကို အောင်မြင်စွာပြုလုပ်သော နိုင်ငံအဖြစ် စံပြုထိုက်သည်ဟု ကမ္ဘာ့အလယ် ချီးကျူးထောမနာပြုခြင်းခံရပြီးနောက် လွန်ခဲ့သည့် ရက်သတ္တပတ်က ခပ်ခွာခွာနေရေးစည်းမျဉ်းများကို ပြန်လည်ဖြေလျှော့ပေးလိုက်ရာ မေလ ၁၃ ရက်တွင် ၂၄ နာရီအတွင်း ရောဂါပိုးတွေ့သူ ၂၆ ဦးအထိ စံချိန်တင် ပေါ်ထွက်လာခဲ့ခြင်းကို ကျွန်ုပ်တို့ သင်ခန်းစာရရှိကြပေသည်။

မြို့တော်ဆိုးလ်တွင် နောက်ဆုံးရောဂါပိုးတွေ့သူများအနက် လူ ၂၀ မှာ ညကပွဲရုံများသို့ သွားရောက်ခဲ့သူများအဖြစ် ဖော်ထုတ်တွေ့ရှိရသည်။

### ပြည်သူအားလုံး သတိရှိကြ

တောင်ကိုရီးယားနိုင်ငံနည်းတူ အရှေ့အာရှရှိ ဂျပန်နိုင်ငံတွင်လည်း နိုင်ငံတစ်ဝန်း အရေးပေါ်အခြေအနေ ကြေညာပေးမှုကို ခရိုင် ၃၉ ခုတွင် ရုပ်သိမ်းပေးခဲ့သည်။ သို့ရာတွင် ကပ်ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် ပြည်သူအားလုံး သတိရှိကြရန် ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက မေလ ၁၅ ရက်တွင် သတိပေးခဲ့လေသည်။

ကိုဗစ်-၁၉ ကုသရေးဆေးဝါးများနှင့် ကာကွယ်ရေးဆေးဝါးများကို ထုတ်လုပ်နိုင်သည်အထိ ရေရှည်တိုက်ပွဲဆင်နွှဲနိုင်ရန် ပြင်ဆင်ထားကြရန်လည်း သူက အလေးအနက်တိုက်တွန်းသည်။

ဖြေလျှော့မှုများကို တစ်ဆင့်စီ ပြုလုပ်ပေးလာသည့်တိုင်အောင် ရောဂါပိုးကူးစက်မှု ဒုတိယလှိုင်းများနှင့် တတိယလှိုင်းများကို ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် ပြည်သူများအားလုံး ပြင်ဆင်ထားကြရန်၊ လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေခြင်းအပါအဝင် လူနေမှုဘဝပုံစံသစ်ကို စောင့်ထိန်းလိုက်နာကြရန်၊ စီးပွားရေးလုပ်ငန်းကဏ္ဍတစ်ခုချင်းစီအလိုက် ထုတ်ပြန်ထားသော လမ်းညွှန်ချက်များကို အားလုံးက လိုက်နာကြရန် လိုအပ်ပုံကို ကျွန်ုပ်အလေးမူမိရင်း “ကပ်ဘေးတံပိုးလှိုင်း ရာဇဝင်မရိုင်းစေနှင့်” ဟု ကျူးရင့်မိပါသတည်း။ ။

**Ref: COVID–19 News updates**

# ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ IDP စခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများတွင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင်နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ် -၁၉ ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နှင့် ယနေ့တို့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ တပ်ကုန်းအင်ဂျန်ဒုံ၊ တပ်ကုန်းစံပြနှစ်ခြင်း၊ တပ်ကုန်းရာဒါကောင်း COC၊ စီတာပူဆွတ် ငိုင်တောင်၊ စီတာပူသီတာအေး၊ မြို့သစ်ကြီးဂျန်မိုင်ကောင်းRC၊ ရွှေစက်နှစ်ခြင်း၊ မန်ခိန်နှစ်ခြင်း၊ မြို့သစ်ကြီး ဂျန်မိုင်ကောင်း နှစ်ခြင်းဘုရားကျောင်း IDP စခန်းများနှင့် ဝိုင်းမော်မြို့နယ် ကန်ပိုက်တီမြို့ရှိ စင်ကြိုင်၊ မိုးညှင်းမြို့နယ်ရှိ စိန်ပက်ထရစ် IDP စခန်းနှင့် နန့်မွန်းနှစ်ခြင်းဘုရားကျောင်း IDP စခန်း စုစုပေါင်း IDP စခန်း ၁၃ ခုသို့ သွားရောက်၍ လက်သန့်ဆေးရည်ဘူး၂၀၃၀၊



ဆပ်ပြာခဲ ၅၆၄၀၊ ထုံးအိတ် ၁၃၀ နှင့် အပူချိန်တိုင်းကိရိယာ ၁၀ ခု၊ လက်ဆေးစင်လေးခု၊ အဝတ် နှာခေါင်းစည်း ၂၀၂၆ခု၊ Hand Speaker တစ်ခု၊ ကိုဗစ် – ၁၉ ရောဂါ အသိပညာပေး အသံဖိုင် ထည့်သွင်းထားသော Memory Stick တစ်ခုနှင့် ဗီနိုင်းတစ်ချပ်တို့အား ထောက်ပံ့ခဲ့သည်။

အလားတူ ယမန်နေ့က ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်ရှိ ဘာဆာရာ IDP စခန်းသို့ အဝတ်နှာခေါင်းစည်း ၄၅၇၆ ခု၊ မြောက်ဦးမြို့နယ်ရှိ အောင်စေတီဘုရားသိမ်၊ နရတ်စား ဘုရားသိမ်၊ ကိုးနဝင်းဘုန်းတော်ကြီးကျောင်း၊ ဘုရားပေါ်ဘုရားသိမ်၊ ရွာသစ်ကေဘုန်းတော်ကြီးကျောင်း၊ ဝက်လှဘုန်းတော်ကြီးကျောင်း၊ ရှော်မယ်(အမက) ကျောင်းရှိ ယာယီတိုက်ပွဲရှောင်စုရပ် စုစုပေါင်း ခုနစ်ခုသို့ သွားရောက်၍ ဆပ်ပြာတောင့် ၄၆၃ တောင့်၊ နှာခေါင်းစည်း ၉၂၆ ခု၊ ထုံးအိတ် ၇၀၊ လက်ဆေးစင်ခုနစ်ခုတို့အား ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ် –၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ခံစားရေးရာမြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## အင်းစိန်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအသိပညာပေးနှိုးဆော်

**ရန်ကုန် မေ ၁၆**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် ရပ်ကွက်များသို့ မော်တော်ယာဉ်ဖြင့် လှည့်လည်ကာ အသိပညာပေးနှိုးဆော်ခြင်းကို ယမန်နေ့ ညနေ ၄ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အင်းစိန်မြို့နယ်သည် ကိုဗစ်–၁၉ ရောဂါ အများဆုံးတွေ့ရှိခဲ့သည့် မြို့နယ်ဖြစ်၍ ကျန်းမာရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို မြို့နယ်နေပြည်သူများ အလေးထားလိုက်နာစေရန်အတွက် အင်းစိန်မြို့နယ် ကိုဗစ် –၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် စေတနာ့ဝန်ထမ်းများက ရပ်ကွက်များအတွင်းသို့ အဖွဲ့များခွဲ၍ မော်တော်ယာဉ်ဖြင့် လှည့်လည်ကာ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ဆောင်ရွက်ရာတွင် အင်းစိန်မြို့နယ် ကိုဗစ် –၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကိုဗစ်–၁၉ ရောဂါအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

## ကိုဗစ်-၁၉ ရောဂါ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**စေတုတ္တရာ မေ ၁၆**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ယနေ့ နံနက် ၇ နာရီက မြို့နယ်အားကစားကွင်းအတွင်းရှိ ယာယီပျံကျဈေး၌ ကိုဗစ်–၁၉ ရောဂါမပြန့်ပွားဖို့ မိမိကစ၍ ကာကွယ်စို့ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

စေတုတ္တရာမြို့နေ ပြည်သူများ ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သူများနှင့် လက်တွေ့အခြေအနေများကို အပြန်အလှန်ဆွေးနွေးရာတွင် ပြောကြားချက်မှ ကောက်နုတ်ချက်၊ စနစ်တကျလက်ဆေးနည်းများ၊ ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုကာကွယ်ရေး လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများနှင့် အနုပညာရှင်များ၏ ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး အသိပေးစကားသံများပါဝင်သည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)မှ ပေးပို့လာသော ကိုဗစ်–၁၉ ရောဂါမပြန့်ပွားဖို့ မိမိကစ၍ ကာကွယ်စို့ လက်ကမ်းစာစောင်များကို မြို့နယ်အားကစားကွင်းရှိ ယာယီပျံကျဈေးအတွင်း ဈေးရောင်း ဈေးဝယ်ပြည်သူများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခင်သန်းလှိုင်(ပြန်/ဆက်)



## IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိ ပြည်တွင်း နေရပ်စွန့်ခွာသူများအား COVID-19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးဆိုင်ရာ အသိပေးနှိုးဆော်ချက်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID – 19 ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် ရေးဆွဲအတည်ပြုပြီးဖြစ်သည့် စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါစီမံချက်အရ သက်ဆိုင်ရာစခန်းများရှိ စီမံခန့်ခွဲမှုကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် စခန်းတွင် နေထိုင်သူများက အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

- ❖ စခန်းများတွင် တပ်ဆင်ပေးထားသော လက်ဆေးဘေစင်များတွင် ရေနှင့် ဆပ်ပြာကို အသုံးပြု၍ လက်ကို စနစ်တကျ မကြာခဏ ဆေးကြောပါ။
- ❖ အများသုံးအိမ်သာများနှင့် ရေချိုးရန်နေရာများကို အသုံးပြုရာတွင် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုရန်နှင့် အချင်းချင်းထိတွေ့မှု အနည်းဆုံးဖြစ်စေရေး သတိပြုဆောင်ရွက်ပါ။
- ❖ စခန်းများတွင် နေထိုင်လျက်ရှိသည့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများအား ရောဂါကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရေးအတွက် အထူးသတိပြုနေထိုင်ပါ။
- ❖ စခန်းတွင်းနေထိုင်သူများ ပြင်ပသို့ သွားလာခြင်းမပြုလုပ်ရန်နှင့် မဖြစ်မနေအပြင်ထွက်ရန် လိုအပ်သူများက စာရင်းရေးသွင်းပြုစုထားပြီး အဝင်/အထွက်ပြုလုပ်တိုင်း ပုံမှန်အပူချိန်တိုင်းတာမှတ်သားခြင်း ပြုလုပ်ပါ။
- ❖ အဝတ်ဖြင့် ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို အမြဲတပ်ဆင်ပါ။ တပ်ဆင်ရာတွင် အတွင်း၊ အပြင် အရောင်ခွဲခြားသတ်မှတ်၍ တပ်ဆင်ပါ။ ပါးစပ်နှင့် နှာခေါင်း (၂)ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ။ တပ်ဆင်ထားစဉ် လက်ဖြင့် လုံးဝ (လုံးဝ) မကိုင်ရပါ။ ဖယ်ရှားမည်ဆိုပါက အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်၍ဖယ်ပါ။ အသုံးပြုထားသည့် အဝတ်ဖြင့် ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို နေ့စဉ် သေချာစွာ ဆပ်ပြာနှင့်ရေကို အသုံးပြု၍လျှော်ဖွပ်ပါ။
- ❖ စခန်းတွင်းသို့ပြင်ပမှဧည့်သည်များဝင်ရောက်ခြင်းကို တားမြစ်ထားပါ။
- ❖ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် စပ်လျဉ်း၍ စခန်းအတွင်း ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များကို တာဝန်ရှိသူ အဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ပါ။
- ❖ COVID–19 ရောဂါနှင့်ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အချက်များကို လက်ကိုင်ဖုန်းများသို့ စာတိုပို့စနစ်(SMS)ဖြင့် ပေးပို့ထားခြင်းကို သေချာစွာ ဖတ်ရှုလေ့လာ၍ လိုက်နာဆောင်ရွက်ပါ။
- ❖ COVID–19 ရောဂါလက္ခဏာများတွေ့ရှိရပါက ညွှန်ကြားထားသည့် လူနာညွှန်းပို့ခြင်းလုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ပါ။
- ❖ စောင့်ကြည့်လူနာများနှင့် သံသယလူနာများကို သီးခြားသတ်မှတ်ထားသောနေရာများနှင့် ဆေးရုံများသို့ အချိန်မီလွှဲပို့နိုင်ရေးအတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပရဟိတလူမှုအဖွဲ့အစည်းများနှင့် ကြိုတင်ချိတ်ဆက်ထားပါ။
- ❖ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစိုးရဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များ၏ လိုအပ်ချက်အရ အခါအားလျော်စွာ ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

■ ကျောဖုံးမှ

တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးရဲနိုင်အောင်၊ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၊ မိုင်းယုမြို့အုပ်ချုပ်ရေးမှူး ဦးအောင်ပြည့်ဖြိုးတို့က လက်ခံကြိုဆိုခဲ့ကြသည်။

ယင်းနောက် နေရပ်ပြန်အလုပ်သမားများကို မြို့မရပ်ကွက် အားကစားကွင်း၌ မိုင်းယောင်းမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီအဖွဲ့ဝင်များ၊ စစ်ဘက်ဆိုင်ရာအဖွဲ့များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအဖွဲ့များ၊ လူမှုကူညီရေးအသင်းအဖွဲ့များက လူဦးရေစာရင်း ကောက်ယူခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အစားအသောက်များ ဝေငှပေးခြင်း၊ သတ်မှတ်လိုင်းကားများ စီးနင်းနိုင်ရန်စီစဉ်ပေးခြင်းများ ဆောင်ရွက်ပေး၍ မိုင်းယုမြို့မှတစ်ဆင့် မိုင်းယောင်းမြို့သို့ မွန်းလွဲ ၁ နာရီက ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

တရုတ်ပြည်၌ ကျပန်းအလုပ်လုပ်ကိုင်ရာမှ ကိုဗစ်-၁၉ ရောဂါ အခြေအနေများကြောင့် နယ်စပ်ဒေသ မိုင်းယုမြို့သို့ မေ ၁၆ ရက်အထိ Quarantine ၂၁ ရက် ပြုလုပ်ပြီးသော နေရပ်ပြန် မြန်မာအလုပ်သမား စုစုပေါင်း ၁၄၁၀ ထိ ဝင်ရောက်လာခဲ့ပြီး ၎င်းတို့ကို နယ်စပ်ဒေသ မိုင်းယုမြို့မှတစ်ဆင့် တောင်ကြီးမြို့သို့ သက်ဆိုင်ရာတာဝန်ရှိသူများက အဆင်ပြေစွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ကိုကိုနိုင်(မိုင်းယု)

## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ကချင်ပြည်နယ်လွှတ်တော်ရုံးအပါအဝင် လူဝင်၊ လူထွက်များသည့် နေရာများအား ပိုးသတ်ဆေးဖျန်း

မြစ်ကြီးနား မေ ၁၆

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေး မစတင်မီ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်သည့်အနေဖြင့် ပြည်နယ်လွှတ်တော်ရုံးအဆောက်အအုံအပြင် လူဝင်၊ လူထွက်များသည့် နေရာများအား ကချင်အထူးဒေသ(၁)မှ ယနေ့နံနက်ပိုင်းတွင် ပိုးသတ်ဆေးများ လာရောက်ဖျန်းပေးခဲ့ကြောင်း သိရသည်။



ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းမှုကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်နှင့် တာဝန်ရှိသူများက ကြည့်ရှုခဲ့ကြသည်။ ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော်၏ (၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို မေ ၁၈ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယော်ဆောင် (ပြန်/ဆက်)

## ကျောင်းကုန်းမြို့နယ်၌ လုပ်ငန်းရှင်များအား ကျန်းမာရေးအသိပညာပေးခြင်း ဆောင်ရွက်

ကျောင်းကုန်း မေ ၁၆

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အေးချမ်းသာယာခန်းမ၌ မြို့နယ်အတွင်းရှိ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်လုပ်ငန်းရှင်များအား ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကျန်းမာရေးအသိပညာပေးခြင်းကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းက ပြည်တွင်းပြည်ပမှ ပြန်လာသူ ၁၂၀ ခန့်ရှိကြောင်း၊ ကူးစက်မှုမဖြစ်ပေါ်စေရေးအတွက် ဝိုင်းဝန်းပြီး ကြိုးစားပေးကြစေလိုကြောင်း ပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့က လုံခြုံရေးဆောင်ရွက်နေမှုအနေအဖြစ် ည ၁၂ နာရီမှ နံနက် ၄ နာရီအထိ အပြင်ထွက်သည့်သူအား စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးကျော်စွာလင်းက ပါဆယ်စနစ်ဖြင့် ရောင်းချစေရာမှ ယခု ဆိုင်ထိုင်စနစ်ခွင့်ပြုခဲ့ပြီး သတ်မှတ်ထားသည့် စည်းကမ်းချက်နှင့်အညီ ရောင်းချကြရန် မှာကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးနိုင်က ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်များအား ဖတ်ရှုကြစေလိုကြောင်း၊ ကျန်းမာရေးအသိပညာဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

အခမ်းအနားသို့ ကျောင်းကုန်းမြို့နယ်အတွင်းရှိ စားသောက်ဆိုင် ၂၁ ဆိုင်၊ လက်ဖက်ရည်ဆိုင် ၁၃ ဆိုင်၊ ထမင်းဆိုင်နှစ်ဆိုင်၊ တည်းခိုခန်းလေးခုနှင့် ပုဂ္ဂလိကမော်တော်ယာဉ်လိုင်း နှစ်လိုင်းတို့မှ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

## ဝမ်းတွင်းမြို့၌ အခြေခံလူတန်းစားအိမ်ထောင်စုများအား အာဟာရဒါနများ လှူဒါန်း

ဝမ်းတွင်း မေ ၁၆

ဝမ်းတွင်းမြို့ ညီနောင်ကွက်သစ် အနောက်ပိုင်းရပ်ကွက်၌ ကိုဗစ်- ၁၉ ရောဂါကာလအတွင်း ရက်ကန်းလုပ်ငန်းများ ပိတ်ထားရသည့်အတွက် အခြေခံလူတန်းစားအိမ်ထောင်စုများ စားဝတ်နေရေး အဆင်ပြေစေရန် ရည်ရွယ်၍ အာဟာရဒါနများ လှူဒါန်းလျက်ရှိကြောင်း သိရသည်။

### အိမ်ထောင်စု ၁၂၀

"ကျွန်တော်တို့ ဧပြီ ၈ ရက်ကစပြီး ဒီနေ့အထိ မနက်စာအာဟာရအဖြစ် ဆန်ပြုတ်၊ ကြာဆံဟင်းခါး၊ မုန့်ဟင်းခါး၊ နေ့လယ်စာအာဟာရအဖြစ် ဘူးသီးကြက်သားဟင်းနဲ့ သရက်ချဉ်သုပ်၊ ပဲကြာဆံဟင်းရည်နဲ့ ကြက်ဥချက်၊ ညစာအဖြစ် သီးစုံချဉ်ဟင်းနဲ့ ငါးခြောက်ကြော်၊ ချဉ်ပေါင်ဟင်းနဲ့ အာလူးကြက်သားဟင်း စတာတွေကို ပြည်သူတွေ ဒီကာလအတွင်း အာဟာရပြည့်ဝစွာနဲ့ စားသုံးနိုင်ဖို့ ကျန်းမာရေးနဲ့ညီညွတ်အောင် စီမံချက်ပြုတ်ပြီး အိမ်ထောင်စုပေါင်း ၁၂၀ ကို ပေးဝေလှူဒါန်းနေတာ ဖြစ်ပါတယ်။ ပေးဝေတဲ့နေရာမှာလည်း ကိုဗစ် - ၁၉ ရောဂါ ကာကွယ်တားဆီးတဲ့အနေနဲ့ လူစုလူဝေးမဖြစ်စေဖို့ စနစ်တကျတန်းစီပြီး သူ့လမ်းနဲ့သူ အချိန်ခွဲပြီး ပေးဝေပါတယ်။ လက်ဆေးတာ၊ နှာခေါင်းစည်းတပ်တာတွေလည်း စနစ်တကျ ပြုလုပ်စေပါတယ်" ဟု ပရဟိတခေါင်းဆောင် ကိုထွန်းထွန်းက ပြောသည်။

အဆိုပါလှူဒါန်းမှုသည် ရပ်ကွက်အတွင်းရှိ ရက်ကန်းရုံပိုင်ရှင်များနှင့် အလှူရှင်များက အခြေခံလူတန်းစား အိမ်ထောင်စုပေါင်း ၁၂၀ အတွက် နေ့စဉ် လှူဒါန်းနေခြင်းဖြစ်ပြီး ရက်ကန်းလုပ်ငန်းများ ပြန်လည်မဖွင့်မချင်း ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ခင်နှင်းယု (ကြေးမုံ)

✻ မန္တလေးမြို့မှ

"အခုလို ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေတဲ့ကာလမှာ အမှန်တကယ် အခက်အခဲဖြစ်ပေါ်နေကြတဲ့ အခြေခံကျောက်သမားမိသားစုတွေ အဆင်ပြေပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့ ကျောက်မျက်ဈေး အကျိုးတော်ဆောင်အဖွဲ့တွေ၊ ကျောက်မျက်လုပ်ငန်းရှင်တွေနဲ့ အခြားအလှူရှင်တွေ စုပေါင်းလှူဒါန်းငွေတွေနဲ့ မျှဝေထောက်ပံ့ပေးခြင်းဖြစ်ပါတယ်။ အခုလို ထောက်ပံ့ပေးခြင်းအားဖြင့် သူတို့တွေအတွက် ၁၀ ရက် (သို့မဟုတ်) ၁၅ ရက်လောက်တော့ အဆင်ပြေသွားကြမယ်လို့ ထင်ပါတယ်။ ကျောက်မျက်ဈေးကိုတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့က ခွင့်ပြုတာနဲ့ ကျွန်တော်တို့ဈေးအကျိုးတော်ဆောင်အဖွဲ့တွေ၊ နာယကလူကြီးတွေနဲ့ ရပ်မိရပ်ဖတွေတိုင်ပင်ပြီး ပြန်ဖွင့်သွားမှာပါ"ဟု ၎င်းက ပြောသည်။

ယခုလို ထောက်ပံ့လှူဒါန်းသည့် အစီအစဉ်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် လူစုလူဝေးမဖြစ်ပေါ်စေရန် မန္တလေး ခြောက်မြို့နယ်ရှိ စာရင်းကောက်ယူထားသည့် အခြေခံကျောက်သမားများအား မြို့နယ်အလိုက် အလှည့်ကျစနစ်ဖြင့် မေ ၁၆ ရက်မှ ၁၉ ရက်အထိ ထောက်ပံ့လှူဒါန်းပေးသွားမည်ဖြစ်ကြောင်းနှင့် မဟာအောင်မြေကျောက်မျက်စခန်းတွင် ကျောက်စိမ်း ကျောက်မျက်လုပ်ငန်းဖြင့် လာရောက်အရောင်းအဝယ်ပြုလုပ်သူဦးရေမှာ နေ့စဉ် တစ်သောင်းကျော်ရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

## COVID-19 ကူးစက်ရောဂါဖြစ်ပေါ်နေချိန် မုန်တိုင်းအန္တရာယ်နှင့်ပတ်သက်၍ သတိပြုလိုက်နာဆောင်ရွက်နိုင်ရန် အသိပေးပန်ကြားခြင်း

- မြန်မာနိုင်ငံတွင် မုန်တိုင်းအဖြစ်များသောကာလမှာ မိုးဦးကာလနှင့် မိုးနှောင်းကာလတို့ဖြစ်ရာ ယခု COVID-19 ကူးစက်ရောဂါ ဖြစ်ပွားနေချိန်တွင် ရာသီကာလအလိုက်ဖြစ်ပွားတတ်သည့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်မှုများကို ပိုမိုသတိပြုဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် COVID-19 ကူးစက်ရောဂါဖြစ်ပွားစဉ်ကာလတွင် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ စီမံခန့်ခွဲဆောင်ရွက်ရာ၌ COVID-19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ အစီအမံများကိုလည်း ပေါင်းစပ်ထည့်သွင်းပြီး ကြိုတင်စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။
- ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့မုန်တိုင်းဖြစ်ပေါ်နိုင်သည့်ရာသီကာလတွင် မိသားစုအလိုက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ရာ၌ COVID-19 ကူးစက်ရောဂါဆိုင်ရာ လိုက်နာရမည့် ညွှန်ကြားချက်များကိုလည်း မမေ့မလျော့ထည့်သွင်းဆောင်ရွက်နိုင်ပါရန်နှင့် အောက်ပါအတိုင်း သတိပြုနေထိုင်ခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်နိုင်ပါရန် နှိုးဆော်အပ်ပါသည်-
  - မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပါ။ မိမိ၏ အိမ်နီးချင်းများကိုလည်း အသိပေးနှိုးဆော်ပါ။
  - အိမ်ပေါ်သို့ ကျိုးကျနိုင်သော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။
  - COVID-19 ကူးစက်ရောဂါဖြစ်ပွားနေချိန်ဖြစ်သဖြင့် တတ်နိုင်ပါက မိမိအိမ်၌သာ ခိုလှုံနေထိုင်နိုင်ရေးအတွက်နေအိမ်အဆောက်အဦများအား လေဒဏ်၊ မိုးဒဏ်ခံနိုင်စေရန် ကြိုတင်ပြင်ဆင်ပါ။
  - မိမိနေအိမ်သည် လုံခြုံမှုမရှိနိုင်ဟုယူဆပါက မိသားစုများ အရေးပေါ်ပြောင်းရွှေ့ရန် ဘေးလွတ်ကင်းသည့်နေရာ ကြိုတင်ရွေးချယ်ထားပါ။ အဆိုပါနေရာတွင် တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၃)ပေအကွာ နေနိုင်ရေးဆောင်ရွက်ပါ။ ဆပ်ပြာ၊ လက်သန့်ဆေးရည်၊ မျက်နှာနှင့် နှာခေါင်းစည်းများ ကြိုတင်စုဆောင်းယူဆောင်သွားပါ။ COVID-19 ကူးစက်ရောဂါဆိုင်ရာ လိုက်နာရမည့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာပါ။
  - မိမိအစီအစဉ်ဖြင့် ပြောင်းရွှေ့မည့်နေရာ မရရှိနိုင်ပါက ဒေသရှိ တာဝန်ရှိဌာန၊ အဖွဲ့အစည်းများ၏ စီမံဆောင်ရွက်မှုကို လိုက်နာဆောင်ရွက်ပါ။
  - ကမ်းရိုးတန်းဒေသများတွင် မုန်တိုင်းနှင့်အတူ မုန်တိုင်းဒီရေတက်ရောက်နိုင်ကြောင်း၊ ကုန်းတွင်းပိုင်းဒေသများသည် မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းရာမှ လျှပ်တစ်ပြက်ရေကြီးမှုများ ဖြစ်ပေါ်နိုင်ကြောင်း အထူးသတိပြုနေထိုင်ပါ။
  - လှေများ၊ အသက်ကယ်ဖောကွင်းများ၊ Life Jacket များနှင့် ရေလုံသော ပလတ်စတစ်ပုံးများ ကြိုတင်စုဆောင်းပါ။
  - မိသားစုအလိုက် (၁)ပတ်စာခန့် အရေးပေါ်အသင့်စားအစားအစာများ၊ ဆေးဝါး၊ သောက်ရေများ ကြိုတင်စုဆောင်းထားပါ။
  - မိသားစုများ တကွဲတပြားစီဖြစ်သွားပါက ပြန်လည်ဆုံတွေ့နိုင်မည့်နေရာကို ကြိုတင်သတ်မှတ်ထား၍ မိသားစုဝင်အားလုံးသိရှိပါစေ။
  - လေပြင်းတိုက်ခတ်မှုများ၊ မိုးရွာသွန်းမှုများ၊ လျှပ်စီးလက်ခြင်းနှင့် မိုးခြိမ်းခြင်းများဖြစ်ပွားနေချိန်တွင် ဖုန်းများကိုအသုံးမပြုပါနှင့်။
- ပြည်သူလူထုအနေဖြင့် COVID-19 ကူးစက်ရောဂါဖြစ်ပွားနေချိန် ယခုကာလတွင် မုန်တိုင်းဘေး၊ ရေဘေးအန္တရာယ်များ ဖြစ်ပွားနိုင်သည်ကိုလည်း ကြိုတင်သတိပြုနိုင်ပါရန်၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်များကို အလေးထားဂရုပြုနားထောင်ရန်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့လည်း ဆက်သွယ်သတင်းယူခြင်း၊ အကူအညီတောင်းခံနိုင်ခြင်းများ ဆောင်ရွက်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## နမ္မတူမြို့နယ်ရှိ မြို့မဈေးနှင့် ယာယီပျံကျဈေး၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**နမ္မတူ မေ ၁၆**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ပိုးသတ်ဆေးဖျန်းခြင်း၊ နှာခေါင်းစည်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့နယ် မြို့မဈေးနှင့် ယာယီပျံကျဈေး၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် နယ်မြေခံတပ်နယ်မှ နမ္မတူမြို့နယ် မြို့မဈေးနှင့် ယာယီပျံကျဈေး၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေး ပိုးသတ်ဆေးဖျန်းခြင်း၊ နှာခေါင်းစည်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လှမော် (ပြန်/ဆက်)






## ခင်ဦးမြို့၌ ကိုဗစ်-၁၉ ရောဂါ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ခင်ဦး မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (ရုံးချုပ်) က ထုတ်ဝေသော ကိုဗစ်-၁၉ ရောဂါ မပြန့်ပွားဖို့ မိမိက စ၍ ကာကွယ်စို့ အသိပညာပေး လက်ကမ်းစာစောင်များကို ယနေ့ နံနက်ပိုင်းက အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ထိုသို့ဖြန့်ဝေရာတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများက မြို့မ ဈေးရှိ ဈေးဆိုင်များ၊ ဈေးဝယ်သူများ နှင့် လူစည်ကားရာနေရာများတွင် ပြည်သူများထံအရောက် လိုက်လံ ဖြန့်ဝေပေးခဲ့သည်။ အသိပညာပေး လက်ကမ်းစာစောင်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်း စုကြည် ပြောကြားချက်မှ ကောက်နုတ်ချက်၊ စနစ်တကျလက်ဆေးနည်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ သံသယဖြစ်ဖွယ် ရောဂါလက္ခဏာ များစသည့် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သည့် အသိပညာပေး သတင်းစကားများကို ထည့်သွင်း ဖော်ပြထားကြောင်း သိရသည်။

**စိုးဝေအောင်(ခင်ဦး)**



## ဗန်းမော်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး နှာခေါင်းစည်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ဗန်းမော် မေ ၁၆**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ်တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နှာခေါင်းစည်းများနှင့် အသိပညာပေးလက်ကမ်းစာစောင်များကို ယနေ့နံနက်ပိုင်းက လူစည်ကားရာ နေရာများတွင် အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ထိုသို့ နှာခေါင်းစည်းများနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းဖြင့် ပြည်သူများ ကိုဗစ်-၁၉ ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ၊ သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများ၊ ကာကွယ်နိုင်မည့် နည်းလမ်းများကို သိရှိပြီး ရောဂါကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးတွင် အထောက်အကူပြုစေရန် အတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက လူစည်ကားရာနေရာများဖြစ်သည့် ရုပ်ပြေးဆိပ်နှင့် ကမ်းနားလမ်းတစ်လျှောက် သွားလာနေသူများအား နှာခေါင်းစည်းအခု ၁၀၀ နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ဝေသည့် ကိုဗစ်-၁၉ ရောဂါကို မိမိကစ၍ ကာကွယ်ပါ လက်ကမ်းစာစောင် ၂၀၀ တို့ကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ကိန်းဖြူ(ပြန်/ဆက်)**



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်



**သရက် မေ ၁၆**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိစေရေး အတွက် မြို့ဝင်ဂိတ်များတွင် စစ်ဆေးရေးဂိတ်နှစ်ဂိတ်ထားရှိပြီး စစ်ဆေး ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက အနောက်ဂိတ် စစ်ဆေးရေးဂိတ် တွင် ခရီးသွားများအား သွားရောက်မည့်ခရီးစဉ်များမေးမြန်းခြင်း၊ ကိုယ်အပူချိန် တိုင်းတာခြင်းနှင့် နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်ပြီးမှ အပြင်ထွက်ရန် အသိပညာပေး ပြောကြားခဲ့သည်။

မြို့ဝင်စစ်ဆေးရေးဂိတ်တွင် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ စာရေး ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ် တပ်ဖွဲ့ဝင်များ နေ့စဉ်ပူးပေါင်းပါဝင်၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာ တွင် ခရီးသွားပြည်သူများအား ကိုဗစ်- ၁၉ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး နှာခေါင်းစည်းများ တပ်ဆင်ပြီးမှသွားလာကြရန်နှင့် မကြာခဏလက်ဆေးခြင်း များ ဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်

- COVID-19 ကူးစက်ရောဂါ ပြန့်ပွားမှုကိုထိန်းချုပ်ရန် အများပြည်သူလိုက်နာရမည့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိတိကျကျလိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန်သတင်းများ လွှင့်ခြင်းမပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင် ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ရှားတောမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ရှားတော မေ ၁၆**

ကယားပြည်နယ် ရှားတောမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများကို အရှိန် အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိရာ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက အသိပညာပေး လုပ်ငန်းကို ယနေ့နံနက်ပိုင်းက ဗိုလ်ချုပ်လမ်း၊ ဘုရင့်နောင် လမ်းနှင့် ဦးအောင်ဇေယျလမ်းတို့တွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်မောင်နှင့် ကော်မတီဝင်များပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် လမ်းသွား လမ်းလာ ပြည်သူများအား မိမိအိမ်အတွင်းမှ အပြင်သို့ သွားလာပါက နှာခေါင်းစည်းကို မဖြစ်မနေ တပ်ဆင်ပြီးမှ သွားလာကြရန် အသိပေးပြောကြားပြီး နှာခေါင်းစည်း တပ်ဆင်ခြင်းမရှိဘဲ သွားလာနေသော ပြည်သူများ အား နှာခေါင်းစည်းနှစ်ခုစီ ရောင်းချဆောင်ရွက်ပေးခဲ့ သည်။

**ထွန်းအောင်(ပြန်/ဆက်)**

# မြို့နယ်အချို့၌ မီးလောင်မှုဖြစ်ပွား

**ပြည်ကြီးတံခွန်**
မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ၇၃ လမ်းနှင့် ၇၄ လမ်းကြား၊ မင်းကြီးရန်နောင်လမ်းနှင့် မင်္ဂလာလမ်းကြားရှိ ငွေတော်ကြည်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၁) တွင် မေ ၁၆ ရက် နံနက် ၁၁ နာရီ ၁၈ မိနစ်က မီးအားမြှင့်စက်အပူလွန်ကဲရာမှ ဆီစက်နှင့်တွဲလျက်နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ အုပ်ချုပ်မှုယာဉ်သုံးစီး၊ မီးငြိမ်းသတ်ယာဉ် ၂၂ စီး၊ ရေသယ်ယာဉ်၁၀ စီးဖြင့် သန္ဓေမီးသတ် တပ်ဖွဲ့ဝင် ၆၀၊ အရန်မီးသတ် တပ်ဖွဲ့ဝင် ၉၀ နှင့် ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၁၁ နာရီ ၄၇ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဆီစက်တာဝန်ခံ ဦးအောင်ကျော်ညွန့်အား ပြည်ကြီးတံခွန်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

**မုံရွာ**
မုံရွာမြို့ ပြည်ထောင်စုလမ်းနှင့် မြို့ပတ်လမ်းထောင့်ရှိ အထပ်သားစက်ရုံအပြင်ဘက်ရှိ အမှိုက်ပုံမှာ မေ ၁၆ ရက် မွန်းလွဲ ၁ နာရီခန့်က မီးလောင်ခဲ့ရာ မီးသတ်ယာဉ် ၁၀ စီးဖြင့် ငြိမ်းသတ်ခဲ့ရကြောင်း မုံရွာခရိုင်မီးသတ်ဦးစီး မှူး ဦးညီညီဇော်ထံမှ သိရသည်။

"စက်ရုံထောင့်က အထပ်သားနည်းနည်းပဲမီးလောင်တယ်။ အထပ်သားစက်ရုံဆီမကူးအောင် မီးသတ်ယာဉ် ၁၀ စီးနဲ့ ဝိုင်းငြိမ်းသတ်ကြတာ တစ်နာရီလောက်အကြာမှာ မီးငြိမ်းသွားတယ်"ဟု ဦးညီညီဇော်က ပြောသည်။ **မျိုးဝင်းထွန်း (မုံရွာ)**



**ညောင်ဦး**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် တောင်ဘကျေးရွာအနီး ညောင်ဦး-ကျောက်ပန်းတောင်းသွား ကားလမ်းဘေး ဦးပေါင်းကျား မြင်းစီးစခန်းတွင် နံနက် ၁၁ နာရီခွဲခန့်က အမှိုက်ပုံမီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၉ နာရီခွဲခန့်က ညောင်ဦးမြို့နယ် တောင်ဘကျေးရွာနေ ဦးကျော်လှိုင်သည် ညောင်ဦး - ကျောက်ပန်းတောင်းသွား ကားလမ်းဘေးရှိ သနပ်ခါးခြံ၌ အမှိုက်ပုံအားမီးရှို့ခဲ့ပြီး နေအိမ်သို့ ပြန်လာခဲ့ရာ အမှိုက်ပုံမီးမှတစ်ဆင့် သနပ်ခါးခြံအား မီးကူးစက်လောင်ခဲ့ကာ ဘေးတွင်ကပ်လျက်ရှိသော ဦးပေါင်းကျား မြင်းစီးစခန်းရှိ မြင်းဇောင်းတဲအား ထပ်မံမီးကူးစက်လောင်ခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ ညောင်ဦးခရိုင် မီးသတ်ဦးစီးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၀ က မီးသတ်ယာဉ် နှစ်စီး ၊ ရေသယ်ယာဉ်သုံးစီး၊ အုပ်ချုပ်မှုယာဉ် နှစ်စီး၊ ညောင်ဦးမြို့ ဂရုဏာရှင်နာရေးကူညီမှုအသင်းမှ ရေသယ်ယာဉ် တစ်စီးတို့ဖြင့် ငြိမ်းသတ်ခဲ့ကြောင်း၊ မီးလောင်မှုအရှိန်ကြောင့် ညောင်ဦးမြို့ ဝက်ကြီးအင်းရပ်ကွက်ရှိ မဟာဓာတ်အားခွဲရုံမှ ဓာတ်အားပို့လွှတ်သော ၁၁ ကေဗွီဓာတ်အားလိုင်းကြိုး ပေ ၁၅၀ ခန့် အရည်ပျော်ပြတ်ကျခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုနှင့်ပတ်သက်၍ ဦးကျော်လှိုင်အား ညောင်ဦးမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

**တပ်ကုန်း**
နေပြည်တော် တပ်ကုန်းမြို့နယ် ဘုရင့်နောင်ရပ်ကွက် နယ်မြေ(၁)မောင်နှမနှစ်ယောက်နေထိုင်သည့် နေအိမ်တွင် ယနေ့ နံနက် ၉ နာရီ မိနစ် ၄၀ က ခြင်ဆေးခွေမီးမှ မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးဌာန ဦးစီးအရာရှိ ဦးဝင်းမင်းစိုး၊ ဒုမီးသတ်ဦးစီးမှူး ဦးဇင်မင်းထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးကာ တစ်လုံးမှာ မီးဟပ်ခံရပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

**တင်စိုးလွင်**





## နောင်ချိုနှင့် ပြင်ဦးလွင်ကြား တစ်နေ့တည်း ယာဉ်မတော်တဆမှု သုံးကြိမ်ဖြစ်

**နောင်ချို မေ ၁၆**
ရှမ်းပြည်နယ် နောင်ချိုမြို့နှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့အကြား ပြည်ထောင်စုလမ်းမကြီးနှင့် ဂုတ်တွင်းလမ်းပေါ်တို့၌ မေ ၁၆ ရက် တစ်ရက်တည်းတွင် ယာဉ်မတော်တဆမှု သုံးကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၇ နာရီခန့်က ဆီတင်ယာဉ်တစ်စီးမှာ ဂုတ်တွင်းလမ်း၌ မတော်တဆမှုဖြစ်ပွား၍ တောင်ကမ်းပါးရံ ဝင်တိုက်ခဲ့သည်။ ဆီကားအတွင်း ဓာတ်ဆီများ တင်ဆောင်လာသည့်အတွက် မီးဘေးအန္တရာယ် မဖြစ်စေရန် နောင်ချိုမြို့မှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကားအချိန်းအပြောင်းဆောင်ရွက်ရာ၌ ပူးပေါင်းကူညီပေးခဲ့ကြသည်။

အလားတူ ယနေ့ မွန်းလွဲပိုင်းက နောင်ချိုမှ ပြင်ဦးလွင်သို့ ဓာတ်မြေသြဇာအိတ်များ တင်ဆောင်မောင်းနှင်လာသည့် ၁၂ ဘီးယာဉ်သည် ပြင်ဦးလွင်မြို့နယ် မြိုင်ကြီးကျေးရွာအနီး ကွေ့ကြော၌ အရှိန်လွန်ကာ မြောင်းအတွင်းသို့ ထိုးကျတိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။(**အပေါ်ပုံ**)

ထို့ပြင် မွန်းလွဲ ၃ နာရီခန့်က နောင်ချိုမြို့နယ် အုမ္မခါးကျေးရွာအနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် နောင်ချိုမှလာသည့် ဆီဘောက်ဆာတွဲယာဉ် ခါလီနှင့် ပြင်ဦးလွင်မှလာသည့် တွဲယာဉ်တို့ မတော်တဆတိုက်မိမှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ဖြစ်စဉ်များအားလုံး၌ ယာဉ်မောင်းများမှာ ဒဏ်ရာအနည်းငယ်စီသာရရှိခဲ့ကြသော်လည်း ယာဉ်များမှာ ပျက်စီးမှုကြီးမားခဲ့ကြောင်း သိရသည်။

**သီပေါကိုလတ်**

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၆**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၅ ရက်တွင် မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၇၈ စီး ၊ သွင်းကုန် ၃၅၁ စီး ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၈၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅ သန်း တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင် ခြင်းမရှိသည့် Toyota Crown အမျိုးအစား လိုင်စင်မဲ့ယာဉ် တစ်စီးအား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုပိုမိုများပြားလာပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်ပါက အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ။

(၂) ပူပြင်းသည့် နေရောင်အောက်တွင် ပင်ပန်းစွာ အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

(၃) ပူပြင်းသည့် နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းသွားပါ။ အရိပ်ရအေးမြသည့် နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ။

(၄) အလင်းပြန်သော အဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ။

(၅) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်း စသည်တို့ကို ရှောင်ကြဉ်ပါ။


(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။


(၇) ခန္ဓာကိုယ်အတွင်း ရေနှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့် ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။

(၈) မိတ်နှင့် ယားဖုများ ထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။


(၉) အပူဒဏ်အန္တရာယ်ခံစားရသော လူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာတွင်ထားရှိခြင်း၊ ရေနှင့် ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြား(၂)ဖက်နှင့် ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
**ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ**














# ဆေးပစ္စည်းကိရိယာဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**(ယမန်နေ့မှအဆက်)**

**အခန်း (၄)**

**ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၇။ ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အာဏာပိုင်အဖွဲ့၏ မူဝါဒနှင့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ဆေးပစ္စည်းကိရိယာ ဘေးအန္တရာယ်ကင်းရှင်းရေးကိစ္စရပ်များကို အကောင်အထည်ဖော်ရန် ဦးစီးဌာနအား တာဝန်ပေးအပ်၍ကြီးကြပ်ကွပ်ကဲခြင်း။

**အခန်း (၅)**

**ဆေးပစ္စည်းကိရိယာများကို အမျိုးအစားခွဲခြားခြင်း**

၈။ ဦးစီးဌာနသည် ဆေးပစ္စည်းကိရိယာများကိုလည်းကောင်း၊ တွဲဖက်အသုံးပြုသော ဆေးပစ္စည်းကိရိယာကိုလည်းကောင်း သီးခြားခွဲ၍ အမျိုးအစားသတ်မှတ်ရမည်။

၉။ ပုဒ်မ ၈ အရ အမျိုးအစားခွဲခြားရာတွင် ဒေသတွင်းနိုင်ငံများ၏ သတ်မှတ်ချက်နှင့်အညီ အောက်ပါအချက်များကိုအခြေခံ၍ သတ်မှတ်ရမည် –

(က) လူနာနှင့်ဆေးပစ္စည်းကိရိယာကို ကိုင်တွယ်အသုံးပြုသူ၊ သုံးစွဲသူတို့၏ ကျန်းမာရေးအတွက် အန္တရာယ်ရှိနိုင်သည့် အတိုင်းအတာအခြေအနေ၊

(ခ) လူ၏ခန္ဓာကိုယ်ပြင်ပ သို့မဟုတ် ခန္ဓာကိုယ်အတွင်း၌အသုံးပြုမှု၊

(ဂ) လူ၏ခန္ဓာကိုယ်အတွင်း အသုံးပြုမည့်နေရာ၊

(ဃ) အသုံးပြုရမည့် အချိန်ကာလကြာမြင့်မှုနှင့် အသုံးပြုနိုင်မှုသက်တမ်း။

၁၀။ ဦးစီးဌာနသည် နှစ်မျိုး သို့မဟုတ် နှစ်မျိုးထက်ပိုသော နည်းလမ်းများဖြင့် ရည်ရွယ်သုံးစွဲနိုင်သည့် ဆေးပစ္စည်းကိရိယာကို အဓိကအကျဆုံးအသုံးပြုသည့် ရည်ရွယ်ချက်ပေါ်မူတည်၍ အမျိုးအစားခွဲခြားသတ်မှတ်ရမည်။

**အခန်း (၆)**

**ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် စွမ်းဆောင်နိုင်မှုဆိုင်ရာအခြေခံမူများ**

**(Essential Principles of Safety and Performance)**

၁၁။ ဦးစီးဌာနသည် ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ဆေးပစ္စည်းကိရိယာ၏ ဘေးအန္တရာယ်ကင်းရှင်းမှု၊ စွမ်းဆောင်နိုင်မှုနှင့် အရည်အသွေးအာမခံနိုင်မှုသက်တမ်းတို့အတွက် အဓိကလိုအပ်သော အခြေခံမူများ၊ အချက်အလက်များကိုသတ်မှတ်ရမည်။

၁၂။ ဦးစီးဌာနသည် ပြည်တွင်း၌ဈေးကွက်တင်ရောင်းချမည့် ဆေးပစ္စည်းကိရိယာများကို ပုဒ်မ ၁၁ နှင့် ၁၃ အရ သတ်မှတ်ထားသောအချက်အလက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ရမည်။

**အခန်း (၇)**

**အရည်အသွေးကိုက်ညီမှုအကဲဖြတ်ဆန်းစစ်ခြင်း(Conformity Assessment)**

၁၃။ ဦးစီးဌာနသည် ဆေးပစ္စည်းကိရိယာများ၏ အရည်အသွေးကိုက်ညီမှုရှိ၊ မရှိ စနစ်တကျအကဲဖြတ်ဆန်းစစ်နိုင်မည့် အချက်အလက်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လိုအပ်ပါက ပြောင်းလဲသတ်မှတ်ထုတ်ပြန်ရမည်။

၁၄။ ဆေးပစ္စည်းကိရိယာထုတ်လုပ်သူ၊ မူလပိုင်ရှင် သို့မဟုတ် ယင်းကလုပ်ပိုင်ခွင့် လွှဲအပ်ခံရသော ကိုယ်စားလှယ် သို့မဟုတ် ဖြန့်ဖြူးရောင်းချသူသည် ဆေးပစ္စည်းကိရိယာ၏ ဘေးအန္တရာယ်ကင်းရှင်းမှု၊ စွမ်းဆောင်နိုင်မှု၊ အရည်အသွေးအာမခံနိုင်မှု သက်တမ်းတို့နှင့်စပ်လျဉ်း၍ အဓိကလိုအပ်သော အခြေခံမူများ၊ အချက်အလက်များနှင့်အညီ လိုက်နာဆောင်ရွက်ထားမှုနှင့် အရည်အသွေးသင့်လျော်ကိုက်ညီမှုရှိကြောင်း ခိုင်လုံသောအထောက်အထားများဖြင့် ဦးစီးဌာနသို့ ပုံမှန်တင်ပြသည့် စာတွဲပုံစံပါအတိုင်းတင်ပြရမည်။

၁၅။ ဦးစီးဌာနသည် နိုင်ငံတကာအသိအမှတ်ပြု အရည်အသွေးကိုက်ညီမှုစစ်ဆေးသောအဖွဲ့များ၏ ထောက်ခံချက်များကို စိစစ်လက်ခံနိုင်သည်။

**အခန်း (၈)**

**မှတ်ပုံတင်ခြင်း**

၁၆။ အောက်ဖော်ပြပါ ဆေးပစ္စည်းကိရိယာများကို မှတ်ပုံတင်လျှောက်ထားသူသည် သက်ဆိုင်ရာ ဆေးပစ္စည်းကိရိယာအလိုက် သတ်မှတ်ချက်များနှင့်အညီ လိုအပ်သောအထောက်အထား စာရွက်စာတမ်းများပူးတွဲ၍ မှတ်ပုံတင်လက်မှတ်ရရှိရန် ဦးစီးဌာနသို့လျှောက်ထားရမည်-

(က) ဆေးပစ္စည်းကိရိယာ၊

(ခ) တွဲဖက်အသုံးပြုသော ဆေးပစ္စည်းကိရိယာ၊

(ဂ) ရောဂါရှာဖွေရန် လူ၏ခန္ဓာကိုယ်ပြင်ပတွင် သို့မဟုတ် ဓာတ်ခွဲခန်းတွင် အသုံးပြုသော ဆေးပစ္စည်းကိရိယာ၊

(ဃ) ပြုပြင်ထားသော ဆေးပစ္စည်းကိရိယာ၊

(င) ဆေးပညာဆိုင်ရာ စူးစမ်း စမ်းသပ်မှုအတွက် ရည်ရွယ်သော ဆေးပစ္စည်းကိရိယာ၊

(စ) ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ပြဋ္ဌာန်းသော ဆေးပစ္စည်းကိရိယာ။

၁၇။ ဦးစီးဌာနသည်-

(က) ပုဒ်မ ၁၆ အရ လျှောက်ထားလာပါက ဝန်ကြီးဌာနက သတ်မှတ်သော အခကြေးငွေပေးသွင်းစေပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိ၊ မရှိ စိစစ်ရမည်၊

(ခ) ပုဒ်မခွဲ (က) အရ စိစစ်ရာတွင် အရည်အသွေးသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိကြောင်းတွေ့ရှိရလျှင် သတ်မှတ်ကာလအတွင်း လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်၊

(ဂ) ပုဒ်မခွဲ(က)အရ စိစစ်ရာတွင် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရလျှင် ယင်းအကြောင်းအချက်များကိုဖော်ပြ၍ မှတ်ပုံတင်ထုတ်ပေးရန် ငြင်းပယ်ကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်၊

(ဃ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခံရသော ဆေးပစ္စည်းကိရိယာကို ဈေးကွက်တွင်ရောင်းချခြင်းမပြုရန် တားမြစ်ခြင်းကိုဖြစ်စေ၊ သတ်မှတ်သည့်နည်းလမ်းဖြင့် ကွပ်ကဲထိန်းချုပ်ခြင်းကိုဖြစ်စေ ဆောင်ရွက်ရမည်။

၁၈။ ဦးစီးဌာနသည် လူနာ၏လိုအပ်ချက်အရ သီးသန့်ပြုလုပ်ဖန်တီးထားသော ဆေးပစ္စည်းကိရိယာများကို သတ်မှတ်ချက်နှင့်ညီညွတ်လျှင်မှတ်ပုံတင်ခြင်းမှကင်းလွတ်ခွင့်ပြုရမည်။

၁၉။ ဦးစီးဌာနသည် –

(က) သဘာဝဘေးအန္တရာယ် သို့မဟုတ် အရေးပေါ် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ သို့မဟုတ် ဝန်ကြီးဌာနနှင့်သဘောတူညီချက်ရယူထားသော သင်ကြား ကုသရေးလုပ်ငန်းများ၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်ကြောင်း ပေါ်ပေါက်ပါက မှတ်ပုံတင်ထားခြင်းမရှိသော ဆေးပစ္စည်းကိရိယာကို ပြည်တွင်း၌အသုံးပြုရန် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ယာယီအသုံးပြုခွင့်ကို ကာလသတ်မှတ်၍ ခွင့်ပြုနိုင်သည်၊

(ခ) ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် နိုင်ငံတကာအဖွဲ့အစည်းများက ကူညီထောက်ပံ့လှူဒါန်းသော ဆေးပစ္စည်းကိရိယာများသည်လည်းကောင်း၊ စီမံချက်လုပ်ငန်းများအတွက် ဝယ်ယူလှူဒါန်းသော ဆေးပစ္စည်းကိရိယာများသည်လည်းကောင်း ဦးစီးဌာန၌ မှတ်ပုံတင်ထားခြင်းမရှိပါက ပြည်တွင်း၌ လက်ခံမည့် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းများသည် ယင်းဆေးပစ္စည်းကိရိယာများကို သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်ရန် ဦးစီးဌာနသို့ လျှောက်ထားရမည်၊

(ဂ) ပုဒ်မခွဲ(က)အရခွင့်ပြုထားသောကာလအတွင်း ဆေးပစ္စည်းကိရိယာ၏ အရည်အသွေး ကိုက်ညီမှု သို့မဟုတ် ဘေးအန္တရာယ်ကင်းရှင်းမှု မရှိကြောင်း စိစစ်တွေ့ရှိရပါက ဝန်ကြီးဌာန၏သဘောတူညီမှုဖြင့် ယာယီအသုံးပြုခွင့်ကို ချက်ချင်းရပ်ဆိုင်းစေရမည်။

၂၀။ ပုဒ်မ ၁၉ (က) အရ ယာယီအသုံးပြုခွင့်ကာလ ကုန်ဆုံးပြီးသော ဆေးပစ္စည်းကိရိယာနှင့် စပ်လျဉ်း၍ ဆက်လက်ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း ပြုလုပ်လိုသူသည် သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်ရန် ဦးစီးဌာနသို့လျှောက်ထားရမည်။

**အခန်း (၉)**

**လိုင်စင် သို့မဟုတ် ထောက်ခံချက်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း**

၂၁။ ဆေးပစ္စည်းကိရိယာများကို ပြည်တွင်း၌ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းတစ်ခုခုကိုဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ ဆောင်ရွက်လိုသူသည် လိုင်စင်ရရှိရန်သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့လျှောက်ထားရမည်။

၂၂။ ဦးစီးဌာနသည် –

(က) ပုဒ်မ ၂၁ အရ လျှောက်ထားလာပါက ဝန်ကြီးဌာနက သတ်မှတ်သော အခကြေးငွေပေးသွင်းစေပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိ၊ မရှိ စိစစ်ရမည်၊

(ခ) ပုဒ်မခွဲ (က) အရ စိစစ်ရာတွင် ဆေးပစ္စည်းကိရိယာသည် အရည်အသွေးသတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိပြီး လုပ်ငန်းသည် သတ်မှတ်ထားသည့် ကောင်းမွန်သောထုတ်လုပ်မှု ကျင့်စဉ်၊ သိုလှောင်မှုကျင့်စဉ်၊ ဖြန့်ဖြူးရောင်းချမှု ကျင့်စဉ်တို့နှင့်ကိုက်ညီလျှင် သတ်မှတ်ကာလအတွင်းလျှောက်ထားသူအား လိုင်စင်ထုတ်ပေးရမည်၊

(ဂ) ပုဒ်မခွဲ(က)အရ စိစစ်ရာတွင် အရည်အသွေးသတ်မှတ်ချက်များ၊ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်၊ သိုလှောင်မှုကျင့်စဉ်၊ ဖြန့်ဖြူးရောင်းချမှုကျင့်စဉ်တို့နှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရလျှင် လိုအပ်ချက်များကို ပြင်ဆင်ဆောင်ရွက်ပြီးပြန်လည်လျှောက်ထားရန် ညွှန်ကြားချက်နှင့်အတူ လျှောက်ထားသူထံ အကြောင်းကြားရမည်၊

(ဃ) ပုဒ်မခွဲ(ဂ)အရ ပြင်ဆင်ဆောင်ရွက်ခြင်းပြုပြီးနောက် သတ်မှတ်ချက်များနှင့်ကိုက်ညီကြောင်းတွေ့ရှိရပါက ပုဒ်မခွဲ(ခ)ပါအတိုင်း ဆောင်ရွက်ရမည်၊

(င) ပုဒ်မခွဲ (ဂ) အရ ပြင်ဆင်ဆောင်ရွက်ပြီး ပြန်လည်လျှောက်ထားမှုကို ထပ်မံစိစစ်ရာတွင် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရလျှင် ယင်းအကြောင်းအချက်များကိုဖော်ပြ၍ လိုင်စင်ထုတ်ပေးရန်ငြင်းပယ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်လိုပါက ညွှန်ကြားချက်များအတိုင်းပြုပြင်ပြီး ထပ်မံလျှောက်ထားနိုင်ကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်၊

(စ) လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ထားသောလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နေခြင်းနှင့် စပ်လျဉ်း၍ တားမြစ်ခြင်းဖြစ်စေ၊ သတ်မှတ်သည့်နည်းလမ်းဖြင့် ကွပ်ကဲထိန်းချုပ်ခြင်းဖြစ်စေ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်။

၂၃။ မှတ်ပုံတင်ထားသော ဆေးပစ္စည်းကိရိယာကို ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်းဆောင်ရွက်လိုသူသည် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်း၏ ခွင့်ပြုချက်ရရှိရန် လျှောက်ထားရာတွင် ဦးစီးဌာန၏ထောက်ခံချက်ကို သတ်မှတ်ချက်နှင့်အညီရယူရမည်။

**အခန်း (၁၀)**

**အညွှန်းအမှတ်အသားဖော်ပြခြင်း(Labelling)**

၂၄။ (က) ဆေးပစ္စည်းကိရိယာတစ်ခုအား သုံးစွဲရန်ရည်ရွယ်ချက်နှင့် အညွှန်းအတိုင်း အသုံးပြုစဉ် လူနာနှင့် သုံးစွဲသူတို့၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းမှုတို့ကို ထိခိုက်ခြင်းမရှိစေရန်အတွက် မူလပိုင်ရှင်၊ လုပ်ပိုင်ခွင့်လွှဲအပ်ခံရသော ကိုယ်စားလှယ်၊ ထုတ်လုပ်သူ၊ ဖြန့်ဖြူးရောင်းချသူသည် ဆေးပစ္စည်းကိရိယာ၏ အညွှန်းအမှတ်အသားဖော်ပြရာတွင် ကုန်အမှတ်တံဆိပ်နှင့်အတူ ပါဝင်ဖွဲ့စည်းမှု၊ ထုပ်ပိုးမှု၊ သုံးစွဲနည်းလမ်းညွှန်၊ သင့်လျော်သော စွန့်ပစ်နည်းစနစ်နှင့် သတိပေးချက်အပါအဝင် အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာသတ်မှတ်ချက်များနှင့် သတင်းအချက်အလက်တို့ကို သိသာထင်ရှားစွာ ဖော်ပြရမည်၊

(ခ) ပုဒ်မခွဲ (က)အရ ဖော်ပြရာတွင် ဦးစီးဌာန၏ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရမည်။

**အခန်း(၁၁)**

**ကြော်ငြာခြင်း**

၂၅။ ဆေးပစ္စည်းကိရိယာတစ်ခု၏ ကောင်းကျိုးတင်ပြသည့် ကြော်ငြာများသည် သိပ္ပံနည်းကျ ခိုင်လုံသောအကြောင်းရင်းများအရလည်းကောင်း၊ ဆေးပစ္စည်းကိရိယာဖွဲ့စည်းပုံ၊ ထုတ်လုပ်ပုံနှင့် ပါဝင်ပစ္စည်းများအရ လည်းကောင်း မှန်ကန်ကြောင်း ခိုင်လုံသောအထောက်အထားများအပေါ် အခြေခံ၍ ဖော်ပြခြင်းဖြစ်ရမည်။

**အခန်း (၁၂)**

**ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းနှင့်**
**ဆိုးကျိုးဖြစ်ရပ်များသတင်းပေးပို့ခြင်း**

၂၆။ ဦးစီးဌာနသည် ဈေးကွက်အတွင်းရှိဆေးပစ္စည်းကိရိယာ၏ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် အရည်အသွေးစွမ်းဆောင်နိုင်မှုတို့ကို ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းအစီအစဉ် သတ်မှတ်ဆောင်ရွက်ရမည်။

၂၇။ ဈေးကွက်အတွင်းရှိ ဆေးပစ္စည်းကိရိယာတစ်ခုကို သုံးစွဲရန်ရည်ရွယ်ချက်နှင့် အညွှန်းအတိုင်း မှန်ကန်စွာတပ်ဆင်ထိန်းသိမ်းအသုံးပြုသော်လည်း လူနာ သို့မဟုတ် သုံးစွဲသူတို့၏ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းမှုတို့ကို ထိခိုက်စေသည်ဟု စိစစ်တွေ့ရှိပါက ဦးစီးဌာနသည် မူလပိုင်ရှင်၊ လုပ်ပိုင်ခွင့် လွှဲအပ်ခံရသော ကိုယ်စားလှယ်၊ ထုတ်လုပ်သူ သို့မဟုတ် ဖြန့်ဖြူးရောင်းချသူတို့အား ဆေးပစ္စည်းကိရိယာကို ဈေးကွက်မှ သိမ်းဆည်းစေရန်နှင့် ယင်းဆေးပစ္စည်းကိရိယာထုတ်လုပ်မှု၊ ရောင်းချမှု၊ သုံးစွဲမှု၊ ဝန်ဆောင်မှုပေးခြင်းတို့ကိုလည်း တားမြစ်ပိတ်ပင်ရမည်။

၂၈။ ဦးစီးဌာနသည် ပုဒ်မ ၂၇ ပါ လုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏အကူအညီကို ရယူနိုင်သည်။

၂၉။ မူလပိုင်ရှင်၊ လုပ်ပိုင်ခွင့်လွှဲအပ်ခံရသောကိုယ်စားလှယ်၊ ထုတ်လုပ်သူ သို့မဟုတ် ဖြန့်ဖြူးရောင်းချသူသည် ဦးစီးဌာန၏ညွှန်ကြားချက်အရ မိမိ၏ ဆေးပစ္စည်းကိရိယာကို ဈေးကွက်မှ ပြန်လည်သိမ်းဆည်းရာတွင် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို တိကျစွာလိုက်နာဆောင်ရွက်ရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

# မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ဈေးကြီးများ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်



**ရန်ကုန် မေ ၁၆**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ယာယီအားဖြင့် ပိတ်ထားခဲ့ရသော မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ဈေးကြီးများကို စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ယနေ့နံနက်ပိုင်းမှ စတင်ပြီး ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

အဆိုပါဈေးကြီးများမှာ မင်္ဂလာဈေးဝင်းအတွင်းရှိ မင်္ဂလာဈေး၊ ရွှေမင်္ဂလာဈေး၊ ရွှေပြည့်စုံဈေး၊ မင်္ဂလာမွန်ဈေး၊ မင်္ဂလာဈေးသစ်နှင့် ယုဇနပလာဇာတို့ ပါဝင်သည်။

"ကျွန်တော်တို့ဒီဈေးတွေကိုပြန်လည်ဖွင့်လှစ်နိုင်ဖို့ ဈေးသာယာရေးအဖွဲ့တွေနဲ့ ဆွေးနွေးပြီးတော့ စည်းကမ်းချက် ၁၁ ချက်ကို ရေးဆွဲထားပါတယ်။ ရောဂါထိန်းချုပ် ကာလအတွင်းမှာ ဈေးရောင်းဈေးဝယ်တွေ အားလုံး လိုက်နာကြဖို့လိုပါတယ်။ စည်းကမ်းချက်တွေကိုလိုက်နာဆောင်ရွက်ခြင်း မရှိတဲ့ ဈေးဆိုင်တွေကို ယာယီပိတ်သိမ်းသွားမှာဖြစ်ပါတယ်" ဟု မင်္ဂလာတောင်ညွန့်မြို့နယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှဌေးက ပြောကြားသည်။

ဈေးသူဈေးသားများ လိုက်နာရန် စည်းကမ်းချက်များမှာ ဈေးဖွင့်ချိန်ကို နံနက် ၈ နာရီမှ ညနေ ၄ နာရီ သတ်မှတ်ခြင်း၊ ဆိုင်တစ်ဆိုင်တွင် ဆိုင်ရှင်တစ်ဦးနှင့် ဝန်ထမ်းနှစ်ဦးသာထားရှိခြင်း၊ ဈေးအတွင်းသို့ ဝင်ရောက်လာသူတိုင်း နှာခေါင်းစည်းများ တပ်ဆင်ခြင်း၊ ဆိုင်တိုင်းတွင် လက်သန့်ဆေးရည်ဘူးများ အသင့်ထားရှိပေးထားခြင်း၊ လူစုလူဝေးမဖြစ်အောင် ရှောင်ကြဉ်ခြင်း၊ ကုန်တင်ကုန်ချပြုလုပ်ရာတွင် သတ်မှတ်နေရာ၌သာ ပြုလုပ်ခြင်း စသောအချက်များ ပါဝင်သည်။

အလားတူ ယုဇနပလာဇာဈေးကြီးရှေ့တွင်လည်း နံနက်စောစောမှစတင်ကာ ဈေးဖွင့်ရန်ရောက်ရှိလာကြသူများအား ဈေးတာဝန်ရှိသူများက ဝင်ပေါက်အသီးသီး၌ အပူချိန်တိုင်းစက်များဖြင့် စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

"ကျွန်တော်တို့ ယုဇနပလာဇာဈေးကြီးကို ယနေ့စဖွင့်ပါတယ်။ ဈေးရောင်းသူရော၊ ဈေးဝယ်သူရော ဝင်ပေါက်ကို ဝင်တာနဲ့ အပူချိန်တိုင်းပါတယ်။ လက်ဆေးဖို့လည်း စီစဉ်ထားပါတယ်။ အထဲကဆိုင်တွေမှာလည်း လက်ဆေးနိုင်မယ့်နေရာတွေ စီစဉ်ပေးထားပါတယ်။ ဈေးကို နံနက် ၈ နာရီကနေ ညနေ ၅ နာရီအထိ ဖွင့်ပေးသွားမှာဖြစ်ပါတယ်" ဟု ယုဇနပလာဇာဈေး လက်ထောက် အုပ်ချုပ်ရေးမှူး ဦးသောင်းထွန်းက ပြောသည်။

ယုဇနပလာဇာ ဈေးကြီးသည် ဆိုင်ခန်းပေါင်း ၃၀၀၀ နီးပါးရှိသော ဈေးကြီးဖြစ်သကဲ့သို့ လူဝင်လူထွက်များပြားသောဈေးကြီးလည်း ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာလအတွင်း ဈေးဝင်ပေါက်ခြောက်ခုမှ အပူချိန်တိုင်း စစ်ဆေးမှုများကို ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြင့်မောင်စိုး**

# မြို့နယ်များ၌ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**ဟားခါး**

ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်း (ဟားခါး) တို့ ပူးပေါင်း၍ ချုပ်လုပ်ထားသည့် နှာခေါင်းစည်းများနှင့် ကျန်းမာရေးဌာနမှ ထုတ်ပြန်ထားသည့် အသိပညာပေး လက်ကမ်းစာစောင်များကို ယနေ့ နံနက် ၉ နာရီခွဲက ဟားခါးမြို့ပေါ်ရှိ မြို့မစည်ပင်ဈေး၊ ရာတွင်းဈေးနှင့် လမ်းဆုံနေရာများတွင် အခမဲ့ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ နှာခေါင်းစည်းများသည် သုံးလွှာပါ ပြန်လည်လျှော်ဖွပ်အသုံးပြုနိုင်သော နှာခေါင်းစည်းများဖြစ်ကာ နှာခေါင်းစည်း အခု ၅၀၀ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း ဟားခါးမြို့နယ် အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ယဉ်မေသွယ်က ပြောကြားသည်။ **အောင်ခိုရှိန်း(ပြန်/ဆက်)**

**ဘုတလင်**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ဦးဆောင်၍ ယနေ့နံနက် ၇ နာရီခွဲက မြို့မဈေးရှေ့တွင် ပြန်လည်အသုံးပြုနိုင်သော နှာခေါင်းစည်း ၁၀၀၀ ကျော်ကို အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ဘုတလင်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် ကော်မတီဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထိုက်စုကြည်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက ပြန်လည်အသုံးပြုနိုင်သည့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြသည်။ **ဖိုးခါး(ပြန်/ဆက်)**

**ငပုတော**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့ပေါ်ရှိ မြို့မဈေးကြီးအတွင်း လာရောက်ရောင်းချနေကြသော ဈေးသည်များနှင့် ဈေးလာရောက်ဝယ်ယူသူပြည်သူများအတွက် ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရာတွင်အထောက်အကူဖြစ်စေရန် ချည်သားဖြင့်ပြုလုပ်ထားသော နှာခေါင်းစည်းများ အခမဲ့ပေးဝေခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများက ဈေးသည်များ၊ ဈေးလာသူပြည်သူများအား အခမဲ့ပေးဝေပေးခဲ့ကြောင်း သိရသည်။

နှာခေါင်းစည်းများ ပေးဝေဖြန့်ဖြူးရာတွင် ဈေးသူဈေးသားနှင့် ဈေးလာရောက်ဝယ်ယူသူများအား နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်အသုံးပြုရေးနှင့် လက်များစနစ်တကျဆေးကြောရေးတို့ကိုလည်း အသိပညာများပေးခဲ့ပြီး ချည်သားဖြင့်လုပ်ထားသော နှာခေါင်းစည်း ၁၃၅ ခုကို အခမဲ့ပေးဝေဖြန့်ဖြူးပေးခဲ့သည်။ **လှမင်းထွဋ်(ပြန်/ဆက်)**

# ယာယီပိတ်ထားသောယာဉ်လိုင်းများနှင့် ဈေးဆိုင်များ ပြန်လည်ဖွင့်လှစ်



**မတ္တရာ မေ ၁၆**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်တွင် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ယာယီပိတ်သိမ်းထားခဲ့သည့် မန္တလေး-မတ္တရာပြေးဆွဲနေသော ယာဉ်လိုင်းများနှင့် ဈေးဆိုင်များကို ယနေ့မှ စတင်၍ ပုံမှန်အတိုင်းပြန်လည် ဖွင့်လှစ်လျက်ရှိသည်။

မန္တလေး-မတ္တရာနှင့် မတ္တရာမြို့တွင်း ပြေးဆွဲနေသောအမှတ်(၉) ယာဉ်လိုင်းနှင့် စကျင်မန်း ယာဉ်လိုင်းအား ဧပြီ ၇ ရက်မှ စတင်ပိတ်ထားခဲ့ရာ ယနေ့တွင် ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

အမှတ်(၉) ယာဉ်လိုင်းတွင် ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားခင်ကာလ၌ မန္တလေး- မတ္တရာသို့ နေ့စဉ် ၂၅ စီးခန့်၊ စကျင်မန်း ယာဉ်လိုင်းမှာ နေ့စဉ် အစီး ၂၀ ခန့်နှင့် ဆည်တော်ကြီး၊ စကျင်၊ နတ်ကြီးစင်နှင့် ညောင်အုပ်ကျေးရွာသို့ ၁၁ စီးစုစုပေါင်း ၃၁ စီး ပြေးဆွဲခဲ့ပြီး ယနေ့တွင် ၁၀ စီးဝန်းကျင်သာ ပြေးဆွဲနေကြောင်း မတ္တရာမြို့နယ်ရှိ အဆိုပါယာဉ်လိုင်းမှ သိရသည်။

မတ္တရာမြို့မဈေးနှင့် မြို့ပေါ်ရှိ ဈေးဆိုင်များကို ပုံမှန်အတိုင်း ပြန်လည် ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး စားသောက်ဆိုင်များ၊ ထမင်းဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ စသည့် အစားအသောက် ရောင်းချသည့်ဆိုင်များကို ပါဆယ် စနစ်ဖြင့်သာ ဆက်လက်ရောင်းချ ခွင့်ပြုထားပြီး ဆိုင်ထိုင်စားစနစ်ကို ခွင့်မပြုသေးကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# မြောင်းမြ-ပုသိမ် ယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲ

**မြောင်းမြ မေ ၁၆**

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် ယာယီပိတ်ထားသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ယာဉ်လိုင်းများအား ယနေ့ ပြန်လည်ပြေးဆွဲ ခွင့်ပြုသဖြင့် မြောင်းမြ- ပုသိမ်၊ မြောင်းမြ- အိမ်မဲ၊ မြောင်းမြ- ဝါးခယ်မ၊ မြောင်းမြ-လပွတ္တာ စသည့် ယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ယာဉ်တွေကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းပြီး ခရီးသည်တွေနဲ့ ယာဉ်မောင်းတွေကို လက်သန့်ဆေးရည် အသုံးပြုဖို့၊ နှာခေါင်းစည်းတွေ တပ်ဆင်ဖို့ စတဲ့ကျန်းမာရေးဝန်ကြီးဌာန လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ထားပါတယ်" ဟု မြောင်းမြ-ပုသိမ် အောင်နိုင်သူယာဉ်ငယ်လိုင်းမှ ဂိတ်မှူး ကိုစိုးအောင်က ပြောသည်။

ယာဉ်များ ပြန်လည်ပြေးဆွဲခွင့်ပြုသဖြင့် ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားပြည်သူများ အဆင်ပြေလျက်ရှိကြောင်းလည်း သိရသည်။

မြောင်းမြ-ပုသိမ် ယာဉ်လိုင်းတွင် ယာဉ်ငယ်ဂိတ်ခြောက်လိုင်း ပြေးဆွဲလျက်ရှိပြီး တိုင်းဒေသကြီးအတွင်းပြေးဆွဲသည့် ယာဉ်လိုင်းများကို ပြန်လည်ပြေးဆွဲခွင့်ပြုသော်လည်း အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ဆက်သွယ်ပြေးဆွဲသော အဝေးပြေးယာဉ်လိုင်းများ ပြေးဆွဲခွင့်အား ဆက်လက်ပိတ်သိမ်းထားဆဲဖြစ်ကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**



**ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တာပွန်မြို့အလယ်ပိုင်းလမ်းဆုံတွင် မေ ၁၆ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးရွှေ၊ တာပွန်တိုက်နယ်တာဝန်ခံ ဒေါက်တာလှိုင်ဝင်းထွန်း၊ နယ်မြေစခန်းမှူး ရဲအုပ်အောင်ဇော်မိုးနှင့် တပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများက ခရီးသွားပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ကာလအတွင်း အသိပညာပေးဟောပြောခြင်းနှင့် နှာခေါင်းစည်းအခု ၃၀၀ ဝေငှပေးစဉ်။** တင်မြင့် (နတ်တလင်း)

# ပခုက္ကူမြို့အခြေစိုက်ယာဉ်များ တိုင်းဒေသကြီးအတွင်း ခရီးစဉ်များ ပြန်လည်ပြေးဆွဲ

**ပခုက္ကူ မေ ၁၆**

ပခုက္ကူမြို့ အဝေးပြေးအခြေစိုက်ယာဉ်များကို ယနေ့မှ စတင်၍ တိုင်းဒေသကြီးအတွင်း ခရီးစဉ်များစတင်ပြေးဆွဲခွင့် ပြုကြောင်း ပခုက္ကူမြို့ ပုဂ္ဂလိကပိုင်လုပ်ငန်းသုံးမော်တော်ယာဉ် လိုင်းများ စနစ်တကျပြေးဆွဲရေးကော်မတီမှ သိရသည်။

တိုင်းဒေသကြီးအတွင်း ခရီးစဉ်များကိုသာ ပြေးဆွဲခွင့်ပြုမည်ဖြစ်ကြောင်း၊ အများပြည်သူသုံးယာဉ်ကြီး၊ ယာဉ်ငယ်နှင့် အဝေးပြေးကားဂိတ်များတွင် ခရီးသွားပြည်သူများလိုက်နာရမည့်အချက်များနှင့် ကျန်းမာရေးအသိပညာပေးဗီနိုင်းပိုစတာများကပ်ထားမည်ဖြစ်ကြောင်း၊ ယာဉ်တစ်စီးလျှင် ပုံမှန်တင်ဆောင်နေသည့် ခရီးသည်အရေအတွက်၏ တစ်ဝက်ကိုသာ တင်ဆောင်စေပြီး ယာဉ်စီးခနှုန်းကိုလည်း ပုံမှန်ဈေးနှုန်းထက် တစ်ဆခွဲတိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း၊ အခြားတိုင်းဒေသကြီး၊ ပြည်နယ်များသို့ ဝန်ထမ်းများ တာဝန်ဖြင့်သွားလာခြင်း၊ ပြောင်းရွှေ့ခြင်း၊ လာရောက်ထမ်းဆောင်ခြင်းများရှိပါက သက်ဆိုင်ရာတာဝန်ရှိသူများ၏ စာရင်းအတည်ပြုမှုပေါ်မူတည်၍ တိုက်ရိုက်ပို့ဆောင်ပေးခြင်းများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ပခုက္ကူခရိုင် ပုဂ္ဂလိကပိုင်လုပ်ငန်းသုံးမော်တော်ယာဉ်လိုင်းများ စနစ်တကျပြေးဆွဲရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ထွေးက ပြောကြားသည်။

ဆက်လက်၍ ပခုက္ကူမြို့နယ် ပုဂ္ဂလိကပိုင်လုပ်ငန်းသုံးမော်တော်ယာဉ်လိုင်းများ စနစ်တကျပြေးဆွဲရေးကော်မတီအတွင်းရေးမှူး ဦးဝင်းလှိုင်က ပခုက္ကူမြို့တွင် အဝေးပြေးယာဉ်လိုင်းပေါင်း ၁၂၀ ကျော်ရှိကြောင်း၊ ပခုက္ကူမြို့ကို အခြေပြုပြေးဆွဲသည့် ယာဉ်လိုင်းပေါင်း ၃၆ လိုင်းရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း ယာဉ်လိုင်းများပြေးဆွဲခွင့်ပြုရာတွင်လည်း ခရီးသည်များအား နှာခေါင်းစည်းတပ်ဆင်စေခြင်း၊ ခရီးစဉ်တစ်လျှောက် ခရီးသည်များ အတက်အဆင်းပြုလုပ်ချိန်တိုင်း လက်သန့်ဆေးရည်ဘူးများဖြင့် လက်ကို စနစ်တကျဆေးကြောစေခြင်း၊ ယာဉ်ပေါ်တွင် အမှိုက်ပုံးများထားရှိစေခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ယာဉ်လိုင်းများကို ညဘက်ပြေးဆွဲခွင့်တားမြစ်ထားကြောင်း သိရသည်။

**ဆလိုင်းကိုကီး**

## ဆင်ပေါင်ဝဲ၌ ကယ်ဆယ်ရေးလုပ်ငန်းများ လက်တွေ့သရုပ်ပြလေ့ကျင့်

**ဆင်ပေါင်ဝဲ မေ ၁၆**
မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့ အမှတ် (၂) ရပ်ကွက်တွင် မြို့နယ်မီးသတ်ဦးစီးဌာနကကြီးမှူး၍ မြို့နယ်သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများပူးပေါင်း၍ ရေတွင်းထဲသို့ကျသည့်လူအား ကယ်ဆယ်ရေးလုပ်ငန်း လက်တွေ့သရုပ်ပြလေ့ကျင့်မှုကို ယနေ့ နံနက် ၈ နာရီက ကျင်းပသည်။

အဆိုပါကယ်ဆယ်ရေးလုပ်ငန်းများ သရုပ်ပြလေ့ကျင့်အသိပညာပေးခြင်း ဆောင်ရွက်ရာတွင် မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များဖြစ်သည့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး စသည့်တာဝန်များထဲမှ ဘေးအန္တရာယ်များကျရောက်သည့်အခါ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် ယခုကဲ့သို့ ဇာတ်တိုက်သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်ခြင်းဖြစ်ကြောင်းမြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းဋ္ဌေးအောင်က ပြောကြားသည်။

**အိဖြူဖြူမောင်(ပြန်/ဆက်)**





## မုန်းချောင်းကမ်းပြိုမှုအန္တရာယ်ကင်းဝေးစေရေး ရေထိန်းရေကာတာတည်ဆောက်နေမှုလုပ်ငန်း ၆၂ ရာခိုင်နှုန်းခန့်ပြီးစီး

**ပွင့်ဖြူ မေ ၁၆**
မကွေးတိုင်းဒေသကြီး ဂါတ်ကုန်းကျေးရွာနေပြည်သူများ မုန်းချောင်းကမ်းပြိုမှုအန္တရာယ် ကင်းဝေးစေရေးအတွက် တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မုန်းချောင်းကမ်းပြိုကာကွယ်ရေး ရေထိန်းရေကာတာလုပ်ငန်းများ အကောင်အထည်ဖော် တည်ဆောက်ပေးလျက်ရှိရာ လက်ရှိတွင် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု ၆၂ ရာခိုင်နှုန်းခန့် တည်ဆောက်ပြီးစီးသွားပြီဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ခံအင်ဂျင်နီယာ ဦးသူရိန်ထွန်းထံမှ သိရသည်။

Groyne Root တည်ဆောက်ခြင်း အလျားပေ ၁၀၀၀၊ အနံပေ ၇၀၊ သုံးတန်းသွားကျောက်ကြီးဖြည့် အခြေထိန်းပေ ၁၀၀၀ နှင့် သုံးတန်းသွားမျောကျောက်ကြီးဖြည့် ရေကာတာ ပေ ၁၀၀ လေးခု တို့အား အကောင်အထည်ဖော်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

"အခုဆောင်ရွက်နေတဲ့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းပြီးစီးသွားရင်တော့ ပွင့်ဖြူမြို့နယ် ဂါတ်ကုန်းကျေးရွာရှိ အိမ်ထောင်စု ၂၂၅ စု၊ လူဦးရေ ၁၄၀၀ ခန့်အတွက် နှစ်စဉ်ကြုံတွေ့နေရတဲ့ မုန်းချောင်းကမ်းပြိုကျမှုအန္တရာယ် ကင်းဝေးသွားစေမှာဖြစ်ပါတယ်။ ဒေသခံကျေးရွာနေပြည်သူတွေကလည်း ဝမ်းပန်းတသာနဲ့ လိုအပ်တာတွေကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါတယ်" ဟု ဦးသူရိန်ထွန်းက ပြောသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## မင်းဘူး(စကု)မြို့နယ် ခရုကန်ကျေးရွာသို့ သောက်သုံးရေဂါလန် ၆၆၀၀ သွားရောက်လှူဒါန်း

**မင်းဘူး မေ ၁၆**
မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် သီးကုန်းအုပ်စု ခရုကန်ကျေးရွာတွင် သောက်သုံးရေ အခက်ခဲဖြစ်ပေါ်နေကြောင်း သိရှိရသဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ယနေ့ နံနက် ၁၀ နာရီက သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။



"အခုလိုလေး လာရောက်လှူဒါန်းပေးတော့ ရေကောင်းရေသန့်လေး သောက်သုံးရတော့မှာမို့ ကျေးဇူးလည်းတင်ပါတယ်။ ကျွန်တော်တို့ရွာမှာ အိမ်ထောင်စုပေါင်း ၄၀၀ ကျော်ရှိတယ်။ လူဦးရေအနေနဲ့ ၁၆၀၀ ကျော်ရှိပါတယ်။ အိမ်ထောင်စုကများတော့ မိုးမကျမီကြားကာလလေးမှာ အခုလိုမျိုး ထပ်မံလာရောက်လှူဒါန်းပေးစေချင်ပါတယ်" ဟု မင်းဘူးမြို့နယ် ခရုကန်ကျေးရွာ ဒေသခံတောင်သူ ဦးညိုလင်းက ပြောသည်။

### လှူဒါန်း

အဆိုပါသောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေသော ကျေးရွာသို့ စကုမြို့နယ် နယ်မြေခံတပ်မှ သောက်ရေသန့် လီတာ ၂၀ ဘူးကြီး ၁၅၀၊ ခရိုင်မီးသတ်ဦးစီးမှူးရုံးမှ မီးသတ်ရေသယ်ယာဉ်ဖြင့် ရေဂါလန် ၄၀၀၀၊ မြို့နယ်သစ်တောဦးစီးဌာနမှ ရေဂါလန် ၁၆၀၀ နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ရေဂါလန် ၂၅၀ စုစုပေါင်း ရေဂါလန် ၆၆၀၀ တို့ကို ဒေသခံကျေးရွာနေပြည်သူများထံ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

## ဝန်းသိုမြို့နယ်၌ ချေးငွေများ ထုတ်ပေး

**ဝန်းသို မေ ၁၆**
စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ကိုဗစ်- ၁၉ ရောဂါ ဖြစ်ပွားနေမှုကာလအတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေပြန်လည်ထုတ်ချေးခြင်းကို ယမန်နေ့ နံနက် ၁၁ နာရီက ဂျိုးတောင်ရွာမကျေးရွာ မြစိမ်းရောင်ခန်းမ၌ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂ ဦးအတွက် ငွေကျပ် ၅၃ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၈၆ ဦးအတွက် ငွေကျပ် ၃၆၁ သိန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးအတွက် ငွေကျပ်ငါးသိန်း တို့ကို ပြန်လည်ထုတ်ချေးနိုင်ခဲ့ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**မွေးကြူဇင်**

## လှိုင်ကော်မြို့ နောင်ယားကန်နှင့် ထေးငှားလျားရေကန်တို့တွင် ငါးသားပေါက်ကောင်ရေ ၄၀၀၀၀ စိုက်ထည့်


**လှိုင်ကော် မေ ၁၆**
ကယားပြည်နယ် လှိုင်ကော်မြို့နယ်အတွင်း ငါးသယံဇာတများ တိုးပွားလာစေရန်အတွက် နောင်ယားကန်နှင့် ထေးငှားလျားကန်တို့တွင် ငါးသားပေါက်ကောင်ရေ ၄၀၀၀၀ ကျော်ကို ယမန်နေ့ နံနက်ပိုင်းက ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး၊ ဒုတိယပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက အဆိုပါရေကန်၌ ငါးမျိုးများစိုက်ထည့်ပေးကြသည်။

ရွှေဝါငါးကြင်းနှင့် ထိုင်းငါးခုံးမကြီး ကောင်ရေ ၄၀၀၀၀ ကျော်ကို နှစ်စဉ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် သဘာဝရေကန်များတွင် ငါးသယံဇာတတိုးပွားစေရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးညွန့်ဝင်းထံမှ သိရသည်။

"ဒီနှစ်အတွက် နောင်ယားကန်နဲ့ ထေးငှားလျားကန်မှာ ဒုတိယအကြိမ်မျိုးစိုက်ခြင်းဖြစ်ပါတယ်။ ပထမအကြိမ်အနေနဲ့ ငွေတောင်ဆည်နဲ့ ကန်ခုနစ်ဆင့်မှာ မျိုးစိုက်ထည့်ပြီးပါပြီ။ အခုလို မျိုးစိုက်ပေးခြင်းအားဖြင့် ဒေသခံပြည်သူတွေကို ငါးရိက္ခာတွေဖူလုံစေပြီးတော့ သယံဇာတတွေစဉ်ဆက်မပြတ်စားသုံးစေဖို့ ရည်ရွယ်ချက်တွေနဲ့ ဆောင်ရွက်ရခြင်းဖြစ်ပါတယ်" ဟု ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဒေါ်မေသန္တာဝင့်က ပြောကြားသည်။

ကယားပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနသည် ငါးမျိုးစိုက်ရာသီဖြစ်သည့် ယခုလမှစ၍ ဩဂုတ်လအထိ ကယားပြည်နယ်အတွင်းရှိ သဘာဝရေပြင်များတွင် ဆက်လက်၍ ငါးမျိုးများစိုက်ထည့်သွားမည်ဖြစ်ကြောင်း ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနရုံးထံမှ သိရသည်။

**ထွန်းလေး**
**(ပြန်/ဆက်)**



## ဒေးဒရဲမြို့နယ်၌ သောက်သုံးရေလှူဒါန်း

**ဒေးဒရဲ မေ ၁၆**
ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ရေတွင်းကုန်း၊ ဥတို၊ သံဒိတ်ကျေးရွာတို့တွင် သောက်သုံးရေမလုံလောက်မှုနှင့် ပြတ်လပ်မှုမရှိစေရေးအတွက် မီးသတ်ဦးစီးဌာနမှ ယနေ့ နံနက် ၉ နာရီက သောက်သုံးရေများ လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဋ္ဌေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သောက်သုံးရေလိုအပ်လျက်ရှိသည့် ရေတွင်းကုန်း၊ ဥတိုနှင့် သံဒိတ်ကျေးရွာတို့ရှိ ဒေသခံပြည်သူများအတွက် သောက်သုံးရေဂါလန်ပေါင်း ၁၇၀၀ လှူဒါန်းပေးခဲ့ကြောင်းသိရသည်။

**မြင့်မြင့်ခိုင်(ပြန်/ဆက်)**

# မန်စီးတီးက တိုက်စစ်မှူး ဂါဘရီယယ်ဂျီးဆပ်ကို တစ်ပတ် ပေါင် ၁၂၀၀၀၀ နဲ့ စာချုပ်သစ်ချုပ်ဆိုမည်



ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းဟာ အသင်းရဲ့ အားထားရတဲ့ ကစားသမားတစ်ဦးဖြစ်သူ တိုက်စစ်မှူး ဂါဘရီယယ်ဂျီးဆပ်ကို တစ်ပတ်လုပ်ခလစာ ပေါင် ၁၂၀၀၀၀ နဲ့ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုဖို့ ရှိနေတယ်လို့ သိရပါတယ်။

လက်ရှိမှာ တိုက်စစ်မှူး ဂါဘရီယယ်ဂျီးဆပ်ဟာ တစ်ပတ်လုပ်ခလစာ ပေါင် ၁၀၀၀၀၀ ရရှိနေတာဖြစ်ပြီး အဲဒီစာချုပ်သက်တမ်းကလည်း ကုန်ဆုံးဖို့ သုံးနှစ်ကျန်ရှိနေသေးတာဖြစ်ပါတယ်။ မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာက ၂၀၁၇ ခုနှစ် ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းမှာ တိုက်စစ်မှူး ဂါဘရီယယ်ဂျီးဆပ်ကို ပြောင်းရွှေ့ကြေးပေါင် ၂၇ သန်းနဲ့ခေါ်ယူခဲ့တာဖြစ်ပြီး ဘရာဇီးတိုက်စစ်မှူး ဂါဘရီယယ်ဂျီးဆပ်ကို အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းကလည်း ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။

ဖေဖော်ဝါရီလနောက်ပိုင်းက ဘာနေဗျူးကွင်းမှာ မန်စီးတီးအသင်းက ရီးယဲလ်မက်ဒရစ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ တိုက်စစ်မှူး ဂျီးဆပ်ဟာ မန်စီးတီးအသင်းအတွက် ဂိုးသွင်းယူပေးနိုင်ခဲ့တာဖြစ်ပြီး အဲဒီပွဲစဉ်ကတည်းက ဂျူဗင်တပ်အသင်းက ခေါ်ယူဖို့ စောင့်ကြည့်နေခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူး ဂါဘရီယယ်ဂျီးဆပ်ဟာ မန်စီးတီးအသင်းကို ရောက်ရှိလာချိန်ကစပြီး လက်ရှိအချိန်အထိ ပွဲစဉ်ပေါင်း ၉၂ ပွဲ ပါဝင်ကစားပေးခဲ့ကာ သွင်းဂိုး ၃၇ ဂိုး သွင်းယူပေးခဲ့တာလည်း ဖြစ်ပါတယ်။ ဘရာဇီးလက်ရွေးစင်အသင်းမှာတော့ ၂၀၁၆ ခုနှစ်မှာ စတင်ပွဲထွက်ကစားခွင့်ရရှိခဲ့တာဖြစ်ပြီး ၃၉ ပွဲ ပါဝင်ကစားပေးထားကာ ၁၈ ဂိုး သွင်းယူပေးထားတာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ တိုက်စစ်မှူး ဂျီးဆပ်ကို စာချုပ်သစ်ချုပ်ဆိုဖို့ ပြင်ဆင်နေပြီး တောင်ပံကစားသမား လီရွိုင်းဆာနေးကိုတော့ ရောင်းချဖို့ ဆန္ဒရှိနေတာဖြစ်ပါတယ်။ လက်ရှိမှာ တောင်ပံကစားသမား ဆာနေးကို ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူဖို့ ပြင်ဆင်နေတာဖြစ်ပါတယ်။

# ဘွန်ဒက်လီဂါပွဲစဉ်များ ပြန်လည်စတင် ဒေါ့မွန်က ရှော်လ်ကေးကို လေးဂိုးပြတ်ဖြင့် အနိုင်ရ

ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဖြစ်ပေါ်ခဲ့တဲ့ ကိုဗစ်-၁၉ ကြောင့် ရပ်နားထားခဲ့ရတဲ့ ဘွန်ဒက်လီဂါပွဲစဉ်တွေကို မေ ၁၆ ရက် ညပိုင်းမှာ ပြန်လည်စတင်ခဲ့ပြီဖြစ်ပါတယ်။ အဲဒီလို စတင်လိုက်ချိန်မှာ ဒေါ့မွန်အသင်းဟာ ရှော်လ်ကေးအသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။

ဒေါ့မွန်အသင်းနဲ့ ရှော်လ်ကေးအသင်းတို့ရဲ့ပွဲစဉ်မှာ ဒေါ့မွန်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၂၉ မိနစ်မှာ ဟာလန်း၊ ၄၅ မိနစ်နဲ့ ၆၃ မိနစ်မှာ ဂွါရီအီရိုနဲ့ ၄၈ မိနစ်မှာ သော်ဂန်ဟာဇက်တို့က အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဒေါ့မွန်အသင်းဟာ ရှော်လ်ကေးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပွဲစဉ် ၂၆ ကစားပြီးချိန်မှာ ရမှတ် ၅၄ မှတ်ရရှိခဲ့ပြီး အမှတ်ပေးဇယားထိပ်ဆုံးက ဦးဆောင်နေတဲ့ ဘိုင်ယန်မြူးနစ်အသင်းကို ဖိအားပေးနိုင်ခဲ့ပါတယ်။

အခြားပွဲစဉ်တွေဖြစ်တဲ့ အော့စ်ဘတ်အသင်းနဲ့ ဝုလ်စ်ဘတ်အသင်းတို့ပွဲစဉ်မှာ ဝုလ်စ်ဘတ်အသင်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

ဒက်ဆယ်ဒေါ့အသင်းနဲ့ ပါဒါဘွန်းအသင်းတို့ပွဲစဉ်မှာ ဂိုးမရှိသရေ၊ လိုက်ဇစ်အသင်းနဲ့ ဖရိုင်းဘတ်အသင်းတို့ပွဲစဉ်မှာ တစ်ဂိုးစီသရေကျခဲ့ပြီး ဟော်ဖန်ဟိမ်းအသင်းနဲ့ ဟာသာဘာလင်အသင်းတို့ပွဲစဉ်မှာတော့ ဟာသာဘာလင်အသင်းက သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

# မန်ယူက ရှော်လ်ကေးတောင်ပံကစားသမား မာတန်ဒိုကိုခေါ်ယူရေး စောင့်ကြည့်မှုများ လုပ်ဆောင်လျက်ရှိ

မန်ယူအသင်းဟာ ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းရဲ့ တောင်ပံကစားသမား ဂျာဒန်ဆန်ချိုကို ခေါ်ယူဖို့ ပစ်မှတ်ထားနေပြီး ဂျာဒန်ဆန်ချိုကို မခေါ်ယူနိုင်ခဲ့ပါက နောက်ထပ်တောင်ပံကစားသမားတစ်ဦး ခေါ်ယူနိုင်ရေးအတွက် ရှော်လ်ကေးအသင်းတောင်ပံကစားသမား မာတန်ဒိုကို စောင့်ကြည့်မှုတွေ ပြုလုပ်လျက်ရှိတယ်လို့ သိရပါတယ်။

အင်္ဂလန်ကြယ်ပွင့်ကစားသမား ဂျာဒန်ဆန်ချိုဟာ ဘွန်ဒက်လီဂါမှာ ဒေါ့မွန်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ်မှာ ၁၇ ဂိုးသွင်းယူပြီး ၁၉ ဂိုး ဖန်တီးပေးနိုင်ခဲ့တာကြောင့် မန်ယူအသင်းကလည်း အသက် ၂၀ အရွယ်ရှိ ဂျာဒန်ဆန်ချိုကို ခေါ်ယူဖို့ ပစ်မှတ်ထားနေခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် ဂျာဒန်ဆန်ချိုအနေနဲ့ မန်ယူအသင်းဆီ ပြောင်းရွှေ့ကစားဖို့ ဆန္ဒမရှိတာကြောင့် မန်ယူအသင်းက ဒုတိယပစ်မှတ်အဖြစ် ရှော်လ်ကေးအသင်းရဲ့ တောင်ပံကစားသမား မာတန်ဒိုကိုခေါ်ယူဖို့ စီစဉ်လာတာဖြစ်ပါတယ်။

ဝေးလ်တောင်ပံကစားသမား မာတန်ဒိုဟာ ပြီးခဲ့တဲ့နှစ်က မန်စီးတီးအသင်းကနေ ရှော်လ်ကေးအသင်းကို ပြောင်းရွှေ့ကြေးပေါင် ၁၁ သန်းနဲ့ ပြောင်းရွှေ့ခဲ့သူလည်း ဖြစ်ပါတယ်။ မာတန်ဒိုဟာ တောင်ပံကစားသမားနေရာအပြင် အခြားသောတိုက်စစ်နေရာတွေမှာပါ ကစားနိုင်စွမ်းရှိတာကြောင့် မန်ယူအသင်းက ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပြီး ဝေးလ်နိုင်ငံလက်ရွေးစင်အသင်းနည်းပြ ရိုင်ယန်ဂစ်ကလည်း အသက် ၁၉ နှစ်အရွယ် တောင်ပံကစားသမား မာတန်ဒိုအနေနဲ့ မန်ယူအသင်းကို ပြောင်းရွှေ့ကစားသင့်တယ်လို့ ပြောကြားခဲ့ပါတယ်။

တောင်ပံကစားသမား မာတန်ဒိုဟာ အခုနှစ်ဘောလုံးရာသီမှာ ရှော်လ်ကေးအသင်းအတွက် ၁၄ ပွဲ ပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့တာဖြစ်ပြီး လက်ရှိကလပ် ရှော်လ်ကေးအသင်းနဲ့ ၂၀၂၃ ခုနှစ်အထိ စာချုပ်ချုပ်ဆိုထားတာ ဖြစ်ပါတယ်။

## အနုပညာ

# သမီးလေးမွေးဖွားခဲ့ပြီဖြစ်တဲ့ ချိုင်ဂျီဝူး

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ ချိုင်ဂျီဝူးဟာ လတ်တလောမှာ ပထမဆုံးရင်သွေးလေးဖြစ်တဲ့ သမီးလေးကို မွေးဖွားလိုက်ပြီဖြစ်ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေ ၁၆ ရက်မှာ ချိုင်ဂျီဝူးရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအင်တာတိန်းမန့်က မင်းသမီးဟာ ချစ်စရာကောင်းတဲ့ သမီးလေးကို မွေးဖွားခဲ့ပြီဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့ပါတယ်။ အေဂျင်စီရဲ့ ပြောကြားချက်အရ ချိုင်ဂျီဝူးရဲ့ သမီးလေးကို မေ ၁၆ ရက် နေ့လယ်ပိုင်းမှာ မွေးဖွားခဲ့တာဖြစ်ပြီး လက်ရှိမှာ မိခင်ရောကလေးပါ ကျန်းမာကြောင်းလည်း သိရပါတယ်။

ဒါ့အပြင် အေဂျင်စီက ချိုင်ဂျီဝူးအတွက် စိုးရိမ်ပေးကြတဲ့ ပရိသတ်တွေနဲ့ အားပေးခဲ့ကြတဲ့ ပရိသတ်တွေကို ကျေးဇူးတင်ရှိကြောင်းလည်း ထည့်သွင်းပြောကြားခဲ့ပါတယ်။

ချိုင်ဂျီဝူးဟာ ၂၀၁၈ ခုနှစ်အတွင်း အနုပညာအသိုင်းအဝိုင်းကမဟုတ်တဲ့ စီးပွားရေးသမားတစ်ဦးနဲ့လက်ထပ်ခဲ့ပြီး လတ်တလောမှာ ပထမဆုံးရင်သွေးလေးဖြစ်တဲ့ သမီးလေးကို မွေးဖွားခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။



အေးပြည့် - စုစည်းသည်

# လေဒီဂါဂါရဲ့ ပုဂ္ဂိုလ်ရေးအချက်အလက်များ အခိုးခံရ



ကျော်ကြားတဲ့ ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ လေဒီဂါဂါ အပါအဝင် ကျော်ကြားတဲ့သူတွေရဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်အကြောင်းအရာတွေကို ဟက်ကာတွေက လတ်တလောမှာ တိုက်ခိုက်ခိုးယူခဲ့ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၃၄ နှစ်အရွယ် ပေါ့ပ်ကြယ်ပွင့် လေဒီဂါဂါအပါအဝင် အခြားသော ထိပ်တန်းကြယ်ပွင့်တွေရဲ့ စာချုပ်စာတမ်းတွေ၊ သဘောတူထားတဲ့အချက်အလက်တွေ၊ မိုဘိုင်းဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာနဲ့ အခြားသောပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်တွေကို REvil လို့အမည်ရတဲ့ ဟက်ကာအဖွဲ့က ခိုးယူခဲ့တာပါ။ ဒီလိုအခိုးခံခဲ့ရတဲ့သူတွေထဲမှာ တေးသံရှင် မက်ဒေါနား၊ နစ်ကီမင်နာ့ဂ်တို့လည်းပါဝင်ကြောင်း သိရပါတယ်။

ဒီလိုတိုက်ခိုက်ခဲ့ပြီးနောက်မှာ ဟက်ကာတွေက ငွေကြေးခြိမ်းခြောက်တောင်းဆိုမှုတွေ ပြုလုပ်လေ့ရှိကြောင်းနဲ့ တောင်းဆိုတဲ့ငွေမပေးပါက အချက်အလက်တွေကို အများသိအောင် ထုတ်ဖော်လေ့ရှိကြောင်းလည်း သိရပါတယ်။

# အေဂျင်စီသစ်နဲ့ စာချုပ်ချုပ်ဆိုခဲ့တဲ့ လီဟိုရီ

ကျော်ကြားတဲ့ ကေပေါ့ပ်ကြယ်ပွင့် လီဟိုရီဟာ တေးဂီတလှုပ်ရှားမှုတွေ ဆက်လက်လုပ်ဆောင်ဖို့ရာ လတ်တလောမှာ အေဂျင်စီသစ်ဖြစ်တဲ့ အီးစတင်းအင်တာတိန်းမန့်နဲ့ စာချုပ်ချုပ်ဆိုခဲ့ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လီဟိုရီဟာ ၂၀၁၇ ခုနှစ်အတွင်း သူ့ရဲ့ ခြောက်ခုမြောက် စတူဒီယိုတေးအယ်လ်ဘမ် black ကို ထုတ်လွှင့်ခဲ့ကာ အဲဒီအချိန်က ကီဝီအင်တာတိန်းမန့်နဲ့ စာချုပ်ချုပ်ဆိုထားခဲ့တာပါ။ ဒါပေမယ့် တေးအယ်လ်ဘမ်ထွက်ရှိပြီးနောက် ၂၀၁၇ ခုနှစ်အတွင်းမှာပင် အဆိုပါအေဂျင်စီနဲ့ လမ်းခွဲခဲ့တာဖြစ်ပါတယ်။ လတ်တလောမှာတော့ အေဂျင်စီသစ်နဲ့ လက်တွဲကာ လီဟိုနီနဲ့ လက်တွဲခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူကြောင်း အီးစတင်းအင်တာတိန်းမန့်က မေ ၁၅ ရက်မှာ ထုတ်ဖော်ပြောကြားလာတာဖြစ်ပါတယ်။










## အိမ်တိုင်ရာရောက် ကျန်းမာရေးပြုစုစောင့်ရှောက်မှု

CSC Co.,Ltd မှ အိမ်(သို့) ဆေးရုံတွင် ပြုစုစောင့်ရှောက်ရန်လိုအပ်သော ကလေး၊ သက်ကြီးရွယ်အိုနှင့် နာမကျန်းဖြစ်သူများအတွက် အချိန်တို (သို့) အချိန်ရှည် သူနာပြုအကူ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ လက်ရှိဖြစ်ပွားနေသော Coronavirus ရောဂါအတွက်လည်း ကြိုတင်ကာကွယ်မှုနည်းလမ်းများ လုပ်ဆောင်လျက်ရှိပြီး CSC ဝန်ထမ်းများ၏ ကျန်းမာရေးအခြေအနေကိုလည်း Company မှ အမြဲစစ်ဆေးမှုများပြုလုပ်၍ ဝန်ထမ်းများအတွက် Mask, GLoves လက်သန့်ရှင်းရေးအတွက် ပိုးသတ်ဆေးဘူးများလည်းစီစဉ်ပေးထားသဖြင့် Customer များမှ ယုံကြည်စိတ်ချစွာဖြင့် Care Service အား အသုံးပြုနိုင်ပါသည်။ ထို့အပြင် ဆေးရုံ Duty,အိမ် Duty, ဟူ၍ ဝန်ထမ်းများအား အုပ်စုခွဲ၍ သူနာပြုအကူ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

**Care Support Clover Co.,Ltd**
**ph-09-790635964, 09- 250234108, 09- 974104771,01-524577**

DKY ပုဂ္ဂလိက ဘိုးဘွား ပြုစုရေးစင်တာမှ နွေးထွေးစွာ ကြိုဆိုနေပါတယ်။
**ဖုန်း-၀၉-၇၇၁၂၀၄၇၀၄**

## ALPHARD

ပိုင်ရှင်ကိုယ်တိုင် လချုပ် (သို့) အငှားလိုက်သည်
Ph:09-254209496,
09-251045534

သွေးသည် အသက်

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မော်ဘီတိုးဂိတ်အနီး၊ ဦးအောင်သင်းလမ်း၊
ကိုးလုံးကွင်း၊ ခြံမြေ၊ မီးရှိ
(40'x60')=၇၅သိန်း၊ (20'x60')=၃၅သိန်း
**ph:09-252278945,09-799716395**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈) သင်းပေါင်လမ်း၊ မြေကွက်အမှတ်(၁၅၀) မြေအကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ)အနက်မှ တရားဝင် မခွဲစိတ်ရသေးသော မြေရှင်းမြန်း မြေအကျယ်အဝန်း(၂၀ပေ x ၆၀ပေ)ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ... [illegible] ... ဦးတင့်ဆွေ (KLT - ၀၀၅၀၆၇) အမည်ဖြင့် ... [illegible] ... ဦးအေးလင်းအောင်(၉/ဇကန(နိုင်)၀၂၈၀၀၄) နှင့် ဒေါ်နှင်းမွန်(၁၂/ဒဂန(နိုင်) ၀၆၀၀၈၃) တို့ထံမှ ... [illegible] ... ဦးစန်းနိုင်ဦး (၁၂/သဃန(နိုင်)၀၂၂၂၀၄) မှ (၁၅-၅-၂၀၂၀) ရက်နေ့တွင် ... [illegible] ... အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ယဉ်ယဉ်ကြည် (LL.B) ၊ (စဉ်-၁၁၄၀၆)
တရားလွှတ်တော်ရှေ့နေ
အမှတ် (၅၄၄/ခ) သဒ္ဓါလမ်း(၂၀) (၄) ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၀၉-၄၅၁၁၀၄၅၅၄ ၊ ၀၉-၇၉၅၆၁၀၁၈၆၃ ၊ ၀၉-၇၉၆၃၀၈၀၂၀

**အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်**
**၂၀၁၉ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၆၂**

| | | | |
|---|---|---|---|
| ဦးထွေးမြင့် | နှင့် | ၁။ ဦးသန်းမြင့် | |
| | | ၂။ ဦးမြင့်သိန်း | |
| | | ၃။ ဒေါ်စိန် | |
| | | ၄။ ဦးမျိုးလင်းထွန်း | အတူနေ |
| | | ၅။ ဒေါ်ဇင်မာအောင် | မိသားစုများ |
| | | ၆။ ဦးအကောက်(ခ) ဦးနေလင်းထွန်း | |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူများ** | |

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ လမ်းမတော်(၃)လမ်း၊ အမှတ် (၅၇)(မြေညီထပ်)နေ လျှောက်ထားခံရသူများဖြစ်သော ဦးမြင့်သိန်း၊ ဒေါ်စိန်၊ ဦးမျိုးလင်းထွန်း၊ ဒေါ်ဇင်မာအောင်၊ ဦးအကောက်(ခ)ဦးနေလင်းထွန်း (ယခု နေရပ်လိပ်စာမသိသူများ) သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူက ဤရုံးသို့ တရားမကျင့်ထုံးဥပဒေ အမိန့်-၂၁၊ နည်းဥပဒေ-၅၈ အရ ဝရမ်းခွာပေးရန် လျှောက်ထားသည်ဖြစ်၍ သင်တို့က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၀ပြည့်နှစ်၊ ဇွန်လ ၈ရက် (၁၃၈၂ခုနှစ်၊ နယုန်လပြည့်ကျော် ၃ရက်)၊ မွန်းမတည့်မီ ၁၀:၀၀နာရီတွင် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင့်တို့ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာရောက် ခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင်တို့မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာ စစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၀ပြည့်နှစ်၊ မေလ ၁၄ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇော်မင်းထွဋ်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ပြည်ပပြန်များနှင့် စပ်လျဉ်း၍ အသိပေးကြေညာချက်

- COVID-19 ရောဂါကူးစက်ပျံ့နှံ့နေသော နိုင်ငံများမှ ပြန်လာကြသူများအနေဖြင့် ပြည်သူလူထု၏ဝိုင်းဝန်း ပူးပေါင်းကူညီ စောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင်ထားရှိပြီး အသွားအလာ ကန့်သတ်ခြင်း အစီအစဉ် (Community Based Facility Quarantine)ဆောင်ရွက်ရာတွင် တာဝန်သိစွာနှင့် ပူးပေါင်းဆောင်ရွက်ပေးကြပါ။ သတ်မှတ်ထားတဲ့ စည်းကမ်းချက်များကို တိကျစွာလိုက်နာ ဆောင်ရွက်ကြပါ။
- ထိုကဲ့သို့ဆောင်ရွက်ခြင်းဖြင့် မိမိကိုယ်တိုင် ရောဂါဖြစ်ပွားပါက ထိရောက်စွာကုသမှုခံယူနိုင်မည့်အပြင် မိမိရဲ့ မိသားစု၊ မိတ်ဆွေများနဲ့ မိမိရပ်ရွာအတွင်း ရောဂါကူးစက်ပျံ့နှံ့ခြင်းကိုလည်း ထိရောက်စွာ ကာကွယ်နိုင်မှာဖြစ်ပါတယ်။
- ပြည်သူများကလည်း မိမိတို့ရပ်ကွက်၊ ကျေးရွာအတွင်း နိုင်ငံခြားမှ ပြန်ရောက်လာသူများရှိပါက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးမှတစ်ဆင့် သတင်းပို့ကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ဒေါ်သန်းမြင့်
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဇ/ရပ်ကွက်၊ ဣန္ဒာ(၅)လမ်း၊ အမှတ်(၅၄၈)နေ ဦးခင်အောင်(ယုန်မင်းလှကျောက်ခြောက်၊ ရတနာသိင်္ဂီဈေး)၏ ချစ်လှစွာသော ဇနီး၊ (ဦးရွှေလင်း-ဒေါ်ထားညွန့်)တို့၏ သမီးထွေး၊ (ဦးညွန့်-ဒေါ်ဂျမ်း)တို့၏သမီးချွေးမ၊ (ဦးတင်လှိုင်-ဒေါ်စန်းရီ)၊ (ဦးကျော်သန်း)၊ (ဒေါ်စောကြည်)၊ (ဒေါ်သန်းအိ)၊ [ဦးမြင့်(ကျိုက်လတ်မိုးမြင့်)]-ဒေါ်အေးသိန်းတို့၏ညီမ၊ ဦးလွန်းခင်-(ဒေါ်အုန်းကြည်)တို့၏ အစ်မ၊ ဦးအေးလွင်-ဒေါ်ဝင်းဝင်းအောင်၊ ဦးတင်ညွန့်-ဒေါ်မြင့်မြင့်အောင်၊ ဦးကျော်မောင်မောင်လွင်- ဒေါ်ရင်ရင်အောင်၊ ဦးဇော်လွင်-ဒေါ်ရီရီအောင်၊ ဦးဘကြည်-ဒေါ်သီတာလှ၊ ဦးမြင့်သန်း၊ ဦးမျိုးမင်းအောင်- ဒေါ်သီတာမြ၊ ဦးကျော်ခိုင်-ဒေါ်ရီရီချိုတို့၏ မိခင်၊ မြေး(၁၅)ယောက်တို့၏အဘွားသည် ၁၅-၅-၂၀၂၀(သောကြာနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၂၀ (တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၁-၅-၂၀၂၀(ကြာသပတေးနေ့) နံနက်တွင် မ/ဥက္ကလာပမြို့နယ်၊ ဇ-ရပ်ကွက်၊ ဣန္ဒာ(၅)လမ်းနေ ဦးခင်အောင်(ယုန်မင်းလှကျောက်ခြောက်)နေအိမ်သို့ ရက်လည်ဆွမ်းသွတ် တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ကျောင်း၊ သိမ်ဒါယိကာမကြီး

## ဒေါ်နန်းအောင်
### အသက် (၈၈)နှစ်

ကျိုင်းတုံမြို့၊ အမှတ်(၃)ရပ်ကွက်၊ ဝေါ်ပေးရပ်နေ (ဦးစိုင်းဆမ်နွန်း)၏ဇနီး၊ ကျိုင်းတုံမြို့၊ ပါလျှံကျောင်းထိုင်ဆရာတော် အရှင်ဓမ္မဝရ(ဒုပီဆမ်ပုံနှန်း)၊ ဦးစိုးခေါင်း-နန်းပုတ်ခမ်း၊ စိုင်းထွန်းကြည်- နန်းဝန်းပန်(စိုင်းဆိုက်ကျောက်)-(နန်းစမ်နွန်း)၊ စိုင်းနွံ-နန်းသိန်းညွန့်၊ စိုင်းယီရှန်-နန်းဟွမ်ခမ်းဆိုင်၊ စိုင်းဆိုက်လာ-နန်းဟွမ်တစ်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၈ယောက်ဖြစ်ကြသော စိုင်းထွန်းထွန်းမြတ် -နန်းဖြူဖေါင်းနွန်း၊ ဒေါက်တာလှစိုး-ဒေါက်တာနန်းခင်စုရီ၊ ဒေါက်တာဘုန်းစည်သူလွင်-နန်းခင်စုနှင်း၊ စိုင်းခမ်းခေါင်၊ စိုင်းထွန်းဖေ-နန်းမိုးမိုးခိုင်၊ စိုင်းလုံဝိလတ်-နန်းခင်ဇာခြည်မြင့်၊ နန်းဖေါင်းနွန်း၊ နန်းစံဟွမ်၊ နန်းဟွမ်ဖေါင်း၊ နန်းဟွမ်စံ၊ နန်းဝိမားလှိုင်းဆိုင်၊ စိုင်းအောင်မျိုးဟိန်း၊ နန်းလှဝိတာ၊ စိုင်းဝမ်းရှဲန်၊ နန်းဟိန်းရှဲန်၊ စိုင်းဝန်းထောင်းတို့၏ အဘွား/မြစ် ၁၁ယောက်ဖြစ်ကြသော စိုင်းထူးအောင်လင်း၊ စိုင်းလုံရှဲန်ဖ၊ စိုင်းအွန်ရှဲန်ဖ၊ နန်းကြယ်ဇင်လင်း၊ စိုင်းဝီထွန်းလင်း၊ နန်းဝိလှိုင်းကျောက်၊ နန်းလောင်(ဝ်)ဖွေးဟွမ်၊ စိုင်းအောင်တစ်၊ နန်းမိုမိုတစ်၊ စိုင်းဝန်းတစ်တို့၏ ဘွားဘွားကြီး/ဒုပီလွတ်ပါလျှံကျောင်းတိုက်၊ စိုင်းနွဲ့-နန်းခမ်းလှီး၊ စိုင်းကျောက်-နန်းဝိုးကိန်၊ စိုင်းရှဲန်တစ်-နန်းဝိုးဟွမ်တို့၏ အဒေါ်သည် ၉၆ပါးလူကြီးရောဂါဖြင့် ၁၃-၅-၂၀၂၀ရက်၊ ည ၈:၂၇နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ၁၉-၅-၂၀၂၀ရက်တွင် နေအိမ်မှ ရှမ်းတိုင်းရင်းသားများသုသာန်သို့ မွန်းတည့် ၁၂နာရီတွင် ပို့ဆောင်မည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဗိုလ်မှူး အောင်ကျော်ဦး (တပ်မတော်-လေ) (ငြိမ်း)**
**အသက်(၈၂)နှစ်**

ပြည်ထဲရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခိုင်ထွန်းဦးနှင့် ဇနီး ဒေါ်နှင်းသန္တာဦးတို့၏ ချစ်လှစွာသော ဖခင်၊ ဒေါ်ခင်သိန်းသိန်း၏ ခင်ပွန်း ဗိုလ်မှူး အောင်ကျော်ဦး (တပ်မတော်-လေ)(ငြိမ်း)သည် ၁၄-၅-၂၀၂၀ ရက်တွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ ဇနီး ဒေါ်စန်းစန်းထွန်းနှင့်**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး**
**ဦးအောင်ကိုကိုဦး**
**အသက်(၅၁)နှစ်**

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့်ဇနီး ဒေါ်နီလာစိန်တို့၏ ညီ/မောင်၊ ဒေါ်ခင်သက်နွယ်၏ ခင်ပွန်း ဦးအောင်ကိုကိုဦးသည် ၁၅-၅-၂၀၂၀ရက်နေ့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရသဖြင့် ကျန်ရစ်သူ မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ ဇနီး ဒေါ်စန်းစန်းထွန်းနှင့်**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ**

---

## ဝမ်းနည်းကြေကွဲခြင်း
**ဒုဗိုလ်မှူးကြီးတင်ဝင်း(ငြိမ်း)**
**ကြည်း/၈၂၇**
**ဗသက(၂၈)**

ပြည်မြို့၊ အမှတ်(၂)လမ်း၊ ရွှေတံခါးမြို့သစ်နေ ဒေါ်မြင့်မြင့်မော်၏ ခင်ပွန်း ဒုဗိုလ်မှူးကြီးတင်ဝင်း(ငြိမ်း)သည် ၁၀-၅-၂၀၂၀ရက်တွင် ကွယ်လွန်ကြောင်းသိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲရပါသည်။

**ဗိုလ်သင်တန်း(၂၈)မှ**
**သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဆေးတက္ကသိုလ်၊ မန္တလေး (၁၁/၉၅) batch မှ သူငယ်ချင်း Dr.ခင်ရီရီဝေ ၁၁-၅-၂၀၂၀ ရက်တွင် တောင်ကြီးမြို့၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်း ကောင်းရာသုဂတိလားပါစေ။

**ဆေးတက္ကသိုလ်၊ မန္တလေး**
**(၁၁/၉၅)မှ သူငယ်ချင်းများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဝဏ္ဏကျော်ထင် ဦးတင်လှိုင်**
**အသက်(၉၈) နှစ်**
**B.A,B.L,B.C.S**
**ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)**
**အဖွဲ့ဝင်(ငြိမ်း) ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့**

ဦးမျိုးမြင့်ဦး(ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း)-ဒေါက်တာ ဒေါ်ဥမ္မာမေတင်လှိုင်တို့၏ ချစ်လှစွာသော ဖခင်ကြီး ဝဏ္ဏကျော်ထင်ဦးတင်လှိုင် အသက်(၉၈)နှစ်သည် ၁၅-၅-၂၀၂၀ ရက် (သောကြာနေ့) ညနေ ၅ နာရီတွင် ရန်ကုန်မြို့၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်တကွ ထပ်တူထပ်ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးရဲလင်းနှင့်မိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဝဏ္ဏကျော်ထင် ဦးတင်လှိုင် အသက်(၉၈) နှစ်**
**B.A,B.L,B.C.S ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)**
**အဖွဲ့ဝင်(ငြိမ်း) ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့**

ဦးမျိုးမြင့်ဦး(ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း)-ဒေါက်တာ ဒေါ်ဥမ္မာမေတင်လှိုင်တို့၏ ချစ်လှစွာသော ဖခင်ကြီး ဝဏ္ဏကျော်ထင်ဦးတင်လှိုင် အသက် (၉၈) နှစ် သည် ၁၅-၅- ၂၀၂၀ ရက် (သောကြာနေ့) ညနေ ၅ နာရီ တွင် ရန်ကုန်မြို့၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ် နေအိမ် ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်တကွ ထပ်တူထပ်ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

---

### ဝမ်းနည်းကြေကွဲခြင်း
**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ပုံ အသက်(၉၀)**

ရွှေပိတောက်ရိပ်မွန် အိမ်ရာ ဒု-ဥက္ကဋ္ဌ ဦးစောစိန်မြင့်လှိုင်၏မိခင်ကြီး ဒေါ်ပုံသည် ၁၄-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အိမ်ရာစီမံခန့်ခွဲရေးကော်မတီနှင့်ဝန်ထမ်းများ**
**ရွှေပိတောက်ရိပ်မွန်အိမ်ရာ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မလိခအိမ်ရာနေ ဦးဇေယျာဦး (MD, Htoo Htet Kyaw Co.,Ltd)နှင့် ဒေါ်လှလှသွယ် (ညွှန်ကြားရေးမှူး-မြို့ပြ၊ လမ်းဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)တို့၏မိခင်ကြီး ဒေါ်ခင်ကြည် အသက် (၉၀) နှစ်သည် ၁၆-၅-၂၀၂၀ ရက်တွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါ၍ ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း။

**ညွှန်ကြားရေးမှူး (မြို့ပြ)နှင့် အရာထမ်း၊ အမှုထမ်းများ**
**သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ**
**လမ်းဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

---

### ဝမ်းနည်းကြေကွဲခြင်း
**ဦးစောလူစိန် (စိန်ပန်းအမှုန့်ကြိတ်စက်)**
**အသက် (၈၂) နှစ်**

အစ်မကြီး ဒေါ်ခင်တီ၏ခင်ပွန်း ဦးစောလူစိန်သည် ၁၂-၅-၂၀၂၀ ရက်တွင် ကွယ်လွန်ခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မင်းမင်းစတိုး မိသားစု (ရှစ်မိုင်)**
**အမှတ်တရစတိုးမိသားစု (တောင်ဥက္ကလာ)**
**ကိုမြဒင်နှင့်ညီများ အေးဂျင်း(တောင်ဥက္ကလာ)**
**Cinderella Beauty Saloon (ရှစ်မိုင်)**

---

## သက်ရှိ
## လောက
## တည်မြဲဖို့
## သဘာဝ
## တောတွေ
## ထိန်းသိမ်း
## စို့

## ဇီဝ
## မျိုးစုံ
## မျိုးကွဲတွေ
## ကွယ်စေဖို့
## သဘာဝ
## တောတွေ
## ထိန်းသိမ်း
## စို့

---

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဘထွေးတော် ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
**ဦးတင်ဖေ(အုန်းနဲ့)သက်တော်(၈၇)နှစ်**
**(၁၁-၅-၂၀၂၀ရက် မြင်းမူ၌ ကွယ်လွန်သည်။)**

"အမျှ---အမျှ---အမျှ ပေးဝေပါ၏။ သာဓု---သာဓု---သာဓုခေါ်ဆိုနိုင်လျက် မြင့်မြတ်သော ဘုံဗိမ္မာန်တွင် ခံစား၊ ခံစားနိုင်ပါစေသတည်း။" အရှင်ကုန္ဒောဘာသာ သဘာဝဗုဒ္ဓကောလိပ်၊ သန်လျင်

**တူ၊ တူမများ-**
**ဒေါ်မြင့်မြင့်၊ ဦးစိုးမြင့်၊ ဦးအေးကို၊ ဦးထွန်းဝေ(ကွတ်ခိုင်)**

---

### ဝမ်းနည်းကြေကွဲခြင်း
**ဦးစောလူစိန် (စိန်ပန်းအမှုန့်ကြိတ်စက်)**
**အသက် (၈၂) နှစ်**

ကိုကျော်ငွေး၊မအေးအေးသီ၊ကိုလှဝေတို့၏ကျေးဇူးရှင်ဖခင်ကြီး ဦးစောလူစိန်သည် ၁၂-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**A-Lar Industry Co.,Ltd**
**ဝန်ထမ်းများနှင့်မိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဟာဂျီဗိုလ်မှူးတင်မောင်ဝင်း (ငြိမ်း)၊ D.S.A (7)**
**အထွေထွေမန်နေဂျာ၊ မြန်မာဂုန်လျှော် (ငြိမ်း)**
**အသက် (၇၇)နှစ်**
**ဥက္ကဋ္ဌ၊ မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်**
**ဗဟိုအလုပ်အမှုဆောင်၊ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(မြန်မာနိုင်ငံ)**
**နာယက Health Care Group ၊ (မ.အ.ဖ) ဌာနချုပ်**

ရန်ကုန်မြို့နေ ဒေါ်လွဲ့လွဲ့နိုင်(ခ)ဒေါ်လီအောင်၏ ခင်ပွန်းဖြစ်သူ ဟာဂျီဗိုလ်မှူးတင်မောင်ဝင်း (ငြိမ်း)သည် ၉-၅-၂၀၂၀ (စနေနေ့)တွင် အရှင်မြတ်အမိန့်တော်ခံယူခဲ့ကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဟာဂျီဦးကျော်ခင်၊ အတွင်းရေးမှူး**
**Health Care Group**
**(မ.အ.ဖ) ဌာနချုပ်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားကွင်း/အားကစားရုံဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး(ဦးအောင်မြင့်နိုင်) အသက်(၄၇) နှစ်သည် နေပြည်တော်ခုတင်(၁၀၀၀)ဆေးရုံကြီးတွင် ၁၅-၅-၂၀၂၀ (သောကြာနေ့)၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/အမှုထမ်းများ**
**အားကစားနှင့်ကာယပညာဦးစီးဌာန**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
**ကန့်ဘလူမြို့နယ်အသင်း (ရန်ကုန်)**
**ရာသက်ပန်အသင်းဝင်**
**ဦးပြည့်စုံကျော်**
**အသက် (၃၉) နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁) ရပ်ကွက်၊ မြသီတာအိမ်ရာ၊ (1-A/63)နေ ကန့်ဘလူမြို့နယ်အသင်း (ရန်ကုန်)၏ နာယကကြီး ဦးကျော်ညွန့်-ဒေါ်သန်းမြင့်တို့၏သား အသင်းဝင်များဖြစ်ကြသည့် ဦးစဝ်ရန်အောင်-ဒေါ်စုစန္ဒာကျော်၊ ဦးဘုန်းနိုင်-ဒေါ်စုနန္ဒာကျော်တို့၏မောင် ရာသက်ပန်အသင်းဝင် ဦးပြည့်စုံကျော် အသက် (၃၉) နှစ်သည် ၁၂-၅-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကန့်ဘလူမြို့နယ်အသင်း (ရန်ကုန်)**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ကျင်ထွေး

**အသက် (၉၄) နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မွန်မြတ်မေတ္တာအိမ်ရာ၊ ပင်ရွှေညောင်လမ်း၊ ခြံအမှတ်(E-5)နေ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း - ဒေါ်သန်းသန်းနွယ်တို့၏ မိခင် ဒေါ်ကျင်ထွေးသည် ၁၆-၅-၂၀၂၀ (စနေနေ့) နံနက် ၁၀:၅၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ကျင်ထွေး

**အသက် (၉၄) နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မွန်မြတ်မေတ္တာအိမ်ရာ၊ ပင်ရွှေညောင်လမ်း၊ ခြံအမှတ်(E-5)နေ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း - ဒေါ်သန်းသန်းနွယ်တို့၏ မိခင် ဒေါ်ကျင်ထွေးသည် ၁၆-၅-၂၀၂၀ (စနေနေ့) နံနက် ၁၀:၅၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးတင်မောင်သန်း

**လက်ထောက်စက်ရုံမှူး၊ စက်ပစ္စည်းစက်ရုံ(၁)၊ စက်မှုဝန်ကြီးဌာန**

**အသက် (၈၀)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ရဲဘော်(၁)လမ်း၊ အမှတ်(၉၀)နေ (ဦးသိန်းမောင်-ဒေါ်ထွေးကြင်)တို့၏သားကြီး၊ မောင်နှမကိုးယောက်တို့၏ အစ်ကိုကြီး၊ (ဦးသန်းခင်-ဒေါ်ညွန့်ညွန့်မေ)တို့၏သားသမက်၊ မလွင်ဝေဝေဟန် (မလေးရှား)၊ (မောင်မြတ်ထူးတင်)၊ မောင်သူရကျော်-မဇင်ဝါဝါတင် (စင်ကာပူ)၊ မောင်လွင်မင်းတင်၊ မစောစုမွန်တို့၏ဖခင်၊ မောင်ဘုန်းမင်းမြတ်ထွဋ်၊ မလဝန်း သူရကျော်တို့၏ချစ်လှစွာသောဘိုးဘိုးကြီး၊ (ဒေါ်ခင်အေးဇင်)၏ချစ်လှစွာသော ခင်ပွန်းသည် ၁၅-၅-၂၀၂၀ (သောကြာနေ့) နံနက် ၁:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးတင်မောင်ဦး (ခ) Oliver

**B.E (Electrical Power)**

**အသက် (၇၂) နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အောင်လှရိပ်သာလမ်းနေ (ဦးညီညီ-ဒေါ်လွန်းမေ)တို့၏တစ်ဦးတည်းသောသား၊ ဦးသဒ္ဓါဝင့်လှိုင် (Stairway Academy Co.,Ltd)-ဒေါ်အေးမြမြလွင် (Stairway Academy Co.,Ltd)တို့၏ဖခင်၊ ဒေါ်ခင်မိုးသူ (Winnie) ၏ချစ်လှစွာသောခင်ပွန်း သည် ၁၄-၅-၂၀၂၀ ရက် ည ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၂၀ ရက် နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း အလှူ့ဒါယိကာမကြီး

### ဒေါ်အေးအေးဇော် (ခ) (Stella) (ခ) အန်တီသဲ

**အသက် (၆၈) နှစ်**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ပိတောက်အိမ်ရာ၊ ဇနကလမ်း၊ တိုက်(၈၂၅)၊ အခန်း(၁၃)နေ (ဦးတင်မင်းဦး)-ဒေါ်သော်တာပပဝင်း၊ ဦးသူဟန်(MPPE)-ဒေါ်သန္တာမိုး(MPPE) တို့၏မိခင်၊ မောင်ဖွဲ့ဝင့်နိုင်၊ မဖြူစင်မိုး၊ မညွန့်ဝတီတို့၏အဘွား၊ (ဦးမင်းသူ)၏ဇနီးသည် ၁၅-၅-၂၀၂၀ (သောကြာနေ့) ည ၁၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကွေ့ကြီးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဦးသန့်လွင်မောင်

**အသက်(၄၀)**

**CDC:50038**

**CHIEF OFFICER**

**MARINE FUTURE SERVICE Co.,LTD**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဒေါနလမ်း၊ အမှတ်(၁၁)နေ ဗိုလ်မှူးခင်မောင်ရီ(ငြိမ်း)-(ဒေါ်နုနုယဉ်)တို့၏ သားကြီး၊ (ဦးပြုံးချို-ဒေါ်တိုးတိုးမာ)တို့၏ သားသမက်၊ ဦးမျိုးမောင်မောင် (AYA Bank)-ဒေါ်လွင်မာလာဦး (တော်ဝင်မိသားစုကုမ္ပဏီ)နှင့် ဦးမျိုးထိုက်အောင်(ကထိက၊ ဥပဒေပညာဌာန၊ ဒဂုံတက္ကသိုလ်)၊ ဒေါ်သန္တာဦး (ဦးစီးအရာရှိပြည်ထောင်စုရှေ့နေချုပ်ရုံး) တို့၏ အစ်ကိုကြီး၊ ဒေါ်မေမြတ်သူ၏ ချစ်လှစွာသောခင်ပွန်း၊ မအိမ့်သဒ္ဒါလွင်မောင် (Grade 9 တန်းခွဲ E၊ TTC)၊ မောင်ဟန်ထက်အောင် [Grade KG တနိုင်းခွဲ (ချယ်ရီ)]တို့၏ မွေးသဖခင်သည် ၁၄-၅-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၂:၃၅ နာရီတွင် နှလုံးရောဂါဖြင့်ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၂၀ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ကျင်ထွေး

**အသက် (၉၄) နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မွန်မြတ်မေတ္တာအိမ်ရာ၊ ပင်ရွှေညောင်လမ်း၊ ခြံအမှတ်(E-5)နေ (ဦးသာခွေး-ဒေါ်အေးညွန့်)တို့၏ သမီး၊ (ဦးချန်စိန်)၏ ဇနီး၊ ဦးအောင်တိုး-ဒေါ်အိရွှေစင်၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း-ဒေါ်သန်းသန်းနွယ်၊ (ဒေါ်မိမိ)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မောင်ရဲနိုင်၊ မောင်ဆုထိုက်-မလွင်မို့မို့အောင်၊ မမေယမုံခင်၊ မောင်သုတမြတ်ဇော်တို့၏ချစ်လှစွာသောဘွားဘွား ဒေါ်ကျင်ထွေး အသက် (၉၄)နှစ်သည် ၁၆-၅-၂၀၂၀ (စနေနေ့) နံနက် ၁၀:၅၄ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် အမှတ်(၂) တပ်မတော်ဆေးရုံကြီး(ခုတင်-၅၀၀)၌ ကွယ်လွန်အနိစ္စရောက်ရှိသွားပါကြောင်းနှင့် ကြွင်းကျန်သောရုပ်ကလာပ်အား ယင်းနေ့ ညနေ ၃ နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်း၌ မီးသင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား ကျန်ရစ်သူမိသားစုများမှ အသိပေးအပ် ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း

၁၆-၅-၂၀၂၀ (စနေနေ့) နံနက် ၁၀:၅၄ နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားသော မိခင်ကြီး ဒေါ်ကျင်ထွေး အသက် (၉၄)နှစ် နာမကျန်းစဉ် အစစအရာရာ စိတ်ရောကိုယ်ပါ စေတနာဖြင့် ကုသပြုစုပေးပါသော အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)မှ တပ်မှူး ဗိုလ်မှူးချုပ်စိန်လင်းနှင့်တကွ ပါရဂူ၊ ဆေးမှူး၊ သူနာပြုနှင့် အကူဝန်ထမ်းများအားလုံးအားလည်းကောင်း၊ မိခင်ကြီးကျန်းမာရေးအခြေအနေအား ကူညီဖေးမကြပါသော ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအားလည်းကောင်း၊ နာရေးကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးသော စစ်ဘက်နယ်ဘက်မှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား ကျန်ရစ်သူမိသားစုများအားလုံးမှ လှိုက်လှဲစွာ ကျေးဇူးတင်အပ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဒေါက်တာဦးကျင်သိန်း

**M.B.B.S, D.L.O, M.Med.Sc (ENT)**

**နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆရာဝန်ကြီး (ငြိမ်း)**

**အသက် (၇၄) နှစ်**

ပဲခူးမြို့၊ ပန်းလှိုင်ရပ်၊ (၂၁) လမ်းနေ (ဦးဝက်လာ-ဒေါ်ကျင်အေး)တို့၏ သား၊ ဦးကျင်အေး-ဒေါ်စန်းနွဲ့တို့၏ညီ၊ (ဦးကျင်သန်း)-ဒေါ်ခင်ညွန့်ဝေ၊ ဦးဌေးမြင့်-ဒေါ်ခင်သန်း၊ ဒေါက်တာဦးကျင်ဆိုင် (မျက်စိအထူးကုဆရာဝန်ကြီး-ငြိမ်း၊ ပဲခူး)-ဒေါ်မြင့်မြင့်စိန်၊ ဦးကျော်ကျော်၊ ဦးညီညီတို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့နေ (ဦးခင်မောင်-ဒေါ်ဝင်နီ)တို့၏ သားသမက်၊ ဦးသာထွန်း-ဒေါ်မေမေခင်၊ (ဒေါ်ရီရီခင်)၊ (ဦးမြတ်စိုး)-ဒေါ်ချိုချိုခင်၊ (ဦးအေးမိုး-ဒေါ်ခင်ခင်လေး)တို့၏ညီ/မောင်၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဒဂုံလွင်လမ်း၊ တိုက်(၃)၊ အခန်း(၀၀၃)နေ ဒေါက်တာဒေါ်မူမူခင်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာဝင်းလွင်(မျက်စိအထူးကုဆရာဝန်၊ မ/ဥက္ကလာဆေးရုံကြီး)၊ ဒေါ်ဆုလှဲ့ရည်(Fame)၊ ဒေါက်တာစည်သူလွင်တို့၏ ကျေးဇူးရှင်ဖခင် ဒေါက်တာဦးကျင်သိန်းသည် ၁၆-၅-၂၀၂၀ (စနေနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### စာဆိုတေးရှင် ဂီတာဖေဝင်း (ဂရိတ်တေးသံသွင်း)

**တပ်မတော်-ရေ (ငြိမ်း)၊ CDC-17790**

**မြန်မာနိုင်ငံဂီတအစည်းအရုံးဝင် (ဗဟို)**

**သံတွဲခရိုင်အသင်း**

**အသက် (၇၂) နှစ်**

ရခိုင်ပြည်နယ်၊ ဂွမြို့၊ ဆပ်သွားချိုင်ကောက်ကျေးရွာနေ (ဦးညီစံ-ဒေါ်သန်းရင်)တို့၏ သားငယ်၊ (ဦးစိန်ချစ်)-ဒေါ်မြကျင်တို့၏ သားသမက်၊ ဦးတင်ဖေ-ဒေါ်ဝင်းကြည်၊ ဦးအောင်လွင်-ဒေါ်သန်းစိန်၊ ဦးစိုးညွန့်-ဒေါ်လေးမြင့်တို့၏ ညီ/မောင်၊ ဒေါ်မေမေဌေး(တေးသံရှင်ဌေးမြမြဝင်း)၏ခင်ပွန်း၊ Rev.ဒေါ်မာရီယာအိဇာ(Artist)-Rev.ဦးစောမင်းဦးတို့၏ ချစ်လှစွာသောမွေးသဖခင်၊ မသျှားလက်လမင်းဦး(G-7၊ ပညာကမ္ဘာ)၊ မောင်ရှိုင်းထက်နေမင်းဦး(G-3 YAS)တို့၏ ချစ်ဘိုးဘိုးကြီး၊ ဒေါ်ခင်မာဝင်း(မေလေး)၊ ဦးမင်းရဲအောင်(ကိုလေး)၊ တူ/တူမ ဆယ့်သုံးယောက်တို့၏ ချစ်လှစွာသောဦးလေး အမှတ်(119/3)၊ ရေနံ့သာလမ်းသွယ်(၄) ရေစက်၊ သုဝဏ္ဏနေ စာဆိုတေးရှင် ဂီတာဖေဝင်းသည် ၁၅-၅-၂၀၂၀ (သောကြာနေ့) ည ၇ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး၊ ခုတင်(၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

အနိစ္စ

ခရစ်တော်၌ အိပ်ပျော်ခြင်း

### ဒေါ်သန်းသန်းဌေး (ခ)

**Pi Kham Lam Ciin**

**(Healing Ministry)**

**အသက် (၆၁) နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄) ရပ်ကွက်၊ ရွှေစင်(၈)လမ်း၊ အမှတ်(၅၄၇)နေ U Gin Lian ၏ ချစ်လှစွာသော ဇနီး၊ U Pau Sian Mang-Nu Niang Sian Huai (USA)၊ Pa Mang Khen Mung-Nu Ngai Sian Cing (ပြည်တော်သာ)၊ Nu Ngai Lawh Nuam-U Gin Za Cin (ပြည်တော်သာ)၊ Pa Kap Khan Lal-Nu Ciin Lun Niang (ပြည်တော်သာ)၊ Pa Cin Lam Khual-Nu Zam San Niang (ခေတ္တ-မလေးရှား) တို့၏မိခင်၊ မြေး ၁၂ ယောက်တို့၏ အဘွား Pi Kham Lam Ciin သည် ၁၄-၅-၂၀၂၀ ရက် ညနေ ၅ နာရီတွင် နေအိမ်၌ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၇-၅-၂၀၂၀ ရက် နံနက် ၉ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်ခန်းမ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

### ဦးစောဝေလင်း

**အသက် (၆၈) နှစ်**

ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ ဟသာင်္လမ်း၊ အမှတ်(၂၀၉)နေ (ဦးစောချစ်ဖေ-ဒေါ်နော်ခါရိုး)တို့၏သား၊ (ဦးစောအာသာ)-ဒေါ်နော်မေးဗစ်တို့၏ သားသမက်၊ ဒေါ်နော်မိုရင်း၏ ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်နော်ခင်ခင်ချစ်)၊ ဒေါ်နော်ခင်ခင်နှစ်၊ ဒေါ်နော်ခင်သိန်းချစ်၊ ဒေါ်နော်ခင်ခင်လေးတို့၏ အစ်ကို၊ စောဘာဆိုဂေး-နော်ဘလက်ဇက်ထူး၊ စောဘာဆိုဝါး၊ စောဂေးဝါးတို့၏ ချစ်လှစွာသောဖခင် ဦးစောဝေလင်းသည် ၁၆-၅-၂၀၂၀ (စနေနေ့) နံနက် ၅:၁၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၇-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် နေအိမ်၌ ဝတ်ပြုကိုးကွယ်ပြီး ပဲခူးဆင်ဖြူကွင်း၊ ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

**သင့်**

**သွေးဖြင့်**

**အသက် ကယ်ပါ**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ခင်ကြည်

**အသက်(၉၀)**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)မှ ကျောင်းအုပ်ကြီး ဒေါ်လှလှသွယ်၏မိခင်ဖြစ်သူ ဒေါ်ခင်ကြည်သည် ၁၆-၅-၂၀၂၀ (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးဦးဟန်ဇော်နှင့်ဇနီး ဒေါ်သွင်သွင်အေးမို**

**မိသားစု**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ခင်ကြည်

**အသက်(၉၀)**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)မှ ကျောင်းအုပ်ကြီး ဒေါ်လှလှသွယ်၏မိခင်ဖြစ်သူ ဒေါ်ခင်ကြည်သည် ၁၆-၅-၂၀၂၀ (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီးဒေါက်တာကျော်လင်းနှင့်ဇနီး ဒေါ်နီနီအောင်**

**မိသားစု**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ခင်ကြည်

**အသက်(၉၀)**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)မှ ကျောင်းအုပ်ကြီး ဒေါ်လှလှ သွယ်၏မိခင်ဖြစ်သူ ဒေါ်ခင်ကြည်သည် ၁၆-၅-၂၀၂၀ (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့်နှင့်ဇနီး ဒေါ်ခိုင်နွယ်ထူး**

**မိသားစု**

**ဝန်ကြီးရုံးမှ အရာထမ်း/အမှုထမ်းများ**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

### ဘုရားအမကြီး ဒေါ်စိန်ကြည် (ဘူးကိုင်း/မြောင်)

**အသက် (၉၅) နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၁) ရပ်ကွက်၊ ဇေယျာအေးမြလမ်း၊ အမှတ်(၁၉၅)နေ (ဦးရှိန်)၏ဇနီး၊ ဒေါ်တင်တင်ဌေး၊ ဦးထွန်းအောင်ကျော်-ဒေါ်ခင်မာလာဝေ၊ ဒေါ်သောင်းသောင်းအေးတို့၏ မိခင်၊ မောင်အောင်ခန့်၊ မောင်အောင်သန့်၊ မသိမ့်စံပါယ်ဖူး၊ မရွှန်းမြတ်ဆုလာဘ်၊ မနှင်းနှင်းဝေ၊ မောင်ကောင်းမြင့်မြတ်တို့၏အဘွား၊ မောင်ဖွဲ့လရောင်ဖြိုး၏ဘွားဘွားကြီး ဒေါ်စိန်ကြည်သည် ၁၃-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည ၁၀:၁၀ နာရီတွင် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၀ ရက် မွန်းလွဲ ၂:၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဒေါ်ခင်ကြည်

**အသက် (၉၀)**

ရန်ကုန်မြို့နေ (သခင်ဆယ်-ဒေါ်ခင်ဘီ)တို့၏ သမီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂) ရပ်ကွက်၊ တိုက်(၂၅၈/၃)နေ ဦးတင်ဦး၏ဇနီး၊ (ဒေါ်ခင်ညွန့်)၊ (ဦးကျော်ခင်-ဒေါ်ခင်ရီ)တို့၏ညီမ၊ ဦးခင်မောင်ညို-(ဒေါ်ကျင်ကျင်)၊ (ဦးဆန်းထွန်း)-ဒေါ်ခင်စီ၊ (ဦးခင်မောင်စိန်)၊ (ဦးဘလှိုင်)-ဒေါ်ခင်ခင်စိန်၊ (ဦးခင်မောင်ထွန်း)-ဒေါ်နှင်းမြင့်၊ ဦးကျော်ဘုန်းလင်း-(ဒေါ်မာမာခင်)တို့၏ အစ်မ၊ ဦးဇေယျာဦး-ဒေါ်လှလှသွယ် (ကျောင်းအုပ်ကြီး၊ ဗဟိုသင်တန်းကျောင်း-သုဝဏ္ဏ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)၊ ဦးအောင်ဇော်တို့၏ချစ်လှစွာသောမိခင်၊ ကိုထက်အောင်ဇေ-မခိုင်ဆုဝေခင်၊ မဇူဇေနှင်းတို့၏ချစ်လှစွာသောအဘွား၊ မကြယ်စင်လင်းလက်၏ ချစ်လှစွာသောဘွားဘွားသည် ၁၆-၅-၂၀၂၀ (စနေနေ့) နံနက် ၆:၁၀ နာရီတွင် ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မလိခဥယျာဉ်အိမ်ရာနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ယင်းနေ့ နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဒေါ်တင်တင်မြင့် (မဗို) ရေစကြိုမြို့

**ဒု-လ/ထညွှန်ကြားရေးမှူး(ငြိမ်း)၊**

**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**

**အသက် (၇၇) နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်(၁၉၉)၊ အခန်း(၉)နေ (အငြိမ်းစားသစ်တော အရေးပိုင်ဦးမောင်မောင်-ဒေါ်မြမေ)တို့၏သမီး၊ [ဦးမောင်မောင်မြင့်(ခ)ဖိုးခွား]၏ညီမ၊ ဦးတင်ထွန်းအောင်-ဒေါ်ချိုချိုလွင်၊ ဦးသန့်ဇင်-ဒေါ်ရီရီဝင်း၊ ဦးအောင်ကျော်လှ-ဒေါ်ခင်မလေး၊ ဦးဌေးလွင်-ဒေါ်ခင်ဌေးမူတို့၏အစ်မ၊ ကိုသက်ဝေထွန်း-မခင်ဌေးရီ၊ ကိုကျော်ဇေထွန်း-မလဲ့လဲ့မွန်၊ ကိုချမ်းအာကာထွန်း၊ ကိုစောဝေလင်း၊ ကိုရွှေသွေး(ခ)အဲရစ်လွင်တို့၏အဒေါ်၊ မောင်သုတဇေ၏ဘွားဘွားတီတီ ဒေါ်တင်တင်မြင့်သည် ၁၅-၅-၂၀၂၀ (သောကြာနေ့) ညနေ ၃ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၅-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ကြေးမုံ ယနေ့ ဖတ်စရာ**

## ကိုဗစ်-၁၉ လူနာအားလုံး ပြန်လည်ကျန်းမာလာပြီး ကူးစက်ခံရသူ ထပ်မံမတွေ့ရှိဟု ကမ္ဘောဒီးယား ပြောကြား

စာမျက်နှာ » ၁၁

## တောင်အာဖရိကတွင် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၈၅ ဦး စံချိန်တင်တွေ့ရှိ

စာမျက်နှာ » ၁၂

## ကပ်ဘေးတံပိုးလှိုင်း ရာဇဝင်မရိုင်းစေနှင့်

စာမျက်နှာ » ၁၄



## မန်စီးတီးအသင်းက တိုက်စစ်မှူး ဂါဘရီယယ်ဂျီးဆပ်ကို တစ်ပတ် ပေါင် ၁၂၀၀၀၀ နဲ့ စာချုပ်သစ် ချုပ်ဆိုမည်

စာမျက်နှာ » ၂၅



# အထူးဒေသ(၄) နမ့်ပန်းဒေသမှ နေရပ်ပြန် မြန်မာအလုပ်သမား ၂၁၂ ဦးကို မိုင်းယုမြို့သို့ ပို့ဆောင်

**မိုင်းယု မေ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် နယ်စပ်ဒေသ မိုင်းယုမြို့သို့ အထူးဒေသ(၄) နမ့်ပန်းဒေသ၌ ကန့်သတ်စောင့်ကြည့်မှု ၂၁ ရက်ပြုလုပ်ပြီးသော နေရပ်ပြန် မြန်မာအလုပ်သမား ၂၁၂ ဦးကို တတိယအကြိမ်အဖြစ် ယနေ့ နံနက် ၇ နာရီခွဲခန့်က မိုင်းယု-ကျိုန်းယဲန်းတံတားမှတစ်ဆင့် ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ နေရပ်ပြန် မြန်မာအလုပ်သမားများသည် ယနေ့ နံနက် ၈ နာရီ ၁၀ မိနစ်တွင် မိုင်းယု-ကျိုန်းယဲန်းတံတားပေါ်တွင် အထူးဒေသ(၄) နမ့်ပန်းဒေသ ရဲတပ်ဖွဲ့မှ ရဲမှူး ချစ်ဆွေ ဦးဆောင်သည့်အဖွဲ့တို့က နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ အမျိုးသား ၁၃၇ ဦး၊ အမျိုးသမီး ၇၅ ဦး စုစုပေါင်း အလုပ်သမား ၂၁၂ ဦးတို့ကို တတိယအကြိမ် လွှဲပြောင်းပေးအပ်ခဲ့ပြီး **စာမျက်နှာ ၁၇ ကော်လံ ၁ သို့** ■

ကြေးမုံ အထူးကဏ္ဍ
နိုင်ငံတော်အစိုးရ၏
**ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ**

## ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

# လှိုင်သာယာမြို့နယ်၌ အလိုအလျောက်ပေးဝေသည့်စက်ဖြင့် ဆန်များ ပေးဝေ

**ရန်ကုန် မေ ၁၆**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ဆန်လိုအပ်ချက်ရှိသူများအတွက် တစ်ဦးနှင့်တစ်ဦး ထိတွေ့မှုမရှိစေဘဲ ဆန်ပေးဝေသည့်အစီအစဉ်အား မေ ၁၆ ရက်မှစ၍ ဆန်အလိုအလျောက်ပေးဝေသည့်စက်(Rice-ATM)ဖြင့် ကနဦး စမ်းသပ်ကာ ဆန်များကို အခမဲ့ပေးဝေလျက်ရှိကြောင်း We Love Hlaingtharyar လူထုအခြေပြုပရဟိတအဖွဲ့ထံမှ သိရသည်။

ဆန်ထုတ်ယူလိုသူများသည် We Love Hlaingtharyar Facebook Page သို့ ဝင်ရောက်ပြီး ပေါ်လာသည့် Chat Box မှာ "စာရင်းပေးမည်" ခလုတ်ကို ရွေးချယ်ရမည်ဖြစ်ကြောင်း၊ လျှောက်ထားရမည့်ဖောင်တွင် ထုတ်ယူလိုသူ၏ ဖုန်းနံပါတ်၊ အမည်၊ လိပ်စာနှင့် စကားဝှက်ကို အင်္ဂလိပ်စာဖြင့် ရိုက်ထည့်ပြီး လျှောက်ထားရမည်ဖြစ်ကြောင်း၊ ဆန်ထုတ်ယူခွင့်ရရှိလျှင် ဆန်ထုတ်ယူခွင့်ရရှိသူ၏ မိုဘိုင်းဖုန်းသို့ SMSပေးပို့၍အကြောင်းကြားမည်ဖြစ်ပြီး ဆန်ထုတ်ယူခွင့် SMS ရရှိလျှင် ဆန်ပေးဝေစက်တွင် သွားရောက်တန်းစီကာ We Love Hlaingtharyar Facebook Page သို့ ဝင်ရောက်၍ **စာမျက်နှာ ၁၅ ကော်လံ ၁ သို့** ❖



# တပ်ကုန်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး နှာခေါင်းစည်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

**တပ်ကုန်း မေ ၁၆**

နေပြည်တော် တပ်ကုန်းမြို့နယ် မြို့မဈေးနှင့် ယာယီပျံကျဈေးတို့တွင် ယနေ့ နံနက် ၇ နာရီက ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေး နှာခေါင်းစည်းနှင့် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်နှင့်အဖွဲ့၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရဦးနှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ မြို့မဈေးနှင့် ယာယီပျံကျဈေးတွင် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား နှာခေါင်းစည်း ၁၀၀၀ ကျော်နှင့် ကိုဗစ်-၁၉ ရောဂါ မပြန့်ပွားဖို့ မိမိကစ၍ ကာကွယ်စို့ သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

တင်စိုးလွင်

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၁၆

| | | | |
|---|---|---|---|
| ချောက် | ၄၆ ဒီဂရီစင်တီဂရိတ် | တောင်တွင်းကြီး | ၄၃ ဒီဂရီစင်တီဂရိတ် |
| အောင်လံ | ၄၄ ဒီဂရီစင်တီဂရိတ် | ဆင်ဖြူကျွန်း | ၄၃ ဒီဂရီစင်တီဂရိတ် |
| တပ်ကုန်း | ၄၃ ဒီဂရီစင်တီဂရိတ် | တောင်ငူ | ၄၃ ဒီဂရီစင်တီဂရိတ် |
| မကွေး | ၄၃ ဒီဂရီစင်တီဂရိတ် | | |

မိုး/ဇလ

# မန္တလေးမြို့ရှိ အခြေခံကျောက်စိမ်းလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စုများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့လှူဒါန်း

**မန္တလေး မေ ၁၆**

မန္တလေးမြို့ မဟာအောင်မြေကျောက်မျက်စခန်း(မန္တလေးကျောက်ဝိုင်း)တွင် ကျောက်စိမ်းကျောက်မျက်လုပ်ငန်းဖြင့် အသက်မွေးရပ်တည်နေကြသည့် လက်လုပ်လက်စား အခြေခံကျောက်သမား အိမ်ထောင်စုပေါင်း ၁၂၀၀၀ ကျော်အား ဆန်၊ ဆီ၊ ဆား စသည့် အခြေခံစားသောက်ကုန်ပစ္စည်းများအား ယနေ့ နံနက်ပိုင်းက ထောက်ပံ့လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါထောက်ပံ့လှူဒါန်းမှုကို ကျောက်မျက်လုပ်ငန်းရှင်များအသင်း (မန္တလေး) မဟာအောင်မြေ ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်း အကျိုးတော်ဆောင်အဖွဲ့နှင့် စေတနာရှင်များ စုပေါင်းလှူဒါန်းငွေကျပ်သိန်းပေါင်း ၂၄၆၀ ကျော်ဖြင့် ကျောက်လုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စုပေါင်း ၁၂၀၀၀ ကျော် လူဦးရေ တစ်သိန်းကျော်အတွက် အိမ်ထောင်စုတစ်ခုလျှင် ဆန် (၁၀) ပြည်၊ ဆား (၁)ပိဿာ၊ ဆီ (၅၀) ကျပ်သား၊ ကြက်သွန်နီ (၁) ပိဿာနှင့် ကြက်ဥ (၁၀) လုံးတို့ကို ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း မဟာအောင်မြေကျောက်မျက်ဈေး အကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူး ဦးမျိုးမြင့်လှိုင်က ပြောသည်။

**စာမျက်နှာ ၁၇ ကော်လံ ၅ သို့** ❋

ကြေးမုံ အထူးကဏ္ဍ
မေ ၁၇၊ ၂၀၂၀ (တနင်္ဂနွေနေ့)

နိုင်ငံတော်အစိုးရ၏

# ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

## ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ စတုတ္ထ (၁) နှစ်တာအတွင်း ဆောင်ရွက်မှုများ



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်

**တွေ့ဆုံမေးမြန်း - ရှင်မင်း၊ ဓာတ်ပုံ - ကေကေ၊ ပြည်နယ်ပြန်ဆက်**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်မှုများကို သိရှိနိုင်ရန်အတွက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည် -

**မေး။ ။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ စတုတ္ထ (၁) နှစ်တာ အပါအဝင် လေးနှစ်တာကာလအတွင်း စီမံကိန်းချမှတ်ဆောင်ရွက်မှု၊ ရည်မှန်းချက် အကောင်အထည်ဖော် ဆောင်ရွက်မှုတွေကို သိပါရစေရှင့်။**

ဖြေ။ ။ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် စီမံကိန်း ရည်မှန်းချက်မှာ ရှမ်းပြည်နယ်ရဲ့ စုစုပေါင်း ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းတွေအရ ငွေကျပ် ၆၇၂၀ ဒသမ ၂ ဘီလီယံ အကောင်အထည်ဖော်ဖို့နဲ့ ပုံမှန်ဈေးနှုန်းတွေအရ ၅ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ဖို့ ရည်မှန်းခဲ့ပါတယ်။

ဒီလိုအကောင်အထည်ဖော်ရာမှာ ပထမ သုံးလပတ်အထိ ငွေကျပ် ၂၃၆၈ ဒသမ ၃ ဘီလီယံရရှိခဲ့တဲ့အတွက် စီမံကိန်းရည်မှန်းချက်အပေါ် ၃၅ ဒသမ ၂ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး အရင်နှစ် အလားတူကာလနဲ့ နှိုင်းယှဉ်ရင် ၁၁ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါတယ်။

**မေး။ ။ ပြည်နယ်အတွင်းမှာ နိုင်ငံရေးကဏ္ဍနဲ့ ငြိမ်းချမ်းရေးဆောင်ရွက်မှုကို ဖြေကြားပေးပါဦးရှင်။**

ဖြေ။ ။ ရှမ်းပြည်နယ်အတွင်း NCA လက်မှတ်ရေးထိုးထားတဲ့ ရှမ်းပြည်နယ်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော်(RCSS/SSA)နဲ့ ပအိုဝ်း အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)တို့ ရှိပါတယ်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်မှာ လားဟူဒီမိုကရက်တစ်ပါတီ(LDU)က NCA မှာ ပါဝင်လက်မှတ်ရေးထိုးခဲ့တဲ့အတွက် ရှမ်းပြည်နယ်အတွင်း NCA လက်မှတ်ရေးထိုးခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၃)ဖွဲ့ရှိလာပါတယ်။

ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခတ်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-S) အစည်းအဝေးတွေကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၇ ရက်မှ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၄ ရက်အထိ လွိုင်လင်ခရိုင် ခိုလမ်မြို့မှာ (၁၇) ကြိမ်တိုင်တိုင် ကျင်းပခဲ့ပါတယ်။

**မေး။ ။ ပဋိပက္ခတွေကြောင့် နေရပ်စွန့်ခွာပြီး ထွက်ပြေးတိမ်းရှောင်လာတဲ့ ပြည်သူတွေအတွက် ထောက်ပံ့မှုတွေကို သိပါရစေရှင့်။**

ဖြေ။ ။ (၄) နှစ်တာကာလအတွင်း ရှမ်းပြည်နယ် (မြောက်ပိုင်း)မှာ ပဋိပက္ခတွေကြောင့် နေရပ်စွန့်ခွာပြီး ထွက်ပြေးတိမ်းရှောင်လာတဲ့ ပြည်သူတွေအတွက် ပြည်ထောင်စုအဆင့်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ဘာသာအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ကုမ္ပဏီတွေနဲ့ NGO/ ပုဂ္ဂလိက အလှူရှင်တွေက ငွေသားနဲ့ ပစ္စည်းတန်ဖိုးအပါအဝင် စုစုပေါင်း ငွေကျပ် ၁ ဒသမ ၂ ဘီလီယံကို ထောက်ပံ့ပေးအပ်ခဲ့ပါတယ်။

**မေး။ ။ ပြည်နယ်အတွင်း နိုင်ငံရေးဆွေးနွေးပွဲတွေ ကျင်းပခဲ့မှုနဲ့ပတ်သက်ပြီး ပြောပြပေးပါဦး။**

ဖြေ။ ။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် NCA လက်မှတ်ရေးထိုးပြီး အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲတွေကို လူမျိုး/ဒေသ အကြောင်းအရာအလိုက် ကျင်းပလျက်ရှိပါတယ်။

ဒီလိုကျင်းပတဲ့အခါ ပအိုဝ်းလူမျိုး အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်ကနေ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်အထိ ဟိုပုံးမြို့နဲ့ ၂၀၁၇ ခုနှစ် ဧပြီလ ၂၃ ရက်ကနေ ၂၅ ရက်အထိ တောင်ကြီးမြို့ မြို့တော်ခန်းမတို့မှာ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။ ဒီဆွေးနွေးပွဲတွေက ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေဖို့ အထောက်အကူဖြစ်တဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ ဖြစ်ပါတယ်။

**မေး။ ။ ပြည်တွင်း၊ ပြည်ပ အလှူရှင်တွေရဲ့ ကူညီမှုတွေနဲ့ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုကို ပြောပြပေးပါဦး။**

ဖြေ။ ။ ငြိမ်းချမ်းရေးနဲ့ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းတွေက ဆက်နွှယ်နေပြီး ငြိမ်းချမ်းမှုရှိရင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ပါတယ်။ ဒီလိုဒေသဖွံ့ဖြိုးမှုသာ ငြိမ်းချမ်းမှုရှိနိုင်မှာမို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ တိုင်းရင်းသားဒေသတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း၊ ပြည်ပ အလှူရှင်တွေနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်မှာ ငြိမ်းချမ်းရေးနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့ ငွေကျပ် ၁ ဒသမ ၆ ဘီလီယံ လျာထားပါတယ်။ NCA လက်မှတ်ရေးထိုးပြီးတဲ့ PNLO အဖွဲ့ရဲ့ ဌာနချုပ်ဖြစ်တဲ့ ဂဒူးကြီးဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၂၀ ပြည့်နှစ် မတ်လ ၆ ရက်မှာ ငွေကျပ်သိန်း ၁၀၀ လှူဒါန်းခဲ့ပါတယ်။

**မေး။ ။ လမ်းပန်းဆက်သွယ်ရေးနဲ့ပတ်သက်ပြီး ဆောင်ရွက်တာတွေကို ပြောပြပေးပါဦး။**

ဖြေ။ ။ မိုင်းနောင် - မိုင်းရှူးလမ်းပေါ်ရှိ နမ့်ပန်ချောင်းတံတား(မိုင်းရှူး ) တံတားအရှည်မီတာ ၁၃၀ ကို စီမံကိန်းတန်ဖိုး ငွေကျပ် ၃ ဒသမ ၃ ဘီလီယံခန့်မှန်းထားပြီး ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၁ ရက်မှာ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပါတယ်။ လုပ်ငန်းပြီးစီးမှုအနေနဲ့ ၈၂ ရာခိုင်နှုန်းဖြစ်ပါတယ်။

ကျွန်းတောင် - ကျောက်တလုံးကြီး - နောင်ယာဆိုင်း - ဆိုက်ခေါင် - ပွန်ချောင်း - မောက်မယ်လမ်းပေါ်ရှိ ပွန်ချောင်းတံတား

အထူးကဏ္ဍ [ ခ] သို့ »»»



တောင်ကြီးမြို့တွင်း ကမ္ဘောဇလမ်း အဆင့်မြှင့်တင် ဆောင်ရွက်ပြီးစီးမှုကိုတွေ့ရစဉ်။



တောင်ကြီး- အောင်ပန်းလမ်း အဆင့်မြှင့်တင်ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-ဇေယျာ(မိုင်ရာ)

»»» အထူးကဏ္ဍ [ က ] မှ

အရှည် ၅၇ ဒသမ ၉၁ မီတာကို စီမံကိန်းတန်ဖိုး ငွေကျပ် ၉၇၄၅ သန်းနဲ့ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁ ရက်မှာ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး တံတားပြီးစီးမှု ၇၆ ရာခိုင်နှုန်း ဖြစ်ပါတယ်။

ဝမ်ဟိုင်းဒေသရှိ ဒေသခံပြည်သူတွေ ဆက်သွယ်ရေး ကောင်းမွန်စေဖို့အတွက် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်မှာ MPT တာဝါတိုင် စတင်အသုံးပြုနိုင်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလမှာ 4G စနစ် တိုးချဲ့ပေးနိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ် မတ်လ ၁၆ ရက်မှာ ဝမ်ဟိုင်းဒေသမှာ MPT တာဝါတိုင် ဖွင့်လှစ်နိုင်ခဲ့တယ်။

ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ဟိုမိန်းဒေသ လျှပ်စစ်မီးရရှိရေးအတွက် ဟိုမိန်းရေအားလျှပ်စစ်စက်ရုံစီမံကိန်းကို ရန်ပုံငွေကျပ် တစ်ဘီလီယံနဲ့ တင်ဒါခေါ်ယူဆောင်ရွက်လျက်ရှိပါတယ်။ မိုင်းဆတ် - တာချီလိတ်လမ်းက မိုင် ၆၀ ခန့်ရှိပြီး “ဝ”အထူးဒေသ(၂)မှ အမာခံလမ်းနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှာ လမ်းဦးစီးဌာနက လွှဲပြောင်းတာဝန်ယူပြီး ရန်ပုံငွေကျပ် ၅၅၃ သန်းနဲ့ လမ်းအဆင့်မြှင့်ခြင်းကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ ဘဏ္ဍာနှစ်အလိုက် ခွဲဝေရရှိတဲ့ ရန်ပုံငွေပေါ်မူတည်ပြီး ဆက်လက် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ပြည်နယ်အတွက် ငြိမ်းချမ်းရေးနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အစဉ်တစိုက် ကြိုးစားဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး။ ။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနဲ့ ပတ်သက်ပြီး ဆောင်ရွက်မှုတွေကို ရှင်းပြပေးပါဦးရှင်။**

ဖြေ။ ။ (၄) နှစ်တာကာလအတွင်း ရှမ်းပြည်နယ်မှာ ဘိန်းခင်းဧရိယာဧက ၂၃၄၀၀ ဖျက်ဆီးနိုင်ခဲ့ပြီး နှစ်စဉ်စိုက်ပျိုးရာသီမှာ ဆက်လက်ဖျက်ဆီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှုအနေနဲ့ (၄)နှစ်တာကာလအတွင်း အမှုပေါင်း ၃၁၁၆ မှုနဲ့ တရားခံ ၄၁၈၃ ဦးကို ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဖမ်းဆီးရမိခဲ့တဲ့ မူးယစ်ဆေးဝါးတွေရဲ့ ခန့်မှန်းကာလတန်ဖိုးက ငွေကျပ် ၂၄၇ ဒသမ ၃၁ ဘီလီယံဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁၆၄ ဒသမ ၇၃ သန်းကျော် ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်မှာ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၀ ရက်ကနေ မတ်လ ၈ ရက်အထိ တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီး ကွတ်ခိုင်မြို့နယ် လွယ်ခန်ကျေးရွာနဲ့ ကောင်းခါးကျေးရွာအနီးတစ်ဝိုက်ရှိ တောအတွင်းကနေ မူးယစ်ဆေးဝါးတွေနဲ့ ဆက်စပ်ပစ္စည်းတွေ၊ လက်နက်ခဲယမ်းတွေနဲ့ မော်တော်ယာဉ်တွေ (ပိုင်ရှင်မဲ့) ရှာဖွေဖော်ထုတ် ဖမ်းဆီးရမိခဲ့ပါတယ်။ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု တန်ဖိုးအနေနဲ့ ငွေကျပ် ၈၉၆၆၃ သန်းကျော် ဖြစ်ပါတယ်။

**မေး။ ။ ပြည်နယ်အတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ လယ်ယာမြေကိစ္စရပ်တွေ ဆောင်ရွက်ခဲ့မှုတွေကို သိပါရစေရှင့်။**

ဖြေ။ ။ ရှမ်းပြည်နယ်အတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် (၄) နှစ်တာကာလအတွင်း စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအလိုက် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့တွေ ထုတ်လုပ်ရာမှာ စပါး၊ အစေ့ထုတ်ပြောင်း၊ နေကြာနဲ့ ပဲစဉ်းငုံတွေကို ဧကအနေနဲ့ ၁၁၁၄၉ ဧက ထုတ်လုပ်နိုင်ခဲ့ပါတယ်။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်မဲ့ယာမဲ့ တောင်သူတွေ စိုက်ပျိုးနိုင်ဖို့ ကုန်းမြင့်လယ်ယာဖော်ထုတ်ခြင်းလုပ်ငန်းတွေကို (၄) နှစ်တာကာလအတွင်း ဧကပေါင်း ၂၇၉၀ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး စက်မှုလယ်ယာ စနစ်တကျ လယ်မြေဖော်ထုတ်ခြင်းလုပ်ငန်းအနေနဲ့ ဧကပေါင်း ၁၀၅၀ ကို တောင်သူအကျိုးပြု ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ပြည်နယ်အတွင်းရှိ တောင်သူ ၁၃၃၀၀၀ အတွက် ချေးငွေကျပ် ၇၅၁ ဒသမ ၃၀ ဘီလီယံ ထုတ်ချေးပေးနိုင်ခဲ့ပါတယ်။

ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ချေးငွေအထောက်အပံ့ဖြစ်တဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးချေးငွေ (JICA Two Step Loan) အစီအစဉ်နဲ့ လယ်ယာသုံးစက်ကိရိယာစီးရေ ၁၄၉ စီးနဲ့ ချေးငွေကျပ် ၆ ဒသမ ၁၃ ဘီလီယံကို ထုတ်ချေးပေးနိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း ၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေတွေနဲ့အညီ တောင်သူပေါင်း ၆၉၈၅၆၇ ဦးရဲ့ ဦးပိုင်လုပ်ကွက်ပေါင်း ၈၈၃၇၃၄ အတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) ထုတ်ပေးနိုင်ခဲ့ပါတယ်။

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းစဉ်တွေ ထိထိရောက်ရောက် ဖြစ်စေရေးအတွက် ရှမ်းပြည်နယ် စိုက်ပျိုးရေးစုံညီပွဲတော် (Shan State Agricultural Symposium)ကို တောင်ကြီးခရိုင် ကလောမြို့နယ် အင်းခေါင်းကျေးရွာရှိ ဟဲဟိုးဥယျာဉ်ခြံမှာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်ကနေ စတင်ပြီး ၃ ရက်တာ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါတယ်။

စိုက်ပျိုးရေး အလေ့အကျင့်ကောင်းတွေ တိုးတက်ရေးအတွက် တောင်သူပေါင်း ၂၈၁၀၊ သီးနှံနဲ့ ဟင်းသီးဟင်းရွက် ၂၆ မျိုး၊ ဧကပေါင်း ၉၅၈၁ ဧကအတွက် GAP အသိအမှတ်ပြုလက်မှတ်တွေ ထုတ်ပေးနိုင်ခဲ့ပါတယ်။

လယ်ယာမြေနဲ့ အခြားမြေတွေ သိမ်းဆည်းခံရမှုတွေ ပြန်လည်စိစစ်ရေးကော်မတီ ဖွဲ့စည်းပြီး ရှမ်းပြည်နယ်အတွင်း စွန့်လွှတ်မြေအမှုပေါင်း ၁၅၅ မှု၊ ဧရိယာ စုစုပေါင်း ၃၀၈၀၀ ဧကဖြစ်ပါတယ်။ ပြန်လည်စွန့်လွှတ်အပ်နှံမြေ မြေဧရိယာဧက ၃၀၈၀၀ အနက်မှ ဧက ၂၉၆၀၀ ကို သက်ဆိုင်သူတွေထံကို ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။

သက်ဆိုင်ရာ တောင်သူတွေထံကို လွှဲအပ်ဖို့ကျန်နေတဲ့ ဧရိယာဧက ၁၂၀၀ ကို အမြန်ပြန်လည်လွှဲပြောင်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသလို အမြန်ပြန်လည်ပေးအပ်နိုင်ရေးအတွက် မူလလုပ်ကိုင်သူ မှန်ကန်ရေးကို စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြေပြင် စိစစ်လျှော့နည်း ဧရိယာ ၄၀ ဒသမ ၉၄ ဧက ဖြစ်ပါတယ်။

လယ်ယာမြေနဲ့ အခြားမြေတွေ သိမ်းဆည်းခံရမှုတွေနဲ့ ပတ်သက်ပြီး တိုင်ကြားမှုတွေအပေါ် အချိန်နဲ့တစ်ပြေးညီ စိစစ်ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်/ခရိုင် ၁၃ ခရိုင်၊ မြို့နယ် ၅၅ မြို့နယ်နဲ့ ရပ်ကွက်/ ကျေးရွာအုပ်စုအဆင့်ဆင့်အလိုက် လယ်ယာမြေနဲ့ အခြားမြေတွေ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။

ကော်မတီအဆင့်ဆင့်မှာ လွှတ်တော်ကိုယ်စားလှယ်တွေ၊ တောင်သူလယ်သမားကိုယ်စားလှယ်တွေနဲ့ ဒေသက အများကြည်ညိုလေးစားတဲ့ ကိုယ်စားလှယ်တွေကို ထည့်သွင်းဖွဲ့စည်းပြီး သိမ်းဆည်းမြေတွေနဲ့ပတ်သက်၍ တောင်သူတွေ နစ်နာမှုမရှိစေရေးအတွက် ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။

**ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနအနေနဲ့ (၄) နှစ်တာကာလအတွင်း ပြည်နယ်အတွင်း မြို့ပြဒေသတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၆၄ ဒသမ ၃၅ ဘီလီယံနဲ့ ပြည်နယ်စည်ပင်သာယာရေးဌာနရှိ မြို့နယ်/မြို့နယ်ခွဲ ၃၃ မြို့နယ်ရှိ လမ်းလုပ်ငန်း ၂၀၅၇ လမ်း၊ တံတားလုပ်ငန်း ၁၀၉၆ စင်းနဲ့ ရေပေးရေးလုပ်ငန်း ၄၈၄ ခု ဆောင်ရွက်ခြင်း၊ ခန်းမအဆင့်မြှင့်တင် ဆောင်ရွက်ခြင်းနဲ့ ကျိုင်းတုံမြို့ တိုးချဲ့ရေပေးရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနိုင်ခဲ့**

လယ်ယာမြေနဲ့ အခြားမြေတွေ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ စိစစ်ဖြေရှင်းဖို့ ညွှန်ကြားခဲ့တဲ့အမှုပေါင်း ၅၂၄ မှုရှိခဲ့ပြီး မြေစစ်ဗဟိုကော်မတီကနေ သက်ဆိုင်ရာဝန်ကြီးဌာနတွေကို သဘောထားတောင်းခံထားမှုနဲ့ ပြည်နယ်ကို ပေါင်းစပ်ဆောင်ရွက်ဖို့ ပေးပို့လာတဲ့ အမှုတွဲပေါင်း ၅၃ မှု ရှိပါတယ်။

ကာယကံရှင်ကို ရှင်းလင်းပြောကြားပြီး ပြန်လည်တင်ပြဖို့ ဗဟိုကော်မတီက ပြည်နယ်ကို ပေးပို့လာတဲ့ အမှုတွဲပေါင်း ၆ မှု ရှိပါတယ်။ ပြည်နယ် မြေ/စစ်ဗဟို ကော်မတီကို ပေးပို့တင်ပြထားတဲ့ အမှုတွဲပေါင်း ၈၃ မှု ရှိပါတယ်။

ဒါ့အပြင် ပြည်နယ်မြေ/စစ်ကော်မတီမှ စိစစ်ဆဲအမှုတွဲပေါင်း ၂၂၇ မှု၊ မြေ/စစ်ဗဟိုကော်မတီက စိစစ်ပိတ်သိမ်းပြီး အမှုတွဲပေါင်း ၁၅၅ မှုနဲ့ အမှုပေါင်း ၁၀၆ မှုကို သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းတွေအရ စိစစ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**မေး။ ။ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အရေးအကြီးဆုံးဖြစ်တဲ့ စီးပွားရေးကဏ္ဍအပြင် ပြည်သူလူထုတွေ နေထိုင်မှုအဆင်ပြေစေရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ မြို့နယ်စည်ပင်သာယာဝပြောရေး ဆောင်ရွက်ချက်တွေကို သိပါရစေ။**

ဖြေ။ ။ ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ ကျေးလက်နေပြည်သူတွေကို (၄) နှစ်တာကာလအတွင်း ၂၀၁၅ ခုနှစ် စီမံချက်အရ မြို့နယ်ပေါင်း ၉၄ မြို့နယ်မှ ကျေးရွာပေါင်း ၄၇ ရွာ၊ ၂၀၁၆ ခုနှစ် စီမံချက်အရ မြို့နယ် ၄၇ မြို့နယ်မှ ကျေးရွာပေါင်း ၄၇ ရွာကို ကျေးရွာဂရန် ၁၆၂၀၀ ထုတ်ပေးနိုင်ခဲ့ပါတယ်။

ကျေးလက်နေပြည်သူတွေ နေထိုင်မှုအဆင့်အတန်း မြင့်မားစေရေးအတွက်ကျေးရွာအဆင့်မှ မြို့အဆင့်တိုးမြှင့်ခြင်းကို ကလောမြို့နယ်မှာ ဟဲဟိုးမြို့နဲ့ ညောင်ရွှေမြို့နယ်မှာ နမ့်ပန်မြို့တွေကို အဆင့်တိုးမြှင့်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် မိုးဗြဲ၊ နမ့်လန်၊ ငါးအိုး၊ မြို့ကြီး၊ ပင်ပြစ်နဲ့ ဘန့်ပွေး ကျေးရွာတွေကို မြို့အဆင့်တိုးမြှင့်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြည်နယ်သစ်တောဌာနအနေနဲ့ (၄) နှစ်တာကာလအတွင်း သစ်တောစိုက်ခင်းတွေ တည်ထောင်ခြင်းအနေနဲ့ ရှမ်းပြည်နယ်မှာ စီးပွားရေးစိုက်ခင်းဧက ၁၂၀၀ ၊ ရေဝေရေလဲစိုက်ခင်းဧက ၁၀၂၀၊ ကျေးရွာသုံး ထင်းစိုက်ခင်းဧက ၂၀၀ နဲ့ သဘာဝတော တန်ဖိုးမြှင့်စိုက်ခင်း ၁၆၁၅ ဧက စုစုပေါင်းဧက ၄၀၃၅ ဧက စိုက်ပျိုးခဲ့ပြီး ၉၁ ဒသမ ၄၉ ရာခိုင်နှုန်း ရှင်သန်အောင်မြင်ခဲ့ပါတယ်။

မြို့ပြနဲ့ အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ (၄) နှစ်တာကာလအတွင်း ဝန်ထမ်းအိမ်ရာ၊ အငှားအိမ်ရာနဲ့ အရောင်းအိမ်ရာတွေကနေ စုစုပေါင်းတိုက် ၆၃ လုံးနဲ့ အခန်းပေါင်း ၁၀၃၀ ကို နေထိုင်ရေးအခက်အခဲရှိတဲ့ ပြည်သူတွေ၊ အငြိမ်းစားဝန်ထမ်းတွေနဲ့ အငြိမ်းစားယူခါနီးဝန်ထမ်းတွေဆိုပြီး အုပ်စု ၃ စုခွဲကာ စနစ်တကျ မဲနှိုက်ပြီး မိသားစုဦးရေ ၅၁၅၀ အတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနအနေနဲ့ (၄) နှစ်တာကာလအတွင်း ပြည်နယ်အတွင်း မြို့ပြဒေသတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၆၄ ဒသမ ၃၅ ဘီလီယံနဲ့ ပြည်နယ်စည်ပင်သာယာရေးဌာနရှိ မြို့နယ်/ မြို့နယ်ခွဲ ၃၃ မြို့နယ်ရှိ လမ်းလုပ်ငန်း ၂၀၅၇ လမ်း၊ တံတားလုပ်ငန်း ၁၀၉၆ စင်းနဲ့ ရေပေးဝေရေးလုပ်ငန်း ၄၈၄ ခု ဆောင်ရွက်ခြင်း၊ ခန်းမအဆင့်မြှင့်တင်ဆောင်ရွက်ခြင်းနဲ့ ကျိုင်းတုံမြို့ တိုးချဲ့ရေပေးဝေရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်မှာ တောင်ကြီးမြို့ မီးပွိုင့်ယာဉ်ထိန်းဂိတ်တဲနဲ့ စီစီတီဗွီ တပ်ဆင်ခြင်းလုပ်ငန်းတစ်ခု၊ မိုင်းတုံမြို့ မြို့လယ်ပန်းခြံ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းတစ်ခု၊ ကလောမြို့နယ် အောင်ပန်းမြို့ ဦးသန့်လမ်းနဲ့ ဗထူးလမ်းတို့ကို ကတ္တရာကွန်ကရစ် AC ခင်းခြင်းလုပ်ငန်းကို ငွေကျပ် ၃၅၄ ဒသမ ၃၅သန်း၊ ညောင်ရွှေမြို့ ဖောင်တော်ဆိုက်လမ်းနဲ့ လမ်းမတော်လမ်း ကတ္တရာကွန်ကရစ် AC ခင်းခြင်းလုပ်ငန်းကို ငွေကျပ်သန်း ၂၀၀ နှင့် မူဆယ်မြို့ မြို့တွင်းလမ်းကတ္တရာ ကွန်ကရစ် AC ခင်းခြင်းလုပ်ငန်း ကုန်ကျငွေကျပ် ၃၆၇ ဒသမ ၂၃ သန်းနဲ့ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ တာချီလိတ်မြို့တွင်းလမ်း ရန်အောင်မြေရပ်ကွက် ကွန်ကရစ်ရေမြောင်းနဲ့ မြေကာနံရံလုပ်ငန်းကို ငွေကျပ် ၁၅၆ ဒသမ ၉၄ သန်း၊ ဆေးခန်းရပ်ကွက် ရှမ်းကွင်းလမ်း ကွန်ကရစ်လမ်းတိုးချဲ့ခြင်းလုပ်ငန်းကို ငွေကျပ် ၉ ဒသမ ၇၁ သန်းနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ JICA (ODA) ချေးငွေနဲ့ ဒေသတွင်း ဖွံ့ဖြိုးရေးစီမံချက် အပိုင်း(၁)ကို ဆောင်ရွက်နေပြီး ဒေသဖွံ့ဖြိုးရေး

အထူးကဏ္ဍ [ ဂ ] သို့ »»»



ဖွံ့ဖြိုးတိုးတက်နေသည့် တောင်ကြီးမြို့ကိုတွေ့ရစဉ်။ ဓာတ်ပုံ-ဇေယျာ(မိုင်ရာ)

»»» အထူးကဏ္ဍ [ ခ ] မှ

စီမံချက်အပိုင်း(၂)အနေနဲ့ လားရှိုးမြို့ တိုးချဲ့ရေပေးရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် ညှိနှိုင်းနေပါတယ်။

**မေး။ ။ ပြည်နယ် လမ်းပန်းဆက်သွယ်ရေး ကဏ္ဍတိုးတက်အောင် ဆောင်ရွက်ခဲ့မှုကို ရှင်းပြပေးပါဦးရှင်။**

ဖြေ။ ။ (၄) နှစ်တာကာလအတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကတ္တရာလမ်း၊ ကျောက်လမ်းနဲ့ မြေလမ်း စုစုပေါင်း ၅၆၄ လမ်းအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၁၁၉ ဒသမ ၀၁၃ ဘီလီယံ၊ ကွန်ကရစ်တံတား၊ သစ်သားတံတားနဲ့ အခြားတံတား စုစုပေါင်းတံတား ၁၆၄ စင်းအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၁ ဒသမ ၈ ဘီလီယံ၊ တောင်ကြီးမြို့ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် တောင်ကြီး - ဟိုပုံး မြို့ရှောင်လမ်းအရှည် (၁၇/၄)မိုင်ကို ခွင့်ပြုရန်ပုံငွေ ၃၃၈ ဒသမ ၆၂ ကျပ်သန်းနဲ့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကျေးလက်ရေပေးရေးလုပ်ငန်း ဆောင်ရွက်မှုအနေနဲ့ တွင်းတိမ် ၆၆ တွင်း၊ တွင်းနက် ၁၂၁ တွင်း၊ လက်တူးတွင်း ၂၁ တွင်း၊ မြေသား ရေကန် ၄၀၊ စိမ့်စမ်းရေသွယ်ယူခြင်း ၉၃၉ ခုနဲ့ အခြားရေပေးရေးလုပ်ငန်း ၄၄၅ ခု တို့ကို ခွင့်ပြုငွေကျပ် ဘီလီယံ ၂၅၅၀ နဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ကျေးရွာမီးလင်းရေးလုပ်ငန်းအနေနဲ့ ဆိုလာ ၇၉၀၀၀ ကျော်ကိုအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ မြစိမ်းရောင် ကျေးရွာစီမံကိန်းကို (၄) နှစ်တာကာလအတွင်း ယူနစ်ပေါင်း ၉၇၈ ခုနဲ့ ကျေးရွာပေါင်း ၁၄၄၃ ရွာမှာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

လမ်းဦးစီးဌာနအနေနဲ့ (၄) နှစ်တာကာလအတွင်း ပြည်ထောင်စုအဆင့် လမ်းလုပ်ငန်း ၃၀ နဲ့ ပြည်နယ်အဆင့် လမ်းလုပ်ငန်း ၁၆၃ လမ်းရှိပြီး စုစုပေါင်းလမ်းမိုင်အရှည် ၆၈၂ မိုင် ၆ ဖာလုံရှိကာ တစ်နိုင်ငံလုံး လမ်းမိုင်အရှည်ရဲ့ လေးပုံတစ်ပုံခန့် ရှိပါတယ်။

လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရေးအတွက် မိတ္ထီလာ - တောင်ကြီး - ကျိုင်းတုံ - တာချီလိတ်လမ်းပေါ်ရှိ သံလွင်မြစ်ကို ဖြတ်သန်းတည်ဆောက်ထားတဲ့ သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်တဲ့ အရှည်ပေ ၃၅၁ မီတာရှိ သံလွင်မြစ်ကူးတံတား (တာကော်)ကို စီမံကိန်းတန်ဖိုး ငွေကျပ် ၂၆ ဒသမ ၃၅ ဘီလီယံနဲ့ ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်မှာ လုပ်ငန်းစတင် ဆောင်ရွက်လျက်ရှိရာ ၆ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်ပါတယ်။

ဒါ့အပြင် နမ့်စန်၊ မိုးနဲ၊ မိုင်းတုံနဲ့ မိုင်းဆတ် လမ်းပေါ်ရှိ အရှည်ပေ မီတာ ၂၀၀ ရှိ ကြိုးတံတား အမျိုးအစားဖြစ်တဲ့ သံလွင်တံတား (တာဆန်း)ကို စီမံကိန်းတန်ဖိုး ငွေကျပ် ၂၄ ဘီလီယံ ခန့်မှန်းထားပြီး ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်မှာ လုပ်ငန်းစတင် ဆောင်ရွက်လျက်ရှိရာ ၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါတယ်။

သံလွင်မြစ်ကူး(ကွမ်းလုံ)တံတားအသစ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ Grant Aid ဖြစ်တဲ့ စီမံကိန်းတန်ဖိုးယွမ် ၁၃၇ သန်းနဲ့ ၂၈၆ မီတာအရှည် အကျယ် ၁၂ မီတာ ခံနိုင်ဝန် တန် ၆၀ ရှိတဲ့ သံကူကွန်ကရစ်တံတားကို သိန္နီ - ကွမ်းလုံ - ချင်းရွှေဟော်လမ်းရဲ့ မိုင်(၄၉/ ၆) အနီးမှာ ဆောက်လုပ်ဖို့ စီစဉ်ထားပြီး အင်ဂျင်နီယာ အကြိုလုပ်ငန်းတွေ စီစဉ်ထားရှိပါတယ်။

**မေး။ ။ ပြည်နယ်အစိုးရအနေနဲ့ အဘက်ဘက်က တိုးတက်အောင်ဆောင်ရွက်တဲ့နေရာမှာ ကုန်သွယ်မှုကဏ္ဍမှာ တိုးတက်မှုရခဲ့ပါသလား။**

ဖြေ။ ။ ကုန်သွယ်ရေးကဏ္ဍမှာ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ (၄)နှစ်တာကာလအတွင်း ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၂၁ ဘီလီယံ၊ သွင်းကုန်ပမာဏ အမေရိကန် ဒေါ်လာ ၅ ဒသမ ၉၅ ဘီလီယံ၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၁၆ ဘီလီယံကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

တာချီလိတ်ကုန်သွယ်ရေးစခန်းက (၄) နှစ်တာကာလအတွင်း ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၂၇၉ သန်း၊ သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၂၅၇ ဒသမ ၄၅၆ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၁၃ ဒသမ ၇၃၅ သန်းနဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ၊ သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၂၁၁ ဒသမ ၁၅၆ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**ကျေးလက် ရေပေးရေးလုပ်ငန်း ဆောင်ရွက်မှုအနေနဲ့ တွင်းတိမ် ၆၆ တွင်း၊ တွင်းနက် ၁၂၁ တွင်း၊ လက်တူးတွင်း ၂၁ တွင်း၊ မြေသား ရေကန် ၄၀၊ စိမ့်စမ်းရေ သွယ်ယူခြင်း ၉၃၉ ခုနဲ့ အခြားရေပေးရေးလုပ်ငန်း ၄၄၅ ခုတို့ကို ခွင့်ပြုငွေကျပ် ဘီလီယံ ၂၅၅၀ နဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**

**မေး။ ။ ရှမ်းပြည်နယ် ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းအတွက် ဆောင်ရွက်ခဲ့မှုတွေကို သိပါရစေ။**

ဖြေ။ ။ ရှမ်းပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ဆောင်ရွက်ချက်အနေနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် လန်ချန်မှ ဟဲဟိုးနဲ့ ထိုင်းနိုင်ငံ ချင်းရိုင်မှ ဟဲဟိုးသို့ လေကြောင်းလိုင်း တိုက်ရိုက်ပြေးဆွဲပြီး ခရီးသွားလုပ်ငန်း မြှင့်တင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့နဲ့ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း (ရှမ်းတောင်ဇုန်) အမှုဆောင်တွေဟာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၉ ရက်ကနေ ၂၀ ရက်အထိ ကျင်းပတဲ့ Fifth Yunnan China – Myanmar Cooperation Forum Tourism Officials and Tourism Enterprise Executives Exchange Program ကို တက်ရောက်ခဲ့ပါတယ်။

(၄) နှစ်တာကာလအတွင်း ဟိုတယ် /

အထူးကဏ္ဍ [ ဃ ] သို့ »»»



အင်းလေးဒေသရှိ ရှေးဟောင်းပစ္စည်းများရောင်းချသည့် နမ့်ပန်ဈေး၌ ကမ္ဘာ့လှည့်ခရီးသွားများ စိတ်ဝင်တစားကြည့်ရှုဝယ်ယူနေကြသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ဇေယျာ(မိုင်ရာ)



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံဝင်းအတွင်း၌ လူနာစောင့်များအပန်းဖြေနိုင်ရန် ပန်းခြံဆောက်လုပ်မည့်နေရာအား ကြည့်ရှုစစ်ဆေးစဉ်။

»»» အထူးကဏ္ဍ [ ၈ ] မှ

တည်းခိုရိပ်သာအလုံး ၃၈၀၊ ခရီးလှည့်လည်ရေးကုမ္ပဏီ ၁၀၀ နဲ့ ဧည့်လမ်းညွှန်လိုင်စင် ၁၃၀၃ ဦးကို ထုတ်ပေးနိုင်ခဲ့ပါတယ်။ ဟိုတယ်နဲ့ ခရီးသွားကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် သင်တန်း၊ အလုပ်ရုံ ဆွေးနွေးပွဲ ၁၆၉ ကြိမ် ဖွင့်လှစ်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း (CBT Pilot Project) ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာမှာ ရှမ်းပြည်နယ် တောင်ပိုင်း၊ အရှေ့ဘက်ခြမ်း တောင်တန်းပေါ်ရှိ ပအိုဝ်းကျေးရွာ လေးရွာကို ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။

ပအိုဝ်းဒေသ CBT လုပ်ငန်းဟာ ကာလတိုအတွင်း ၂၀၁၇ ခုနှစ် ASEAN TOURISM FORUM (ATF 2017) စင်ကာပူမှာ ဆုရရှိခဲ့ပြီး ၂၀၁၇ ခုနှစ် မတ်လမှာ ဘာလင်မြို့တွင် ကျင်းပတဲ့ ITB (Berlin) ခရီးသွားပြပွဲမှာ Winner Award ဆုရရှိခဲ့ပါတယ်။

ဒါ့အပြင် ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ စံကားအင်း(ညောင်ရွှေမြို့နယ်)၊ ဖယ်ခုံအင်း (ဖယ်ခုံမြို့နယ်)၊ ရွာငံ၊ ပင်းတယဒေသရှိ ရေဝင်ဂူ၊ ရေပြာအိုင်၊ တောကျယ်ရေတံခွန်၊ အရှေ့မြင်အနောက်မြင်တောင် (ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)၊ ရေးဟောင်းပြဒါးလင်းဂူ (ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်)၊ ကလောမြို့နယ် နန့်ပန်တက်ကျေးရွာအနီးရှိ ရှမ်းရိုးမဆင်စခန်း၊ ရွာငံမြို့နယ် မြို့ကြီးဆည်ခရီးစဉ်ဒေသသစ် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနဲ့ အခြားခရီးသွားလုပ်ငန်းဆိုင်ရာတွေ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာ တာချီလိတ် – မိုင်းဖြတ်– ထမ့်စွန်ဟိန်းဂူ – မိုင်းဖြတ် လမ်းကြောင်း၊ တာချီလိတ် – မိုင်းယောင်း – မိုင်းယုလမ်းကြောင်း၊ တာချီလိတ် – မိုင်းဆတ် – မိုင်းတုံလမ်းကြောင်း၊ တာချီလိတ် – ဝမ်ပုံ – ရွှေတြိဂံ ပါရာဒိုက် ဟိုတယ် – မိုင်းဖုန်းဆရာတော်လမ်းကြောင်း၊ တာချီလိတ် – တာလေ – ပါလျှိုကျိုင်းလပ် လမ်းကြောင်း၊ မဲခေါင်မြစ်ကြောင်းတစ်လျှောက် (ရွှေတြိဂံမှ ကျိုင်းလပ်မြို့အထိ) လမ်းကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ ဘန့်ဘွေးကျင်းရေတံခွန် (ကျောက်မဲခရိုင် နောင်ချိုမြို့နယ်အတွင်းရှိ ဘန့်ဘွေးကျင်းကျေးရွာအနီး)၊ လားရှိုး၊ သိန္နီ၊ ဟိုပန်၊ တန့်ယန်းမြို့နယ်တွေနဲ့ တိုင်းရင်းသားကျေးရွာတွေ၊ မိုးမိတ်ခရိုင်ရှိ ရွှေဥဒေါင်းတောင် တောရိုင်းတိရစ္ဆာန်တော၊ ကြိုးဝိုင်းသစ်တောနဲ့ ဆင်စခန်းတွေကို အသစ်ဖော်ထုတ် ဆောင်ရွက်ဖို့ စီစဉ်လျက်ရှိပါတယ်။

**မေး။ ။ ပြည်နယ်အတွင်း ကျန်းမာရေးဝန်ဆောင်မှု တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခဲ့မှုတွေကို ပြောပြပေးပါဦးရှင်။**

ဖြေ။ ။ (၄) နှစ်တာကာလအတွင်း ဆေးရုံ၊ ကျန်းမာရေးဌာနပေါင်း ၆၉ ခု တိုးတက်လာခဲ့ပြီး ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေး ဆရာမပေါင်း ၄၈၈၃ ဦးအထိ တိုးမြှင့်ခန့်ထားပေးနိုင်ခဲ့ပါတယ်။ အခမဲ့ကျန်းမာရေးကွင်းဆင်းကုသမှုအကြိမ် ၄၁၀ နဲ့ လူဦးရေ ၆၀၀၀၀ ကျော် ကုသဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

လူနာတွေ ဆေးရုံတက်ရောက်ကုသမှု လွယ်ကူချောမွေ့စေရေးအတွက် ခုတင် ၂၀၀ နဲ့ အထက် ဆေးရုံကြီးတွေဖြစ်တဲ့ တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီး၊ အမျိုးသမီးနဲ့ ကလေးဆေးရုံကြီး၊ လွိုင်လင် ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီးတွေမှာ Reception Center တွေ ဖွင့်လှစ်ပြီး ဆေးလူမှုဆက်ဆံရေး အရာရှိ/ ဆေးလူမှု ဆက်ဆံရေးမှူးတွေက ကူညီဆောင်ရွက်ပေးနိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီး ဓာတ်ရောင်ခြည်ကုသဌာနမှာ Cobalt 60 Machine ကို ပညာရှင်တွေမှ ရောက်ရှိတပ်ဆင်ပြီး ဖြစ်ပါတယ်။

MRI 1.5 Tesla (GE– Signa Explorel) ရောဂါရှာဖွေရေးစက်နဲ့ ၂၀၁၆ ခုနှစ် ဇွန်လမှစတင်ပြီး ရောဂါရှာဖွေကုသပေးလျက်ရှိပါတယ်။ ကျောက်ကပ်ဝေဒနာရှင်တွေအတွက် H.D Machine စက်တပ်ဆင်ပြီး ကျောက်ကပ်သန့်စင်ခြင်းလုပ်ငန်းကို ၂၀၁၆ ခုနှစ် မေလကစတင်ပြီး ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လွိုင်လင်ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီးမှာ CT Machine အတွက် အဆောက်အအုံဆောက်လုပ်ပြီး စက်တပ်ဆင်နိုင်ခဲ့၍ တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးကို ခုတင် (၅၀၀) ဆံ့ ဆေးရုံကြီးအဖြစ် တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပါတယ်။

**မေး။ ။ ပြည်နယ်အတွင်း လူမှုထောက်ပံ့ရေး အစီအစဉ် ဆောင်ရွက်မှုတွေကိုလည်း သိပါရစေ။**

ဖြေ။ ။ ပြည်နယ်လူမှုဝန်ထမ်း ဦးစီးဌာနအနေနဲ့ (၄) နှစ်တာကာလအတွင်း လူငယ်ပရဟိတ ဂေဟာတွေ၊ ဘိုးဘွားရိပ်သာတွေ၊ မင်္ဂလာဦးလူငယ်ရိပ်သာနဲ့ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းတွေကို စုစုပေါင်း ငွေကျပ် ၃၃၁ ဒသမ ၅ သန်း ထောက်ပံ့ပေးအပ်နိုင်ခဲ့ပါတယ်။

ပြည်နယ်အတွက် စွမ်းစွမ်းတမံ လုပ်ငန်းတွေ ဆောင်ရွက်ခဲ့တဲ့သူတွေကို ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နဲ့ ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ ဥပဒေပါ သတ်မှတ်ချက်တွေနဲ့ ကိုက်ညီတဲ့ သံဃာတော်၊ လူပုဂ္ဂိုလ်နဲ့ အဖွဲ့အစည်းတွေက ၁၃၈ ဦးကို ဆုချီးမြှင့်နိုင်ခဲ့ပါတယ်။

၂၀၂၀ ပြည့်နှစ်အတွက် သံဃာတော်၊ လူပုဂ္ဂိုလ်နဲ့ အဖွဲ့အစည်းတွေက ၃၈ ဦးကို ဆုချီးမြှင့်နိုင်ရေး စီစဉ်ဆောင်ရွက်ထားပါတယ်။ ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နဲ့ ဂုဏ်ထူးဆောင်ဆုပစ္စည်းတွေ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ နည်းဥပဒေတွေကိုပြင်ဆင်တဲ့ ဥပဒေနဲ့အညီ ယခုနှစ်မှစတင်ပြီး ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နဲ့ ဂုဏ်ထူးဆောင်ဆုပစ္စည်းနဲ့ သက်ဆိုင်တဲ့ကဏ္ဍတစ်ခုထက်ပိုပြီး ထူးချွန်စွာ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သူ၊ ပြည်နယ်ရဲ့ ဂုဏ်မြှင့်တက်စေဖို့ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သူတွေကို ပင်လုံဂုဏ်ရည် ဆုချီးမြှင့်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ (၄) နှစ်တာကာလအတွင်း ရှမ်းပြည်နယ်အတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍတွေ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။



ဟဲဟိုးမြို့ ဓာတ်အားခွဲစက်ရုံကို တွေ့ရစဉ်။


# မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ အထူးကဏ္ဍ

မေ ၁၇၊ ၂၀၂၀
(တနင်္ဂနွေနေ့)


ဝတ္ထုတို


■ ခင်မောင်ရွှေ(ရွှေလုံ)

( ၁ )

အဖေရှိစဉ်ကတည်းက အဖေ့လုပ်အားလေးနဲ့ အမေနဲ့အတူ သားအမိနှစ်ယောက် အိမ်ဆိုင်ကလေးဖွင့်လို့ ဈေးအတူရောင်းခဲ့တယ်။

အဖေ ဆုံးပါးပြီးနောက်ပိုင်းမှာလည်း ဒီဈေးဆိုင်လေးကို အမှီပြုရင်း သားအမိနှစ်ယောက်ရဲ့ ဝမ်းရေးကို ရုန်းကန်ခဲ့ရတာပေါ့။ သိတယ်မဟုတ်လား။ တောမကျ၊ မြို့မကျ ကျွန်တော်တို့ရွာလေးက ဈေးကတော့ အနည်းနဲ့ အများ ရောင်းရတယ်။ ဒါပေမယ့် အကြွေးကျတာများတယ်။ ရပ်ဆွေရပ်မျိုးတွေဖြစ်ပြန်တော့ အကြွေး မပေးလည်း မရဘူး။ ပေးနေရတာပဲ။

"အမေရယ်၊ ရွာထဲ ဒီလောက် အကြွေးကျနေတာ၊ ဈေးဆိုင်လေး ဖြုတ်လိုက်ပါအမေရယ်"

အမေက ဈေးဆိုင်လေး ဖြုတ်လိုက်ဆိုတော့ မျက်နှာငယ်သွားတယ်။

"သားရယ် မင်းအဖေလက်ငုတ်လေး၊ မင်းအဖေရှိကတည်းက ဖွင့်လာတဲ့ဆိုင်လေးကို အမေမပိတ်ချင်ဘူးသား၊ ဆိုင်မရှိတော့ အမေတို့ ဘာနဲ့လုပ်စားမှာလဲ သား "

အမေ့ကိုကြည့်ပြီး ကျွန်တော် အတော်လေး တွေဝေသွားတယ်။ အဲဒီနောက် ကျွန်တော့်အတွေးထဲ အကြံတစ်ခု တိုးဝင်လာတယ်။

"အမေ... သား မလေးရှားကို အလုပ်သွားလုပ်မယ်လေ"

"ဘယ်ကငွေနဲ့ သွားမှာလဲ သားရယ်၊ အမေနဲ့သား နှစ်ယောက်တည်းရှိတာ၊ အမေသားကို ခွဲမနေနိုင်ပါဘူး သားရယ် ..."

အမေ့မျက်ဝန်းအစုံက မျက်ရည်ဥလေးတွေကတွဲခိုလို့ အမေ့ပါးထက် စီးကျလာတယ်။ အမေ့မျက်နှာကို ကြည့်ရင်း ကျွန်တော့်ရင်ထဲ လှိုက်ခနဲ မောသွားမိတယ်။ ကျွန်တော့်မျက်ဝန်းမှာလည်း မျက်ရည်ကြည်တွေ တိုးဝေ့လာပါရော။

"အမေရယ် ဒီအတိုင်းနေလို့ကတော့ သားတို့ဘဝလေးက ဒီအတိုင်း မိုးမလုံလေမလုံနဲ့ နေသွားရမှာပေါ့ အမေ၊ နိုင်ငံခြားသွားလုပ်မှ သားတို့ဘဝလေး ပြောင်းသွားမှာ အမေ"

အမေက ကျွန်တော့်ကို ငေးကြည့်နေပြီး ခွဲခွာလို့ နှစ်ရှည်လများ နေရမယ့်ရက်တွေကို လက်ချိုးရေကာ ငေးမောလို့ ကြည့်နေတယ်။

ဒါနဲ့ပဲ အမေ့ကို မရရအောင်တိုင်ပင်ပြီး အမေ့ခြံလေးကို ပေါင်နှံကာ ပွဲစားအချို့နဲ့ ဆက်သွယ်ပြီး မလေးရှားကိုသွားဖို့ ပြင်လိုက်တော့တယ်။

ဟိုရောက်လို့ အလုပ်ရတဲ့အခါ အမေ့ဆီ တစ်လတစ်ခါငွေပို့ပြီး ခြံကိုလည်း ပြန်ရွေးပေးပါ့မယ်လို့ ကတိပေးခဲ့တယ်။

( ၂ )

မလေးရှားသွားမယ့်နေ့က အမေ့ကို ကန်တော့ရင်း မျက်ရည်ကျမိတယ်။ အမေကတော့ မခွဲချင်မခွာချင်နဲ့ ကျွန်တော်သွားတော့မယ်ဆိုတော့ အိမ်ပေါက်ဝအထိ လိုက်ပို့ရှာတယ်။ အမေ့ပါးပေါ်က ကျလာတဲ့ မျက်ရည်စက်လေးတွေက အဓိပ္ပာယ်နက်ရှိုင်းစွာ စီးဆင်းနေတယ်။ ကျွန်တော် အမေ့ကို ဝမ်းရေးကြောင့်ခွဲရပေမယ့်အမေ့ကိုတင့်တောင်းတင့်တယ်ထားချင်မိတဲ့ဆန္ဒတွေက အပြည့်အဝရှိလို့နေတယ်။

ကျွန်တော်တို့ မလေးရှားကိုသွားတော့ ထိုင်းကနေတစ်ဆင့်ကူး၊ ကားတစ်တန် လှေတစ်တန်နဲ့ သွားရတယ်။ ပွဲစားတွေရဲ့ လှည့်စားချက်နဲ့ ကုန်းလမ်းကနေ ခိုးဝင်ရတယ်။ အဲဒီနောက် ထိုင်းအကျဉ်းထောင်မှာ တစ်ညအဖမ်းခံပြီး မနက်လင်းမှ ကားတစ်စီးနဲ့ ကျွန်တော်တို့အဖွဲ့ကို လာခေါ်ကြတယ်။ ကားကြီးက ကွန်တိန်နာကားကြီး။ ကျွန်တော်အပါအဝင် တခြားဘဝတူတွေလည်း ကားကြီးပေါ် စုပြုံတက်ပြီး မွန်းကျပ်စွာ နေခဲ့ရတယ်။ လေဝင်ပေါက်နည်းနည်းသာရှိတဲ့ ကားကြီးနဲ့အတူ လိုက်ပါရင်း ဘယ်နေရာ၊ ဘယ်ဒေသ ရောက်မှန်းမသိရပေ။

နိုင်ငံခြားကိုထွက်လာတဲ့လူတွေ အားလုံးနဲ့အတူ ကျွန်တော်တို့ တောထဲမှာ အစာရေစာငတ် နေခဲ့ရတယ်။ ကျွန်တော် တွေးမိလိုက်တယ်။ အမေ့စကားနားမထောင်လို့ အခုလို အဖြစ်ဆိုးနဲ့ ကြုံနေရပြီဆိုတာကို တစ်ချက်တော့တွေးမိလိုက်ပါတယ်။

အဲဒီလိုအချိန်မှာ အမေ့ကို လွမ်းရင်း တစ်ချက်တစ်ချက် ရှိုက်ကာငင်ကာ ငိုနေမိတာ လူမသိသူမသိပါပဲ။

မလေးရှားနယ်စပ် ရောက်တော့ နောက်ထပ်ကားတစ်စီး ပြောင်းစီးရပြန်တယ်။ တဖြည်းဖြည်းနဲ့ ခရီးကနက်လာတော့ ကျွန်တော်တို့ကွန်တိန်နာကားကြီးဟာ စက်ရုံတစ်ခုအတွင်းမှာ ထိုးဆိုက်သွားတယ်။ အဲဒီအခါ အောက်ဆီဂျင်အားနည်းသူတွေ၊ အမောဖောက်သူတွေ ရှိလာကြတယ်။ ကျွန်တော်ကတော့ ကိုယ့်စိတ်ကိုအားတင်းပြီး ဘဝကိုကြံ့ကြံ့ခံလို့ အလုပ်ကိုကြိုးစားလုပ်မယ်ဆိုတဲ့ သတ္တိကို ထပ်မွေးပါတယ်။

တစ်ပတ်လောက်နားပြီးတော့ သူတို့စကားလည်း ကိုယ်နားမလည်၊ ကိုယ့်စကားလည်း သူတို့နားမလည်ဆိုတော့ အလုပ်ကို ကြိုးစားလုပ်ကိုင်ပေမယ့် လုပ်ခလစာကိုတော့ အပြည့်အဝမရ။ ဒီလို ဒုက္ခ၊ သုက္ခ စားဝတ်နေရေးကအစ အဆင်မပြေမှုတွေနဲ့တွေ့တိုင်း အမေ့ကိုသတိရလို့ ညတိုင်းလိုလို တမ်းတမိတယ်။ အမေ့ကို သုံးလပြည့်လို့မှ ငွေကို ပုံမှန်မပေးနိုင်တဲ့ ဘဝလေးကို တစ်ခါတလေ စိတ်နာလာမိတယ်။ အခုလောက်ဆို အမေ တစ်ယောက်လည်း ဘယ်လိုရုန်းကန်နေရှာမလဲလို့တွေးရင်း အိမ်ပြန်ချင်စိတ်တွေက တဖွားဖွားဖြစ်လာတယ်။ ဒါပေမယ့် အခုလက်ရှိဘဝက လှောင်အိမ်ထဲ ပိတ်မိနေတဲ့ ငှက်တစ်ကောင်လို ဘဝပါပဲ။

( ၃ )

အလုပ်ကို ပင်ပန်းစွာနဲ့လုပ်ရပေမယ့် မသမာသူတွေရဲ့ ခေါင်းပုံဖြတ်မှုအောက်မှာ ကိုယ့်ဘဝကိုယ် အမြဲတမ်းနာကျင်နေမိတယ်။ အခုဆို အမေဘယ်လိုနေလဲဆိုတဲ့ သတင်းစကားလေးတောင် မသိရ။ ကိုယ့်ရွာမှာ ငတ်ငတ်ပြတ်ပြတ်နဲ့ အမေနဲ့အတူနေရတာမှ အိမ်ခေါင်မိုးမလုံပေမယ့် ဒီနေရာမလုံရင် တခြားနေရာလေး ပြောင်းနေလို့ ရသေးတယ်။ အလုပ်ကို မလုပ်ချင်ရင် အမေ သားခဏနားဦးမယ်လို့ ပြောရင်ရသေးတယ်။ အခုတော့ အထင်ကြီးမိတဲ့ နိုင်ငံခြားမှာ သွားချင်တိုင်းမသွားရ၊ စားချင်တိုင်း မစားရ၊ နေချင်သလိုမနေရတဲ့လောကမှာ အမှားကြီးမှားခဲ့ပြီလို့ တွေးတွေးပြီး အမေ့ကိုသာ သတိရနေမိတယ်။ အလုပ်ကို ခိုင်းတော့ မနက်ရှစ်နာရီကနေ ညရှစ်နာရီအထိ။ အချိန်ပိုလေး လုပ်ပေးရလို့ငွေကလေး ပိုမျှော်မိပါရဲ့။ ဒါပေမယ့် အလုပ်သမားခေါင်းရဲ့ ခေါင်းပုံဖြတ်မှုကို မတရားခံနေရတော့တာ။ နိုင်ငံခြားဆိုတာ ရရစားစား၊ ဝါးဝါးမျိုမျိုပါပဲ။ အခုတော့ နိုင်ငံခြားဆိုတာကို အထင်ကြီးမိတာ မှားလေးစွလို့ ညတိုင်းတွေးမိတယ်။

ရက်၊ လတွေ အလီလီပြောင်းပေမယ့် ပြန်ဖို့ ငါးနှစ်ဆိုတဲ့ စာချုပ်ပြည့်တဲ့အခါ အောက်လမ်းကဝင်လာတဲ့ ကျွန်တော်တို့အဖွဲ့တွေ ပြန်ရတော့မယ်။ ပြန်လာပေမယ့် အပြန်ခရီးကတော့ ဘယ်လိုမှ မလှပခဲ့။ လာတုန်းက အတိုင်းပဲ။ ထိုင်းဘက်ကူး၊ ထိုင်းမှာ တစ်ရက်အချုပ်ခန်းမှာနေပြီး ကိုယ်သွားလိုတဲ့နေရာကို ပြန်လာရတော့တယ်။

( ၄ )

အမိမြေကိုရောက်တော့ ဘာမှမပါပေမယ့် အမေ့ကိုတွေ့ရတော့မယ်ဆိုတဲ့ အတွေးစလေးတွေနဲ့အတူ အပျော်ကြီးပျော်ခဲ့မိတယ်။ အိမ်ခြံမြေနေရာလေး မရွေးနိုင်တာကို တွေးပြီး စိတ်မကောင်းမိပေမယ့် ကိုယ့်ပြည်ကိုယ့်မြေကို ပြန်ရောက်လာတာမို့ နွေးထွေးသလို ခံစားရတယ်။ ကျွန်တော် ရွာကိုစဝင်တော့ ရွာကလူတွေက သူစိမ်းဆန်ဆန် အကြည့်တွေနဲ့အတူ ကျွန်တော့်ကို ကြည့်နေကြတယ်။ အိမ်ခြံရှေ့ ပြန်ရောက်တော့ အမေ့အိမ်လေးက ကြိုမယ့်သူမရှိ။ အိမ်ကလေးဟာ ယိုင်နဲ့နေပြီး ခြောက်သွေ့နေတယ်။ သိမ်ငယ်စိတ်တွေနဲ့အတူ အိမ်အတွင်းကို ခြေလှမ်းတွေ အမြန်လှမ်းလာခဲ့တယ်။ အိမ်တံခါးကလည်း ပိတ်ထားလေရဲ့။

ဒီအချိန်မှာ ကျွန်တော် ပထမဆုံး မြင်တွေ့ချင်ခဲ့သူဟာ အမေပါ။ ဒါပေမယ့် အရင်ဆုံး တွေ့ရတာက အိမ်ဘေးနားက ဒေါ်ဘုမနဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ စာရွက်ဖိုင်ကလေး ကိုင်လို့ ကျွန်တော်ရှိရာ အမေ့အိမ်ကလေးဆီကို ဝင်လာတာ အရင်မြင်လိုက်ရတယ်။

"ရော့ ငါ့တူ၊ ဒါ မင်းအမေ ပေးခိုင်းထားခဲ့တာ၊ စာချုပ်စာတမ်းတွေ"

"အမေ ... အမေ ဘယ်သွားလို့လဲ ဒေါ်ဘုမ"

ဒေါ်ဘုမ မျက်နှာမှာ မျက်ရည်တွေ အဝိုင်းသားနဲ့။ ရပ်ကွက်လူကြီးကလည်း မျက်နှာမကောင်းပေ။ ကျွန်တော့်ကို ပြောဖို့ သူတို့ အားယူနေပုံရတယ်။

"ငါ့တူရယ် ခဏနားလိုက်ပါဦး၊ ရော့ ရေလေးသောက်လိုက်"

ကျွန်တော်လည်း ဒေါ်ဘုမဆီက စကားကို အလွန်ကြားချင်နေတယ်။ ထစ်အနေတဲ့ ဒေါ်ဘုမအသံတွေက ကျွန်တော့်အတွက် မယုံနိုင်လောက်အောင်ကို ထူးခြားနေတယ်။ ဒေါ်ဘုမ ခပ်လာတဲ့ ရေကို မော့သောက်လိုက်ပြီး

" ဒေါ်ဘုမ အမေဘယ်သွားလဲ ပြောပါဗျာ"

" စိတ်တော့ ခိုင်ခိုင်ထား ငါ့တူရယ်၊ မင်းအမေက မင်းမရှိတော့ မင်းပေါင်သွားတဲ့ ခြံဝင်းလေးကို ပြန်ရွေးနိုင်ဖို့ နေ့မအား၊ ညမနား ရွာတကာလှည့်ပြီး ဈေးရောင်းတယ်။ မင်းအဖေလက်ထက်ကတည်းက ဒီအမွေလေးကိုလည်း မင်းကို သူဘာမှမပေးနိုင်လို့ သူပေးခဲ့ချင်တယ်။ အဲဒီလို ကြိုးစားလုပ်ပြီး ဒီအိမ်လေးကို မင်းအတွက် သူ့လုပ်အားခလေး စုပြီး ရွေးပေးခဲ့တယ်။ အခုတော့ မင်းအမေ လူ့လောကကြီးထဲက အပြီးပိုင် ထွက်သွားပြီ ငါ့တူရယ်"

ကျွန်တော့်ရင်ထဲနင့်နေအောင် ခံစားလိုက်ရတယ်။ အမေမရှိတဲ့ ကျွန်တော့်ဘဝဟာ ဘာမှ အဓိပ္ပာယ်မရှိသလို ခံစားလိုက်ရတယ်။ အမေ့အတွက် ဝယ်လာတဲ့ အစားသောက်တွေကလည်း ဘာအရသာမှ မရှိတော့ပေ။

အမေ ... အမေ။ သားအတွက်ဆို ဘယ်လောက် ကြမ်းတမ်းနေပါစေ။ အမေ့ဘဝကို ဘယ်လိုဖြစ်နေပါစေ။ ပြန်လာရင် ငါ့သားလေး နေစရာမရှိရင် မျက်နှာငယ်ရမှာကိုတွေးပြီး သားအတွက် အရာရာကို ပေးဆပ်သွားပြီပေါ့။ အခုတော့ အမေဟာ ပြာလွဲ့လွဲ့ ကောင်းကင်ကြီးရဲ့အထက်ကနေ သားကို လွမ်းနေမလား။ သားလည်း အမေ့ကိုတော့ နေ့စဉ်နဲ့အမျှ လွမ်းနေပါတယ် အမေရယ်။

အမေ့အပေါ် တာဝန်မကျေခဲ့တဲ့ ကျွန်တော့်အပြစ်တွေအတွက် အမေ့အတွက် ကုသိုလ်တွေ လုပ်ပေးရင်း "အမေ ကောင်းရာသုဂတိလားပါစေ"လို့ ဆုတောင်းနေမိတော့တယ်။

## မျိုးဆက်သစ်ရင်ပြင်
## လူငယ်ကလောင်ရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် ***မျိုးဆက်သစ်ရင်ပြင်*** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် နှစ်သက်ရာဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

***မျိုးဆက်သစ်ရင်ပြင်*** သို့ ပေးပို့ပြီးစာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ဖော်ပြရွေးချယ်ခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

ဆောင်းပါး

# စံပယ်ဖြူလေးများ အချိန်မီ ပွင့်ဖို့ဆိုလျှင်ဖြင့်

■ မောင်နွေလွမ်း(ကချင်မြေ)

ကျွန်တော်တို့ခြံတွင်းရှိ စံပယ်ရုံမှ ငွေစံပယ်ဖူးလေးများမှာ မြစိမ်းရွက်တို့ကြားမှတိုးထွက်ကာ ပွင့်အာဖို့တာစူနေကြပြီဖြစ်သည်။

မကြာခင် ကျွန်တော်တို့ ခြံတွင်းတွင် စံပယ်ပန်းလေးများဖြင့် လှပဝေဆာနေပေဦးတော့မည်။

စံပယ်ပန်းလေးများမှာ သူ့ရာသီရောက်လျှင် ပုံမှန်အတိုင်းပွင့်လာကြမြဲ။

သင်းပျံ့သောရနံ့ကို ယူဆောင်လာကြမြဲ။ သူတို့အဆင်း သူတို့ရနံ့တို့ဖြင့် ပတ်ဝန်းကျင်ကို အလှဆင်ကြမြဲ။ ထိုအခါ စံပယ်ပန်းကလေးများကြောင့် ကျွန်တော်တို့ပတ်ဝန်းကျင်သည်လည်း သာယာလှပစမြဲဖြစ်သည်။

စံပယ်ပန်းလေးများကဲ့သို့ နှစ်စဉ်ဖွန်လထဲသို့ ချဉ်းနင်းဝင်ရောက်ပြီဆိုသည်နှင့် လောကကိုအလှဆင်ကြသူများလည်းရှိသေးသည်။ မြို့တိုင်း ရွာတိုင်းမှာ သူတို့ကိုမြင်တွေ့ရသည်။ သူတို့၏အလှမှာ နံနက်ခင်းနေခြည်နုနုအောက်တွင် ကျက်သရေရှိလှပါပေသည်။ တင့်တယ်လှပါပေသည်။ ထိုမြင်ကွင်းမျိုးမှာ မည်သည့်အခါမျှ ရိုးနိုင်မည်မထင်ပါ။ ထိုသူတို့မှာ တခြားမဟုတ်ကြပါ။

ကျောင်းစိမ်းထဘီ၊ အင်္ကျီဖြူများနှင့် လန်းဆန်းတက်ကြွစွာလှုပ်ရှားနေကြသည့် ကျွန်တော်တို့ပတ်ဝန်းကျင်ကို အလှဆင်ကြမည့် ကျောင်းသား ကျောင်းသူလေးများပင်ဖြစ်ပါသည်။

ယခုအခါ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ရောဂါကြောင့် ကျောင်းဖွင့်ရက်မှာ မသေမချာမရေရာသေးသော အခြေအနေဖြစ်နေသည်။ ကိုရိုနာဗိုင်းရပ်စ်ပိုးတွေ့ရှိသည့်သူ အရေအတွက် တစ်နေ့တခြား လျော့ပါးပျောက်ကွယ်သွားရန် ဆုတောင်းနေကြရသည်။ သို့သော် ဆုတောင်းနေရုံမျှဖြင့် ကိုရိုနာဗိုင်းရပ်စ်ပိုးမှာ ပျောက်ကွယ်မသွားနိုင်ပါ။ လူတစ်ဦးချင်းမှသည် လူတိုင်းလူတိုင်း ကျန်းမာရေးဌာနက ထုတ်ပြန်ထားသော လက်ဆေးခြင်း၊ အပြင်ထွက်လျှင် မက်စ်တပ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊ စတေးဟုမ်းနေထိုင်ခြင်း စသည့်အခြေခံအချက်များကို လိုက်နာဆောင်ရွက်သင့်ကြပေသည်။ သို့မှသာ ကျွန်တော်တို့နိုင်ငံမှ ကိုရိုနာဗိုင်းရပ်စ်ပိုးမှာ လျင်မြန်စွာ ပျောက်ကွယ်သွားနိုင်ပေမည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် မဖြစ်မနေလုပ်ဆောင်ရမည့်အချက်များအား အားကစားနှင့် ကျန်းမာရေး ဝန်ကြီးဌာနက ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ အတတ်နိုင်ဆုံး မိမိအိမ်ထဲမှာ နေကြရန်၊ မဖြစ်မနေအပြင်ထွက်မည်ဆိုလျှင် မက်စ်တပ်ကြရန်၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေခွာနေကြရန် စနစ်တကျလက်ဆေးကြရန် စသည်ဖြင့် တစ်ဦးတစ်ယောက်ချင်းစီမဖြစ်မနေ လိုက်နာဆောင်ရွက်ကြရန် နှိုးဆော်ထားပါသည်။ အမှန်တကယ်လည်း ကိုယ့်အသိစိတ်နဲ့ကိုယ် လေးလေးစားစားနှင့် ဂရုတစိုက်လုပ်ဆောင်သင့်ကြပါသည်။ မက်စ်တပ်ခြင်းအားဖြင့် မိမိကိုယ်ကိုကာကွယ်ရာရောက်သကဲ့သို့ ကိုယ့်ဆီမှာရောဂါပိုးရှိခဲ့လျှင်လည်း တခြားသူများထံ မကူးစက်နိုင်ပေ။ ထို့ကြောင့် တခြားတစ်ယောက်အတွက် စောင့်ရှောက်ထားပြီးသားလည်းဖြစ်ပါသည်။

ဆိုခဲ့သည့်အချက်များအား လေးလေးစားစားလိုက်နာဆောင်ရွက်ကြမည်ဆိုလျှင် ကိုဗစ်-၁၉ ရန်ကို ကျွန်တော်တို့ အမြန်ဆုံး တွန်းလှန်နိုင်မည်ဖြစ်ပါသည်။ ထိုအချက်များအား တစ်ဦးတစ်ယောက်တည်း လုပ်နေလို့မရပါ။ နိုင်ငံသားအားလုံးက လေးလေးစားစားနှင့် ဂရုတစိုက်လုပ်ဆောင်ကြမှသာလျှင် အောင်မြင်နိုင်ပေမည်။ ထိုသို့မဟုတ်ဘဲ လျော့တိလျော့ရဲလုပ်နေကြမည်ဆိုလျှင် ကျွန်တော်တို့၏ လူမှုဘဝများလည်း ကျဉ်းကျပ်နေရဦးမည်ဖြစ်ပါသည်။ စိုးရိမ်သောက ပွားနေရဦးမည်ဖြစ်ပါသည်။ အသွားအလာကန့်သတ်ရက်များ ရှည်ကြာလာသည်နှင့်အမျှ စက်ရုံ၊ အလုပ်ရုံများပြန်ဖွင့်ရန်၊ ဈေးများပြန်ဖွင့်ရန် ဝေးနေဦးမည် ဖြစ်ပါသည်။ ပုံမှန်အတိုင်း ကျောင်းပြန်ဖွင့်ရမည့်ရက်များ ဝေးနေဦးမည်ဖြစ်ပါသည်။

ယခုအခါ ရက်ကြာလာသည်နှင့်အမျှ မက်စ်တပ်ကြသူများ လျော့ရဲလာနေသည်ကို တွေ့နေရပါသည်။ "ပူကပူအိုက်ကအိုက်နဲ့ မတပ်ချင်ပါဘူး" ဆိုသူက ဆိုကြသည်။ အသက်ရှူမဝလို့ဆိုပြီး မေးသိုင်းထားသူများလည်း တွေ့မြင်နေရပါသည်။ လူတိုင်းလိုလို လွတ်လွတ်လပ်လပ်နေချင်ကြသည်မှာ ပြောစရာမလိုပေ။ သို့သော်လည်း အသက်ဉာဏ်စောင့်ဟု ဆိုသည်မဟုတ်ပါလား။ အသိတရားနှင့် သတိထား ဆင်ခြင်သင့်လှပေသည်။ အကြံတစ်ခုပေးလိုသည်မှာ ကိုယ်မတ်စ်တပ်ရမှာပျင်းတိုင်း ကျန်းမာရေးဝန်ထမ်း ဆရာ ဆရာမများအား သတိရလိုက်ပါ။ သူတို့မှာ မက်စ်တပ်ထားတာသည်နှင့်ပင် မလုံလောက်ပါဘူး။ ပူအိုက်ပေမယ့် ရောဂါကာကွယ်ရေးဝတ်စုံကြီးများပါ ဝတ်ထားကြရပါသည်။ ရောဂါပိုးတွေ့ရှိထားသူများနှင့် ကိုယ်ထိလက်ရောက်ကိုင်တွယ် ပြုစုနေကြရပါသည်။ ထိုသူများအား ကျွန်တော်တို့ အားနာသင့်ကြပါသည်။ ထို့ကြောင့် ကိုယ့်မှာ သည်မက်စ်တပ်တာလေးလောက်ကို ငြင်းဆန်နေရန်မသင့်ပါ။ သို့အတွက်ကြောင့်လည်း ကိုယ့်ကိုယ်ကိုယ်ချစ်သည်ဆိုလျှင် ကိုယ့်မိသားစုကိုချစ်သည်ဆိုလျှင် မက်စ်ကိုမဖြစ်မနေတပ်သင့်ကြပါသည်။

ယနေ့ကမ္ဘာမှာ ကိုဗစ် -၁၉ ရောဂါပိုး စတင်ဖြစ်ပွားခဲ့ရာ တရုတ်နိုင်ငံ ဝူဟန်မြို့မှ မြို့သူ မြို့သားများ အလုပ်ပြန်ဝင်နေကြပါပြီ။ ကျောင်းသား ကျောင်းသူများလည်း စည်းကမ်းတကျ ကျောင်းပြန်တက်နေကြပါပြီ။ တောင်ကိုရီးယားနိုင်ငံမှာလည်း လုပ်ငန်းများ ပြန်လည်စတင်နေကြပြီဖြစ်သည်။ ထိုကဲ့သို့ ကိုဗစ်-၁၉ ရောဂါဆိုးမှ မြန်မြန်ဆန်ဆန်ရုန်းထွက်လာနိုင်ကြသည်မှာ လူတစ်ဦးချင်းစီ အသိရှိရှိနှင့် စည်းကမ်းလိုက်နာကြသောကြောင့် ဖြစ်ပါသည်။ အာရှတွင် တရုတ်နိုင်ငံပြီးလျှင် တောင်ကိုရီးယားနိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှု အများဆုံးနိုင်ငံဖြစ်သည်။ ဖေဖော်ဝါရီလကုန်ပိုင်း၌ တစ်ရက်လျှင် လူပေါင်း ၉၀၀ ကျော် ကူးစက်ခံခဲ့ရသည်။ သို့သော်လည်း ရက်အနည်းငယ်အတွင်း တစ်ရက်လျှင် လူပေါင်း ၁၀၀ အောက်ရောက်အောင် ပြုလုပ်နိုင်ခဲ့ပါသည်။ "ဘယ်လိုနည်းစနစ်တွေကြောင့် ဒီလောက်မြန်မြန်ဆန်ဆန် ထိန်းချုပ်နိုင်ခဲ့တာလဲ"ဟု ဘီဘီစီအကြီးတန်းသတင်းထောက် စောရန်နိုင်မေးမြန်းရာမှာ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး မစ္စတာလီဆန်းဟွာက "Social Distancing နဲ့ နိုင်ငံသားများရဲ့ ဆန္ဒအလျောက်ပါဝင်မှုမြင့်မားလို့"ဟု ဖြေကြားခဲ့ပါသည်။ တကယ့်ကိုလေးစားအတုယူစရာ ကောင်းလှပါသည်။

ပြန်ချုပ်၍ပြောရပါလျှင် "မက်စ်တပ်ရမှာ ပျင်းလေလေ ရောဂါပျံ့ပွားနိုင်လေလေ၊ မလိုအပ်ဘဲ အပြင်ခဏခဏထွက်လေလေ စတေးဟုမ်းနေရမယ့်ရက် ကြာကြာနေရလေ၊ လက်ဆေးရမှာပျင်းလေလေ ကိုယ့်မိသားစု ကိုဗစ်-၁၉ ရန်နဲ့ နီးကပ်လေလေ" ဖြစ်နေမှာပါပဲ။ ထို့ကြောင့် ဇွန်လဆန်းသည်နှင့် ခေါင်းလောင်းသံများ ကြားရစေရန်၊ စံပယ်ပွင့်လေးများ အချိန်မီ ပွင့်လန်းခွင့်ရကြစေရန် ကျွန်တော်တို့အားလုံး မက်စ်တပ်ကြရမည်။ ခပ်ခွာခွာနေကြရမည်။ စတေးဟုမ်းနေကြရမည်။ တစ်ခုခုကိုင်တွယ်ပြီးတိုင်း လက်ကိုစနစ်တကျဆေးကြရမည်။ ထိုသို့ စည်းကမ်းတကျ ပြုမူနေထိုင်ကြမည်ဆိုပါလျှင် ကျွန်တော်တို့ပတ်ဝန်းကျင်တွင် စံပယ်ပွင့်လေးများ ရာသီကိုက်ဖူးပွင့်ခွင့် ရနိုင်ပေလိမ့်မည်။

■ ရှိုင်းဝေအောင်

# အလေ့အကျင့်ကောင်းလေး ဖန်တီးပါ

စာအုပ်စာပေဆိုတာ ဝါသနာပါမှ ဖတ်လို့ရတာ မဟုတ်ပါဘူး။ စာဖတ်ဝါသနာပါဖို့အတွက်ဆိုတာ လေ့ကျင့်ပြီး လုပ်ယူလို့လည်း ရနိုင်ပါတယ်။ ဘယ်လိုလုပ်ယူမလဲ။

**(၁) အလေ့အကျင့်လုပ်ဆောင်ရမယ်**

စာအုပ်စာပေ ဖတ်ရှုလေ့လာသင့်တယ်ဆိုတာ လူတိုင်းသိထားကြတယ်။ သို့ပေမယ့် လူတိုင်းမဖတ်ကြဘူး။ အကြောင်းကတော့ ဖတ်လေ့ဖတ်ကျင့် မရှိတာနဲ့လည်း ဆိုင်ပြန်တယ်။ ယနေ့လို တိုးတက်နေတဲ့ ခေတ်ကြီးမှာ စာဖတ်ကျင့်မရှိသေးတဲ့ လူတစ်ယောက်ကို လေ့ကျင့်ဖို့ရာဟာလည်း ခက်တော့အခက်သား။ စာဖတ်ရမှာကို အပိုအလုပ်တစ်ခုလို့ ထင်မြင်လာကြတယ်။ ဒီလိုစိတ်မျိုးတွေကို ကျွန်တော်တို့ အဝေးကို လွှင့်ပစ်ရမယ်။ ဘယ်လိုအရာမဆို အလေ့အကျင့်ရှိဖို့က အဓိကပါ။ စာအုပ်တွေ ဖတ်ရင်းကနေ ကိုယ်ဖြစ်ချင်တာတွေအတွက် အားထုတ်လို့ရပါတယ်။ ကျွန်တော်တို့ သိပ်သဘောကျရတဲ့ လူရွှင်တော်ကြီး ဦးမိုးဒီဟာ အားသည်ဖြစ်စေ၊ မအားသည်ဖြစ်စေ တစ်ရက်ကို ပုံမှန်နှစ်နာရီလောက် စာဖတ်ဖြစ်တယ်လို့ အင်တာဗျူးတစ်ခုမှာ နားထောင်ခဲ့ရဖူးတယ်။ ဘယ်လောက်တောင် လေးစားအတုယူအားကျစရာကောင်းလိုက်သလဲ။

ကိုယ့်ရဲ့ စိတ်ထဲမှာ အင်မတန်ဖြစ်ချင်တဲ့ ရည်ရွယ်ချက်တစ်ခုတော့ ရှိမှာပေါ့။ ဥပမာ ကျောင်းဆရာလား။ ဆရာဝန်လား။ စာရေးဆရာလား။ အင်ဂျင်နီယာလား။ အစရှိတဲ့ အရာတွေအပြင် အခြားသော ဖြစ်ချင်တဲ့ အရာတွေ အမျိုးမျိုးလည်းရှိ။ ဆိုင်ရာဝါသနာတွေအတွက် လေ့လာစရာ မှတ်သားစရာတွေ အားလုံးကို စာအုပ်တွေထဲမှာ ရှာဖွေလို့ရတယ်။ စာအုပ်ချည်းပဲ ဖတ်ရမှာမျိုးတော့ မဆိုလိုပါဘူး။ ဆိုင်ရာပညာရပ်တွေကိုလည်း သင်ယူရင်းနဲ့ ဆိုင်ရာပညာရပ်အတွက် အထောက်အကူဖြစ်စေမယ့် စာအုပ်တွေကို ရွေးချယ်ဖတ်ရမှာပေါ့။ ဒါ့ကြောင့် ကိုယ်စိတ်ဝင်စားတဲ့ အကြောင်းအရာတွေကနေစကာ တစ်နေ့ကို သက်မှတ်ချိန်လေးတစ်ခုပေးပြီး ပုံမှန်စာဖတ်ကျင့်လေးလုပ်ပေးမယ်ဆိုရင် အချိန်တွေကြာလာတာနဲ့အမျှ အလေ့အကျင့်ကောင်းတွေရလာမယ်။ စာဖတ်ရတာကို ငြီးငွေ့ခြင်းကင်းမဲ့လာလိမ့်မယ်။

**(၂)အလေ့အကျင့်ကနေ အလေ့အထသို့...**

အလေ့အကျင့်တွေများလာရင် အလေ့အထ အားကောင်းလာတတ်တယ်။ ကိုယ်နေ့စဉ် မြင်နေတွေ့နေကျ အရာဝတ္ထုတစ်ခုခုကို နေ့စဉ်ပုံမှန် မြင်နေကျနေရာအနားရောက်ရင် အလိုလိုကြည့်မိတတ်တာမျိုးပေ့ါ။ အဲ့သလိုပဲ စာအုပ်စာပေကို ပုံမှန်အချိန်အတိုင်း အတာ တစ်ခုနဲ့ သတိထားဖတ်တဲ့အကျင့်ကလေးတွေများလာတဲ့အခါ စာအုပ်တွေကို မြင်တာနဲ့ အနည်းဆုံး ကောက်ကိုင်ကြည့်မိမယ်။ ပြီးရင် ဟိုဟိုဒီဒီ လှန်လှောရင်း စာဖတ်လာမိလိမ့်မယ်။ ပြီးတော့ ပုံမှန်စာဖတ်နေတဲ့ အချိန်ရောက်ရင် ကိုယ့်အတွက် လိုအပ်မှုတစ်ခုဆိုတာမျိုးဖြစ်လာမယ်။ အလေ့အကျင့်အားကောင်းရင် ကောင်းသလောက် အလေ့အထ အားကောင်းလာပါလိမ့်မယ်။ ဒီလိုနဲ့ စာစဖတ်တဲ့လူဟာ တဖြည်းဖြည်းနဲ့ စာအုပ်စာပေကို နှစ်သက်လာနိုင်ပါတယ်။ အလေ့အကျင့်အားပေါ်မူတည်ပြီး အလေ့အထအနိမ့်အမြင့်ဆိုတာတော့ ရှိတာပေ့ါလေ။ ဒီနောက်မှာ ထပ်မံဖြစ်တည်လာတာက ဝါသနာဆိုတာပါပဲ။

**(၃) ကိုယ်ဘာဝါသနာပါသလဲ သိအောင်လုပ်ရမယ်။**

အလေ့အထအားတွေ များလာတဲ့အခါ ကိုယ်ဝါသနာပါတာ ဘယ်ဟာလဲဆိုတာ ဝေဝေဝါးဝါးလေး ဖြစ်ပေါ်လာလိမ့်မယ်။ ပြီးနောက်မှာ ဝေးဝါးမှုပေါင်းစုံထဲကမှ ကိုယ်စိတ်အဝင်စားဆုံး အကြောင်းအရာတွေကို တွေ့လာရမယ်။ နေ့စဉ်ပုံမှန် အချိန်သတ်မှတ်ချက်တွေနဲ့ ဖတ်ရှုလေ့လာတဲ့အခါ အလေ့အကျင့်ကနေ အလေ့အထကို ကူးပြောင်းလာပြီးတော့ စာဖတ်ချင်တဲ့စိတ်တွေ မြင့်တက်လာတဲ့အဆင့်ကို ရောက်ရှိလာမယ်။ အဲ့ဒီအခါ "စာဖတ်တယ်ဆိုတာ ပေ့ါသေးသေးမတွက်နဲ့။ စာဖတ်တယ်ဆိုတာ တစ်ပါးသူရဲ့ အမှားကို ကိုယ်ဆက်မမှားအောင်လုပ်တာ။ တစ်ပါးသူရဲ့ အတွေ့အကြုံကို ကိုယ့်အတွေ့အကြုံအဖြစ် ရယူတာ" ဆိုတဲ့ ဆရာကြီးဦးအောင်သင်း ဆုံမစကားကို ကိုယ်တိုင်ခံစားနားလည်သဘောပေါက်လာလိမ့်မယ်။ စာပေရဲ့တန်ဖိုးကို နားလည်လာလိမ့်မယ်။ စာတွေဖတ်လာရင်းကနေ တဖြည်းဖြည်းနဲ့ စာဖတ်အား ရင့်သန်လာဖို့တော့ လိုမယ်။ ကိုယ်ဖြစ်ချင်တာကို သိလာရင် ကိုယ်ဝါသနာပါတဲ့ အရာတွေကို ပိုမိုဖတ်ဖြစ်လာလိမ့်မယ်။ ဆရာဝန်လား၊ ပညာရေးလား၊ စက်မှုလက်မှုလား၊ နယ်ပယ်ပေါင်းစုံတိုင်းရဲ့ ပညာရပ်တွေကို စာပေတွေထဲမှာ အစုံရှိတယ်။ ကိုယ်ဝါသနာပါရာ နယ်ပယ်ကို အားလပ်ချိန်လေးတွေမှာ စာအုပ်စာပေတွေထဲကနေ လေ့လာသင်ယူနိုင်ပါတယ်။

> **“စာဖတ်တယ်ဆိုတာ ပေ့ါသေးသေးမတွက်နဲ့။ စာဖတ်တယ်ဆိုတာ တစ်ပါးသူရဲ့ အမှားကို ကိုယ်ဆက်မမှားအောင် လုပ်တာ။ တစ်ပါးသူရဲ့ အတွေ့အကြုံကို ကိုယ့်အတွေ့အကြုံအဖြစ် ရယူတာ”**

**(၄)အထုံရှိရမယ်**

အထုံဆိုတာ အလေ့အကျင့်နဲ့အလေ့အထကနေ ဝါသနာအား အလွန်ရင့်သန်လာမှ ဖြစ်ပေါ်လာတတ်တာမျိုးပေ့ါ။ မလုပ်ရမနေနိုင်တော့တာမျိုးပေ့ါ။ တစ်ခါတစ်ခါ ကျွန်တော်တို့တွေ အလုပ်တွေများလို့ ပင်ပန်းနွမ်းနယ်လာတဲ့အခါ စာဖတ်ချင်စိတ်မရှိတော့တာမျိုးဖြစ်ပြီးတော့ မဖတ်ဖြစ်တာတွေလည်း ဖြစ်ဖူးကြတယ်။ ဒီလိုနဲ့ အချိန်တွေကြာလာတဲ့အခါ ဆင်ခြေအမျိုးမျိုးပေးပြီး အလေ့အကျင့်ကောင်းတွေကို မသိကျိုးကျွံပြုလာတတ်ကြပြန်တယ်။ ဒီတော့ ဝါသနာဆိုတာဟာလည်း အားပျော့လာတတ်တယ်။ အထူးသဖြင့် ယနေ့ ဆိုရှယ်မီဒီယာခေတ်မှာ စိတ်အပန်းဖြေစရာတွေ အလွန်များလာတော့ ဝါသနာအဆင့်ကနေ အထုံပါဖို့အတွက် အတော်လေးကို ခက်ခဲလာတယ်။ ဒါ့ကြောင့် ပထမအဆင့်ဖြစ်တဲ့ အလေ့အကျင့်ကောင်းကလေးကို မြဲမြဲဆုပ်ကိုင်ထားမှသာ ဝါသနာရင့်သန်လာပြီး စာဖတ်ခြင်းကို အလိုလိုနှစ်သက်လာမယ်။ အထုံအား အလွန်ကောင်းသူတွေဟာ အားလပ်ချိန်များ စာမဖတ်ရရင် သူ့အတွက် ဆားမပါတဲ့ဟင်းတစ်ခွက်လို ဖြစ်နေတတ်တော့တယ်။ ဒါ့ကြောင့် လူအတော်များများက စာကြမ်းပိုးလို့ သွယ်ဝိုက်ပြီး ပြောလေ့ရှိကြတယ်။

**(၅) ပါရမီရှိရမယ်**

ပါရမီဆိုတာကတော့ ကိုယ်ကျင့်ကြံထားတဲ့ အသိပညာ အတတ်ပညာတွေ အတော်များများ ပြည့်စုံလာတဲ့အခါ နောင်မျိုးဆက်သစ်တွေအတွက် သူတို့အတွေးအမြင်တွေကို ချပြလာချင်တာမျိုးပါ။ သူတို့သိသလို သိလာစေချင်တဲ့အတွက် နည်းလမ်းအမျိုးမျိုးနဲ့ မျှဝေပေးတတ်သလို ကိုယ်ကိုယ်တိုင်လည်း အစွမ်းကုန် ကြိုးစားတတ်ကြတယ်။ ဥပမာ - စာရေးဆရာလိုမျိုးပေ့ါ။ အခြားလည်း အများကြီးပေ့ါ။ ရဟန်းသံဃာတို့၊ တရားဟောဆရာတို့ဟာလည်း အန္တိုင်းမဲ့ ဗုဒ္ဓမြတ်စွာဘုရားရှင်ရဲ့ တရားတော်တွေကို ကိုယ်တိုင်လည်း ဖြည့်ကျင့်ရင်းနဲ့ များလူသတ္တဝါတွေကိုလည်း မျှဝေပေးကြတာပေ့ါ။ ကိုယ်သိပြီး ဘယ်သူ့မှ မျှဝေမပေးဘူးဆိုရင် အဲ့ဒီလူဟာ လောကအတွက် လူပိုပါပဲ။

အလေ့အကျင့်ဆိုတာ စာအုပ်စာပေတစ်ခုထဲမှာတင်မဟုတ်ဘူး။ လူထူထပ်တဲ့နေရာမှာ ဆေးလိပ်မသောက်ရတာ၊ အမှိုက်ကို အမှုမဲ့ အမှတ်မဲ့မစွန့်ပစ်တာ၊ အစာစားပြီး ပုံမှန်သွားတိုက်တာ၊ သူများပစ္စည်းမခိုးတာ၊ သူများအသက်မသတ်တာ၊ သူများသားမယားကို မပြစ်မှားတာ၊ သူများကို လိမ်မပြောတာ၊ ကိုယ်ကိုယ်တိုင်သာမက အခြားသူတွေကိုပါ သေရည်သေရက် မသောက်သုံးစေတာအပြင် အခြား အလေ့အကျင့်ကောင်းလေးတွေ အများကြီးကိုပါ ကျင့်ကြံဖို့လိုအပ်တာပါ။ ဒါ့ကြောင့် ဘယ်လိုအရာမျိုးကိုမဆို အလေ့အကျင့်ကောင်းသာရှိရင် ကမ္ဘာလောကကြီးဟာ အင်မတန့် အင်မတန် ကျက်သရေအပေါင်းနဲ့ ခညောင်းနိုင်မယ် မဟုတ်ပါလား။ ဒါ့ကြောင့် ကျွန်တော်တို့တွေအားလုံး အလေ့အကျင့်ကောင်းလေးတွေကို မမိုတ်မသုန် ကျင့်ကြံကြိုးစားအားထုတ်ရင်း နောင်မျိုးဆက်သစ်တွေအတွက် မှန်ကန်သောလမ်းကို ပြနိုင်အောင် ကျင့်ကြံကြိုးစားအားထုတ်ကြပါစို့။

ဝတ္ထုတို

## ဖူးငုံနှင်း

(၁)

"ကိုသန်းဇော်ရေ..... ကျွန်မတို့သားမိကို ထားခဲ့ပြီလား"

အော်ငိုနေသော မမြသစ်ကို ကြည့်ပြီး အသုဘလိုက်ပို့သူများ စိတ်မကောင်းဖြစ်နေကြ၏။

ကိုသန်းဇော်တို့ မိသားစုက ဆင်းရဲလွန်းလှသည်။ သမီးတစ်ယောက် သားတစ်ယောက်။ အကြီး မနွေးနွေးနှင့် သားအငယ်က ပြည့်စုံ မိသားစုလေးယောက်ရှိသည်။ ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းနေရတဲ့ မိသားစုတော့မဟုတ်ပေ။ ဒုက္ခမျိုးစုံနှင့် ရှင်သန်နေကြရသည်။

ကိုသန်းဇော်က မိုးတွင်းဆို လယ်ထဲ နေ့စားလိုက် ပျိုးနုတ်၊ နွေဆို တောင်ပေါ်တတ် ဝါးခုတ်၊ သစ်ခုတ် ကြုံရာကျပမ်းအလုပ်ကို တစ်မိသားစုလုံး လုပ်ကိုင်စားသောက်နေကြရသည်။ ကိုသန်းဇော် မသေခင်က....

"မြသစ် ...ငါတို့ သားလေးကို ရှင်ပြုပေးချင်တယ်ဟာ"

ကိုသန်းဇော်သည် သားကို ရှင်ပြုပေးဖို့ ကြိုးစားတိုင်း မအောင်မြင်ခဲ့။ သို့သော် အားမလျှော့ဘဲ အမြဲကြိုးစားခဲ့သည်။

"ကိုသန်းဇော်ရယ်...ကျွန်မလည်း ပြုပေးချင်တာပေါ့။ ကျွန်မတို့ဘဝက စားဖို့တောင် မနည်းကြိုးစားနေရတာလေ"

"မြသစ်...ငါတောင်ပေါ်လိုက်သွားမယ်။ ဒီတစ်ခေါက်တော့ကြာမယ်။ နင်တို့သားအမိတွေ ရှာဖွေစားထားကြဟာ။ ငါ့သားအတွက် ပိုက်ဆံလေးစုမလို့ပါ"

ကိုသန်းဇော်သည် သားအတွက် ကြိုးစားမည်ပြောခဲ့ပြီး တောင်ပေါ်သို့အငှားလိုက်သွားလေသည်။ သို့သော်လည်း ကံကြမ္မာက မျက်နှာသာ မပေးခဲ့ပေ။ တောင်ပေါ်သွားသည့် ခြောက်ရက်မြောက်သော ညနေမှာတော့...

"မြသစ်ရေ....နင့်ယောကျ်ား သစ်ပင်ပိလို့ သေပြီ။ အခု အလောင်းပြန်တင်လာတာ"

ဦးထွန်းပြောသော စကားကို မမြသစ် မယုံနိုင်ဘဲ နောက်နေသည်ဟုသာ ထင်နေမိ၏။

"ဦးထွန်းရယ်...မနောက်ပါနဲ့"

"ငါတကယ်ပြောတာ မြသစ်၊ လှည်းက အိမ်ရှေ့ရောက်နေပြီ။ နင်ထွက်ကြည့်ပါဦးဟ"

မမြသစ်သည် ခင်ပွန်းကို ပြန်မြင်ယောင်ကာ ငိုချလိုက်ပါတော့သည်။

"ကိုသန်းဇော်ရေ..... ရှင်ကတော့ သောကတွေ အေးသွားပြီပေါ့နော်။ ကျွန်မတို့ သားအမိတွေကို ထားခဲ့ပြီလား ကိုသန်းဇော်ရယ်"

မမြသစ် ငိုချလိုက်သည်နှင့် သားသမီးနှစ်ယောက်လုံးမှာ လိုက်၍ အော်ငိုနေတော့သည်။ အသုဘလိုက်ပို့သူများလည်း စိတ်မကောင်းစွာ မျက်ရည်ကျနေကြသည်။ အသုဘ မြေချပြီးနောက် မမြသစ်၏ အိမ်ရှေ့တွင် ကင်ပွန်းတရော်ရည်များနှင့် လက်ဆေးကြပြီး ကိုယ့် အိမ်ကိုယ် ပြန်ကုန်ကြသည်။

မမြသစ်တို့ သားအမိသာ ခြောက်ကပ်ကပ် ဖြစ်သွားသော အိမ်လေးတွင် ကျန်ခဲ့ပါတော့သည်။

(၂)

ခြောက်သွေ့မှုများ ဝန်းရံထားသော အိမ်အိုလေးမှာတော့ အပူမီးများဝိုင်းရံထားသည်။ သားအမိသုံးယောက်၏ တိတ်ဆိတ်မှုကို နွေးနွေးက စတင်ဖြိုခွင်းလိုက်လေသည်။

"အမေ...သမီးတို့က ဘာလို့ဆင်းရဲတာလဲဟင်။ နေ့တိုင်းအလုပ်နဲ့လက်နဲ့ မပျက်ခဲ့တာတောင်မှ စားဖို့နပ်မမှန်ဖြစ်နေရတာ ဘာလို့ ဒီလောက်ထိ ဆင်းရဲနေရတာလဲ အမေရယ်"

နွေးနွေးသည် ထိုင်ငေးနေရင်းမှ မိခင်ကို မေးလိုက်ပါသည်။ မမြသစ်သည် ရီဝေနေသော မျက်လုံးများနှင့် သမီးနွေးနွေးကိုကြည့်ကာ နားလည်သလောက် ရှင်းပြလိုက်သည်။

"သမီးရယ်.... အရင်းအနှီးမရှိတော့ အမေတို့က သူများခိုင်းတာ လုပ်နေရတယ်လေ။ စားစရာမရှိပြန်တော့ ပိုက်ဆံကြိုယူရတယ်။ နေ့စားခကို တစ်ဝက်ကြေးပဲရတယ်။ ဒီလိုနဲ့ သံသရာလည်ပြီး ဆင်းရဲတဲ့ဘဝက မတက်ဘူးဖြစ်နေရတာပေါ့ကွယ်"

မမြသစ်သည် သမီးကို နားလည်အောင် ရှင်းပြလိုက်သည်။ သမီးလေးကို ကြည့်ပြီး သနားနေမိ၏။ ဘဝကမလှရှာတော့ သူများနှင့် တန်းတူ မဝတ်စားနိုင်ပေ။ သူများပေးသော အဝတ်အစားများနှင့်သာ ရောင့်ရဲနေခဲ့ရသည်။

"အမေတို့က မစုဆောင်းတတ်လို့ဖြစ်မှာပါ။ သူများတွေလည်း ဒီလိုပဲ လုပ်နေကြတာပဲလေ။ အဆင်ပြေပြေ နေနိုင်ကြတယ်။ သမီးတို့ကျမှ ဆင်းရဲနေတာပါ"

နွေးနွေးသည် ဘဝကို စိတ်တိုင်းမကျဖြစ်နေမိသည်။ အများနှင့်တန်းတူ နေချင်မိသည်။ သို့သော် နေပူမိုးရွာ အလုပ်ပျက်ရသည် မရှိ လုပ်နေရသော်လည်း ထမင်းနပ်မှန်အောင် မနည်းကြိုးစားနေရသည်။ မစုဆောင်းတတ်သော မိဘများကြောင့်ဟု အပြစ်တင်နေမိသည်။

နွေးနွေး၏ အပြစ်တင်စကားကို ကြားပြီး မမြသစ်သည် ရင်ထဲမကောင်းဖြစ်နေ၏။

"အမေ....သား အလုပ်လုပ်မယ်။ အမေ စိတ်မကောင်းမဖြစ်ပါနဲ့နော်။ သားပိုက်ဆံရအောင်ရှာပေးမယ်နော်..အမေ"

"သားလေးရယ်... သားကငယ်သေးတယ်လေ။ ကျောင်းစာသာ ကြိုးစားပါသားရယ်"

အမည်ကိုသာ ပြည့်စုံဟု မှည့်ပေးခဲ့သော်လည်း လူကတော့ မပြည့်စုံနိုင်ခဲ့ပေ။ ကျောင်းတက်ရမည့်အရွယ်ကိုလွန်မှ ကျောင်းထားပေးရပေမယ့် ဆင်းရဲလွန်းသည့် ဘဝကိုတော့ သိတတ်ရှာသည်။

သင်္ချိုင်းတစ်ပုဒ်မှာ လေးထဲက တစ်နှုတ် လျှင်သုံးကျန်နေပေမယ့် မိသားစုတစ်စုမှာတော့ အိမ်ထောင်ဦးစီးတစ်ယောက် မရှိတော့လျှင် မိသားစုဘဝမှာ ဘာမှမကျန်တော့ပေ။ မမြသစ် ရင်မောနေမိပါသည်။ အားကိုးရာ ယောကျ်ား ဆုံး၍ မိသားစုအတွက် မမြသစ်သည် ရှေ့ဆက် လျှောက်ရပေဦးမည်။

(၃)

အပူသောကများကို ကြာရှည်မပူဆွေးနိုင်ပေ။ မိသားစု၏ စားဝတ်နေရေးက ပိုအရေးကြီးသည်။ မမြသစ်ထိုင်တွေးနေစဉ်...

"ဟေ့.....မြသစ်ရေ၊ အားတော့နာပါတယ်ဟယ်။ နင်ယူထားတဲ့အကြွေးက ကြာနေပြီ။ ဘယ်တော့ပေးမှာလဲ"

သားအတွက် အင်္ကျီအဖြူလေး အကြွေးယူထား၍ အကြွေးလာတောင်းလေသည်။

"အစ်မရယ်.... ခဏတော့စောင့်ပေးပါနော်။ မြသစ် ဆပ်ပါ့မယ်"

"အေး...ငါ အကြာကြီးမစောင့်နိုင်ဘူး။ နင်ရအောင်ရှာဆပ်ပေါ့။ သုံးရက်ကြာမှမပေးနိုင်ရင် အတိုးနဲ့မှတ်လိုက်မယ်"

"ဟုတ်ကဲ့ပါ အစ်မရယ်..... မြသစ်ပေးပါ့မယ်"

အကြွေးသမားသည် ပြောဆိုပြီးထွက်သွားလေသည်။ မမြသစ် အားငယ်စိတ်များကြောင့် မျက်ရည်များဝဲလာလေသည်။ သို့သော်လည်း မျက်ရည်ကို ထိန်းထားလိုက်သည်။ သားသမီးများရှေ့တွင် မျက်ရည်မကျပြလိုပေ။ မြေနိမ့်ရာ လှံစိုက်ခံရသော ဘဝနှင့် နေသားကျသလို ဖြစ်နေသည်။

ရှေ့ဆက်သွားရမည့်လမ်းတွင် စိတ်ဓာတ်ခိုင်မာနေရမည်ဟု ဆုံးဖြတ်ထားသည်။

"အမေ.... ပိုက်ဆံမရှိဘဲ ဘယ်လိုပေးမှာလဲ။ စိတ်ညစ်ဖို့ကောင်းလိုက်တာ အမေရာ"

နွေးနွေးသည် စိတ်ညစ်သည့် လေသံနှင့် ပြောလိုက်သည်။ အားငယ်မှုနှင့် စိတ်ရှုပ်နေသော သမီးကိုကြည့်၍ မမြသစ်သည် စိတ်မကောင်းဖြစ်ရပြန်သည်။

"သမီးရယ်... အမေရှာပါ့မယ်။ ရွာမြောက်ပိုင်းသွားဦးမယ်။ သမီးနဲ့သားဘယ်မှ မသွားကြနဲ့နော်"

မမြသစ်သည် ပြောပြောဆိုဆိုနှင့် ခမောက်လေးကိုယူကာ အိမ်ထဲက နေ့ကွေးသော ခြေလှမ်းများဖြင့် ထွက်သွားတော့သည်။

"မမ... အမေ့ကို မအော်ပါနဲ့ဗျာ။ အမေ သနားပါတယ်။ အဖေသေလို့စိတ်ဆင်းရဲရ၊ အကြွေးသမားတွေက ဟိုကလာ ဒီကလာနဲ့ မမကပါပြန်အော်နေတော့ အမေစိတ်မကောင်းဖြစ်မှာပေါ့"

"ဟဲ့..... ပြည့်စုံ။ နင်ဝင်မပြောနဲ့၊ ငါဆင်းရဲတဲ့ ဘဝကိုစိတ်ကုန်လို့။ အလုပ်အမြဲလုပ်နေတာတောင် စားစရာမရှိဘူး။ ငါလည်းစိတ်ညစ်လို့ပေါ့ဟာ။ အမေ မစုတတ်လို့လည်း ဖြစ်မှာပေါ့"

နွေးနွေးသည် မိဘတွေကို အထင်လွဲနေလေသည်။ ကျောင်းထွက်ပြီးကတည်းက အလုပ်ကို နွေမိုးဆောင်းမပျက် လုပ်နေသည့်တိုင် ထမင်းနှင့် ဟင်းကောင်းမစားရ၊ အဝတ်တစ်စုံတောင် ကောင်းကောင်းမဝယ်ခဲ့ရပေ။ ယခု ဖခင်က ဆုံးသွားပြန်သည်။ ဆင်းရဲတွင်းထဲက ဘယ်တော့များမှ လွတ်ပါ့မည်နည်း။နွေးနွေး မကျေမနပ်ဖြစ်၍ တွေးနေမိသည်။

နွေးနွေးတစ်ယောက် အတွေးများကြား နစ်မျောနေချိန်မှာ....

"ဟဲ့....နွေးနွေး နင့်အမေဘယ်သွားလဲ"

နေ့တိုး ပေးစားသည့် ဒေါ်သန်းနွဲ့က လာမေးနေပြန်သည်။

"အမေ မရှိဘူး ရွာထဲသွားတယ်။ ဘာပြောမလို့လဲပြောခဲ့ပါ"

နွေးနွေးသည် ဘောက်ဆတ်ဆတ်ပဲ ပြောလိုက်ပါသည်။ "အဖေ့နာရေးက ပြီးခါစ ရှိသေး ဒါကို အားမနာကြဘူး အကြွေးလာလာ တောင်းနေကြတယ် စိတ်မရှည်တော့ဘူး" ဟု စိတ်ထဲမှ ရေရွတ်လိုက်မိသည်။

"အေး.... နင့်အမေလာရင် ပြောလိုက်။ ငါ့ဆီကယူထားတဲ့ ကျန်နေတဲ့အကြွေးကျေအောင် မနက်ပဲဝိုင်းရမယ် အိမ်ကိုလာခဲ့လို့ ပြောလိုက်"

နွေးနွေး၏ ဘောက်ဆတ်ဆတ်လေသံကြောင့် ဒေါ်သန်းနွဲ့သည် လေသံခပ်မာမာနှင့် ပြောလေသည်။

"မရှိတော့လာယူစားတယ်။ လုပ်ပေးချိန်ကျတော့ လေသံတွေက တစ်မျိုး၊ လာယူတော့ မျက်နှာငယ်လေးတွေနဲ့" ဟု ပွစိပွစိလုပ်ပြီး ခြံထဲမှ ထွက်သွားလေတော့သည်။

(၄)

"အမေ.... ဒေါ်သန်းနွဲ့ လာသွားတယ်။ မနက်ကျရင် ပဲဝိုင်းရမယ် သူ့အိမ်ကိုလာခဲ့တဲ့"

ပြည့်စုံသည် မိခင်ပြန်လာသည်နှင့် ပြောပြလိုက်ပါသည်။

"အေးအေး"

မမြသစ်သည် စိတ်ညစ်နေလည်း မထူး၍ ဖြစ်သမျှအကြောင်း အကောင်းပဲမှတ်ကာ သက်ပြင်းချလိုက်မိသည်။

"အမေ... သမီးရွာထဲခဏသွားဦးမယ်။ မြထွေးတို့အိမ်က ပဲနုတ်တော့မလားသွားမေးမလို့"

"အေး..အေး.. သမီး မိုးမချုပ်ခင် ပြန်လာခဲ့နော်"

"ဟုတ်ကဲ့ပါ အမေ"

မမြသစ်သည် စိတ်မကောင်းစွာ သမီးကို ကြည့်၍ သက်ပြင်းရှည်ကြီး ချမိတော့သည်။

"အမေ ...စိတ်မကောင်းမဖြစ်ပါနဲ့။ အမေ ပိုက်ဆံသွားရှာတာရခဲ့လား"

ပြည့်စုံသည် မိခင်ကိုကြည့်ပြီး သနားနေမိသည်။

"မရခဲ့ပါဘူး သားရယ်"

မမြသစ်သည် ဦးထွန်းအိမ်သို့ ပိုက်ဆံသွားချေးမိသည် သို့သော်.....

"ဦးထွန်း မြသစ်ကို ငွေလေးတစ်သောင်းလောက်ချေးပေးပါနော်။ ကိုသန်းဇော်လည်း မရှိတော့ မြသစ်တို့ အခက်အခဲတွေ့နေလို့ပါ"

"မြသစ်ရာ မပေးချင်လို့ မဟုတ်ပါဘူးဟာ။ ငါ့မှာက အလုပ်သမားတွေ ပေးလိုက်ရလို့ပါ။ ငါနင့်ကိုကြည့်ပြီး သနားနေမိပါတယ်။ ညဘက်ကျ တစ်ခါပြန်လာကြည့်လေဟာ"

ဦးထွန်းသည် မုဆိုးဖိုဖြစ်သည်။ မိန်းမ သေပြီးကတည်းက ရွာထဲ၌ရှိသော မိန်းကလေးများကို အကုန်လက်တည့်စမ်းချင်နေသည်။ မမြသစ်ကို မရိုးသားသောမျက်လုံးများနှင့် ကြည့်နေခဲ့သည်။

မလွဲသာ၍ ငွေချေးမိသော်လည်း မမြသစ်သည် သိက္ခာကိုတော့ တန်ဖိုးထားခဲ့သည်။

အိမ်ထောင်သည် အမျိုးသမီးများ၏ ဘဝမှာ လင်ယောကျ်ားဆုံးပါးသွားသည်နှင့် အထင်သေးသော မျက်လုံးများဖြင့် ကြည့်ရှုံတင်မက ထိကပါး ရိကပါး စနောက်ချင်နေကြသည်။ "ဟူး....ဘဝက မလွယ်ပါလား" မမြသစ် သက်ပြင်းများချနေမိသည်။

"အမေ..... ဘာဖြစ်နေတာလဲ"

ပြည့်စုံသည် မိခင်၏ မျက်နှာကြည့်ပြီး အရိပ်အကဲ နားလည်သည့်ပုံနှင့် မေးလိုက်သည်။

"ဘာရယ် မဟုတ်ပါဘူး သားရယ်"

မမြသစ် ညာလိုက်ပါသည်။ သားသမီးများ မသိစေချင်၊ မရှိဆင်းရဲသားဖြစ်နေပေမယ့် သိက္ခာတရားတော့ အဆင်းရဲမခံနိုင်ပေ။

သမီးဖြစ်သူ မိုးချုပ်ခါနီးနေပြီ ယခုထိ ပြန်မလာသေး၍ စိတ်ပူလာပြန်သည်။

"ပြည့်စုံ... နင့်အစ်မကလည်း ပြန်မလာသေးပါလား လိုက်သွားစမ်း"

"ပြန်လာပါပြီ အမေ"

နွေးနွေးသည် အိမ်ထဲလှမ်းဝင်၍ ပြောလိုက်သည်။

"မိုးချုပ်လိုက်တာသမီးရယ်"

မမြသစ် စိတ်ပူသောလေသံနှင့် ပြောလိုက်မိသည်။

"အမေရယ်... သမီး မြထွေးနဲ့ စကားပြောနေလို့ပါ။ နှစ်ရက် သုံးရက်နေမှ ပဲနုတ်မယ်တဲ့၊ အခုလောလောဆယ် အလုပ်က မရှိပြန်ဘူး"

နွေးနွေးစကားကို နားထောင်ရင်း မမြသစ်သည် အိမ်ရှေ့ကိုငေးကြည့်နေမိသည်။ ဖယောင်းတိုင်၏ အလင်းဖျော့ဖျော့အောက်က မြင်ကွင်းသည်လည်း ဝိုးတဝါးသာမြင်ရလေသည်။

"အမေ....သားမနက်ဖြန်ကျ ရွာနောက်က ကန်ထဲက ကန်စွန်းရွက်သွားခူးပြီး ရောင်းမယ်။ ဆီဖိုးလေးရတော့လည်း ကန်စွန်းရွက်ကြော်စားလို့ရတာပေါ့ အမေရယ်"

"ရေနစ်နေပါ့မယ် သားလေးရယ်"

သားအမိသုံးယောက် စကားသံများ တိတ်ဆိတ်သွားကြသည်။ အတွေးကိုယ်စီနှင့် ထမင်းမစားဘဲ အိပ်ရာဝင်ခဲ့ကြသည်။

မမြသစ်သည် သားနှင့်သမီးကိုကြည့်၍ စိတ်ထဲစို့နစ်နေမိသည်။ လမိုက်ညသည် မှောင်မည်းနေသည်။ သို့သော်လည်း အကျည်းတန်သော ဘဝအမှောင်က ပိုမှောင်နေသည်။ ညကိုကျော်လာလျှင် နေ၏အလင်းကို မြင်ရပါသည်။ မမြသစ်၏ မိသားစုဘဝအမှောင်သည် အလင်းရောင်များ ရှိလာနိုင်ဦးမည်လားဟု တွေးနေမိတော့သည်။ ။



## မေတ္တာစိတ်ဖြင့် စီးပွားရှာ

စီးပွားဥစ္စာ ရှာဖွေပြား
ကိုယ်ချင်းစာစိတ်ထား။
သူ့အားကိုယ့်အား ကြည့်ရှုကာ
မျှတစွာတွေးပါ။
လှည့်ပတ်လိမ်ညာ ရှောင်ကြဉ်ဝေး
စိတ်ထားဖြူအောင်မွေး။
နှစ်ဖက်တွေလို စဉ်းစားမယ်
မေတ္တာစိတ်မွေးကွယ်။
ဆင်းရဲခြင်းပယ် လွတ်မြောက်ဖို့
လုံ့လရှိကြစို့။
ရိုးသားပါလို့ စိတ်ကိုပြင်
ချမ်းသာသုခပင်။
စိတ်အသွင်ကို ဆေးကြောလျက်
ကောင်းစွာရှေ့ကိုဆက်။

မောင်လွမ်းဝေ

## မိမိကိုယ်သာ အားကိုးရာ

နိမ့်မြင့်တက်ကျ ဘဝကံ
မတည်မြဲအမှန်။
လောကဓံကို ရင်ဆိုင်စို့
ရှေ့သို့ချီတက်ဖို့။
ကြိုးစားကြစို့ လူငယ်တွေ
ဇွဲမလျှော့နဲ့လေ။
တန်ဖိုးရှိပေ အချိန်များ
ဘဝတွက်ခွန်အား။
ချီတက်သွားမယ့် ပန်းတိုင်ဆီ
လျှောက်လှမ်းကြတူညီ။
ရိုးသားခြင်းသည် အဓိက
အောင်မြင်မှုကိုရ။
နိုးကြားတက်ကြွ ရွှင်လန်းစွာ
စကားပြောချိုသာ။
ကိုယ်ကျင့်ပညာ တန်ဖိုးမြင့်
ထူးမြတ်ဂုဏ်ရောင်တင့်။
လူမှုဆင့်တန်း မြင့်မားလို
ဝီရိယတွေပို။
မိမိကိုယ်သာ ပြိုင်ဘက်ကောင်း
ရည်မှန်းချက်လမ်းကြောင်း။

လရောင်လင်း(မြန်မာ့ဂုဏ်ရည်)

ဆောင်းပါး

# အတုမြင် အတတ်သင်

■ မောင်လွှား(ပညာရေး)

"လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနဲ့ဖ" ဟူသောစကားအတိုင်း မိဘများသည် သားသမီးများ၏ လက်ဦးဆရာများ ဖြစ်ကြသည်။ မိဘများသည် သားသမီးများကို ရပ်နိုင်ရန်၊ တစ်လှမ်းနှစ်လှမ်း လှမ်းနိုင်ရန်၊ ဖေဖေ မေမေ ခေါ်တတ်ရန်စသည့် အပြောအဆို အပြုအမူများကို ပထမဆုံးသင်ကြားပေးကြသည်။ ကျောင်းနေအရွယ်တွင်လည်း မိမိတို့၏သားသမီးများကို စာပေတတ်မြောက်ရန် ကျောင်းထားကာ ပညာသင်ကြားစေသည်။

ငယ်ရွယ်နုနယ်သော သားသမီးများသည် "အတုမြင် အတတ်သင်" ဟူသောစကားအတိုင်း မိဘများထံမှ နေ့စဉ် အပြောအဆို အပြုအမူများကို ကြည့်၍ သင်ယူကြသည်။ ထိုအခါ မိဘများက သားသမီးများ၏ သင်ယူမှုကို သတိမထားဘဲ အမှုမဲ့အမှတ်မဲ့နေကြသည်။ ကောင်းသောအပြုအမူများ သင်ယူခြင်းသည် မွန်မြတ်လှသော်လည်း မကောင်းသော အပြုအမူများ သင်ယူခြင်းကိုမူ သတိထား တားမြစ်သင့်ပေသည်။

မိဘများသည် မိမိတို့၏သားသမီးများကို ကျောင်းဆင်းချိန်၊ ကျောင်းပိတ်ချိန်များတွင် လက်တိုလက်တောင်း အလုပ်များကို ခိုင်းကြသည်။ ထိုသို့ အလုပ်ခိုင်းရာတွင် သားသမီးများကိုခိုင်းရန် သင့်လျော်၏ မသင့်လျော်၏ကို မစဉ်းစားဘဲ ပြုလုပ်ခိုင်းကြသည်။ ထိုအခါ သားသမီးများသည် မသင်ယူအပ်သည့်အရာများကို သင်ယူမိ၍ အသက်အရွယ်ကြီးလာသော်လည်း လူ့လောကအလယ်တွင် လူရာမဝင်ဖြစ်ကြရသည်။ ထို့အပြင် လူအများ၏ကဲ့ရဲ့ ရှုတ်ချမှုကိုပါ ခံကြရသည်။

ကျွန်တော်နေထိုင်သော ပတ်ဝန်းကျင်တွင် တွေ့ကြုံခဲ့ရဖူးသည့် ကျွန်တော့်သူငယ်ချင်း၏ အဖြစ်အပျက်ကို တင်ပြလိုပါသည်။ ကျွန်တော်၏ သူငယ်ချင်းဆိုသော်လည်း သူသည် ကျွန်တော့်ထက် သုံးနှစ်မျှ ငယ်ပါသည်။ သူ ငယ်စဉ်ကတည်းက ကျောင်းဆင်းလျှင် သူ့အဖေခိုင်းသည့် အရက်ဝယ်သော အလုပ်ကို လုပ်ရသည်။ ညနေတိုင်း လွယ်အိတ်တစ်လုံးကို စလွယ်သိုင်းကာ ရွာထိပ်ရှိ အရက်ဆိုင်သို့ သွား၍ဝယ်ရသည်။ သူဝယ်ပေးရသော အရက်မှာ တောအရက်ပင်ဖြစ်သည်။ ညနေတိုင်း အရက်ဝယ်ပေး၍ သူ့အဖေပေးလိုက်သော ပုလင်းအခွံထဲတွင် ညဦးကကျန်သော အရက်အကြွင်းကျန်များကို သူသောက်ရကြောင်း၊ အလွန်ကောင်းကြောင်း ကျွန်တော့်အား ပြောပြလေ့ရှိသည်။

ထိုအချိန်က အသက်အရွယ်ငယ်သော ကျွန်တော်လည်း သူပြောသော အလွန်ကောင်းသည့်အရာကို သောက်ချင်မိ၍ သူနှင့်အရက်ဝယ် လိုက်သွားဖူးသည်။ သို့သော် ပုလင်းထဲတွင်မကျန်သောကြောင့် မသောက်ရပေ။ ညနေတိုင်း အရက်ဝယ်သွားရသော သူငယ်ချင်းနောက်သို့ ကျွန်တော့် မိဘများ၏ တားဆီးဆုံးမမှုကြောင့် လိုက်ခွင့်မရတော့ပေ။ ကောက်ပဲသီးနှံများ ရောင်းချသောနေ့၊ ချေးငွေထုတ်ရသောနေ့ စသည့်အခွင့်သာသောနေ့များတွင် သူ့အဖေနှင့်အတူ မြို့သို့လိုက်၍ သူ့အဖေအရက်သောက်လျှင် သူအမြည်းစားရကြောင်း၊ တစ်ခုခုစားရကြောင်း ပြောပြလေ့ရှိသည်။ ထိုသို့ ငယ်ရွယ်စဉ်ကတည်းက အဖေဖြစ်သူအား ညနေတိုင်း အရက်ဝယ်ပေးရခြင်း၊ အဖေဖြစ်သူနှင့် အရက်ဆိုင်သို့ မကြာခဏလိုက်ပါခြင်းကြောင့် အရက်နှင့် ယဉ်ပါးခဲ့သည်။ ထို့ကြောင့် ယခုတွင်မူ သူငယ်ချင်းဖြစ်သူမှာ အတန်းပညာများတတ်သော်လည်း အရက်မသောက်ရလျှင် မနေနိုင်သော အရက်၏ကျေးကျွန်ဘဝသို့ ရောက်ရှိခဲ့သည်။ ထိုသို့ သားသမီးများ၏ "အတုမြင် အတတ်သင်" သော အချိန်ကာလတွင်သာမက အခြားသောအချိန်ကာလတွင်လည်း မကောင်းသောအရာများနှင့် ရင်းနှီးမှု မရှိစေရန် အထူးဂရုစိုက်သင့်ပေသည်။

ထို့အတူ မိဘများသည် မိမိတို့သားသမီးများကို နှစ်လုံးထီထိုးခိုင်းခြင်း၊ ချဲထိုးခိုင်းခြင်း စသည့်မကောင်းသောအရာများကို မိမိဝါသနာထုံလျှင် မိမိကိုယ်တိုင်မပြုလုပ်ဘဲ သားသမီးများကို အလွယ်တကူ ခိုင်းစေကြသည်။ ထို့အပြင် သားသမီးများ၏ရှေ့တွင် နှစ်လုံးတွက်ခြင်း၊ ချဲတွက်ခြင်းများကို ပြုလုပ်ကြသည်။ ထိုအခါ သားသမီးများသည် "အတုမြင် အတတ်သင်" ဟူသောစကားအတိုင်း လူကြီးများကိုကြည့်ကာ လိုက်၍ပြုလုပ်ကြသည်။ နှစ်လုံးထီ၊ ချဲတို့ကို လိုက်ထိုးကြသည်။ အချို့သောမိဘများသည် မိမိတို့၏သားသမီး ကလေးငယ်များကို "ဘာဂဏန်းထိုးရမလဲ" ဟု ကပ်မေးကာ ထိုးကြသည်။ ထို့သို့ ပြုလုပ်ခြင်းသည် သားသမီးများကို မကောင်းမှု၌ မွေ့လျော်အောင် ဆွဲဆောင်နေသကဲ့သို့ပင် ဖြစ်ပါသည်။ ထို့အခါ သားသမီးများသည် မကောင်းမှုလောင်းကစား၌ မွေ့လျော်ပျော်ပိုက်လာကြသည်။ ထို့သို့ပြုလုပ်ခြင်းသည် မှားယွင်းသော လုပ်ဆောင်မှုပင် ဖြစ်သည်။

ထို့အပြင် မိဘများသည် မိမိတို့၏သားသမီးများရှေ့တွင် စကားများခိုက်ရန်ဖြစ်ပွားလေ့ ရှိကြသည်။ ညစ်ညမ်းသော စကားများပြောဆိုကြသည်။ ထို့အတူ အကြောင်းအရာ တစ်ခုခုပေါ်မူတည်၍ ညစ်ညမ်းသောစကားများကို အမှတ်တမဲ့ ပြောထွက်မိကြသည်။ ထိုအခါ သားသမီးများသည် ညစ်ညမ်းသောစကားများကို တတ်မြောက်လာပြီး နှုတ်အမူအရာများ ရိုင်းပြလာကြသည်။ ထို့ကြောင့် မိဘများသည် မိမိတို့၏သားသမီးများရှေ့တွင် ရန်ဖြစ်စကားများခြင်း၊ ညစ်ညမ်းသောစကားများ ပြောဆိုခြင်းကို အထူးသတိထား ရှောင်ရှားသင့်ပေသည်။

မိဘအများစုသည် မခိုင်းသင့် မခိုင်းအပ်သည့် အလုပ်များကို ခိုင်းစေကြသည်။ ထို့အပြင် သားသမီးများ၏ ရှေ့တွင် မပြောသင့်သော ညစ်ညမ်းသော စကားများကို မစဉ်းစားပဲပြောကြသည်။ ထိုအခါ သားသမီးများမှာ မကောင်းသော အရာများ၌ မွေ့လျော်လာကြသည်။ ခိုင်းသင့်ခိုင်းအပ်သည့် အလုပ်များကို မခိုင်းကြပေ။ သားသမီးများ ဝင်ရောက်လုပ်ကိုင်သောအခါ အော်ဟစ်ငေါက်ငမ်းသည်ကို ကျွန်တော်ကိုယ်တိုင် တွေ့ကြုံခဲ့ရသည်။

ကျွန်တော် ငါးတန်းကျောင်းသားအရွယ် ကျောင်းကိုရောက်၍ အတန်းထဲ ဆရာ မဝင်သေးလျှင် သူငယ်ချင်းများက "ငါက ထမင်းချက်တတ်တယ်၊ ငါက နွားလှည်းမောင်းတတ်တယ်" စသည်ဖြင့် အပြန်အလှန် မော်ကြွားပြောဆိုကြသည်။ သို့သော် ကျွန်တော်သူတို့ကဲ့သို့ မလုပ်တတ်သောကြောင့် မော်ကြွားစရာ မရှိခဲ့ပေ။ ကျောင်းဆင်း၍ အိမ်ပြန်ရောက်သောအခါ အမေ ထမင်းချက်နေသည်ကိုကြည့်၍ "သားထမင်းချက်ပေးမယ်" ဟု ပြောသောအခါ "ငါ့သား မင်း မချက်တတ်ပါဘူး၊ ထမင်းအိုးပျက်သွားလိမ့်မယ်၊ အပူလောင်လိမ့်မယ် သွား ကိုယ့်အလုပ်ကိုလုပ်" ဟု အော်ဟစ်ကာ အငေါက်ခံခဲ့ရသည်။ ထိုအချိန်ကစ၍ ကျွန်တော့်စိတ်ထဲတွင် " ငါ မချက်နိုင်လောက်ဘူး၊ ငါ ချက်ရင် ထမင်းအိုးပျက်လိမ့်မယ်၊ အပူလောင်လိမ့်မယ်" ဟူသောအတွေးဖြင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေကင်းမဲ့ကာ ထိုအလုပ်ကို ဘွဲ့ရသည့်အချိန်ထိ လုပ်ကိုင်တတ်ခြင်း မရှိခဲ့ပေ။

ထိုကဲ့သို့ မိဘများသည် သားသမီးများကို တတ်သင့်တတ်ထိုက်သော၊ ကောင်းသောအလုပ်များကို သင်ကြားပြသကာ ခိုင်းစေခြင်းမပြုဘဲ မကောင်းသောအလုပ်များကို မစဉ်းစားဘဲ ခိုင်းစေကြသည်။ ထိုအခါ ကလေးများသည် ကစားရာတွင်လည်း ကောင်းသောကစားနည်းများဖြင့် ကစားခြင်းမပြုတော့ဘဲ အတုမြင် အတတ်သင်ကာ နှစ်လုံးထီထိုးတမ်း၊ ချဲရောင်းတမ်း၊ ရန်ဖြစ်တမ်း ကစားကြသည်။ ထို့အပြင် ကလေးများဝိုင်းဖွဲ့၍ "ချီးယား" ဟု ဆိုကာ လူကြီးများပြုလုပ်သကဲ့သို့ ခွက်များကို လေထဲသို့မြှောက်၍တိုက်ကာ အရက်သောက်တမ်း၊ အရက်မူးသမားလုပ်တမ်းများ ကစားကြသည်။ ထိုကဲ့သို့ ကစားခြင်း သည် သားသမီးများ၏ နောင်အနာဂတ်အတွက် ကောင်းသောအလားအလာ မဟုတ်ပေ။

ထို့ကြောင့် မိဘများသည် နုနယ်ငယ်ရွယ်သော မိမိတို့သားသမီးများကို မကောင်းသောအလုပ်များ ခိုင်းစေခြင်း၊ သားသမီးများ၏ရှေ့တွင် ညစ်ညမ်းသောစကားများ ပြောဆိုခြင်းကို သတိထား၍ ရှောင်ရှားကြရမည်။ ထို့အတူ အတုယူသင့် ယူထိုက်သော ကောင်းသောအလုပ်များကို ပြုလုပ်စေခြင်း၊ ခိုင်းစေခြင်းဖြင့် ကောင်းမွန်စွာ ယဉ်ကျေးလိမ္မာအောင် ပြုစုစောင့်ရှောက်နိုင်ကြပါစေဟု ဆန္ဒပြုရေးသားလိုက်ပါသည်။ ။

## ကုသိုလ်ရယ်တိုး အပင်စိုက်ပျိုး

ပန်းပင်လေးတွေစိုက်ကြမယ်
အိမ်ဘေးတစ်ပတ်လည်။
ရွက်လှ စံပယ် ခရေဖူး
ပွင့်တော့စိတ်ကြည်နူး။
ပန်းတွေရည်စူး ကုသိုလ်တော်
ဘုရားကပ်လှူနော်။
အကျိုးမျှော်ကာ ဆုတွေတောင်း
ရေလည်းမှန်မှန်လောင်း။
အရိပ်ကောင်းကောင်းခိုဖို့ကွယ်
တမာ သရက် ရယ်။
အိမ်ရှေ့နားဝယ် စိုက်ကာ ပျိုး
ကာကွယ်လေဒဏ်မိုး။
ပီတိအကျိုး ပြည့်စေတယ်
ညီ ညီမများရယ်။
ကျောင်းအားချိန်မယ် စိုက်ကြစို့
ဝန်းကျင်သာယာဖို့။

ခေတ္တရာနွယ် (ပြည်)

## ကိုရွှေမိုးနှင့် တို့တောင်သူ

ပြုံမယောင်
ဟိုတောင်က တိမ်ညိုမည်း။
ရှစ်တိုင်းခွင် မိုးထစ်ချုန်း
ဒုန်းစိုင်းလို့သည်း။
ပျိုတို့မောင် နွားတစ်ရှဉ်းနဲ့
လယ်ဆင်းဖို့ သွားမယ့်ပြင်
ထွန်တုံးငယ်ဆင်။
ပျိုးကြဲဖို့ သမန်းတင်
လယ်တစ်ခွင် ရေဖွေးဖွေး။
တို့တောသူ ပျိုတစ်သင်း ရယ်က
ပေါင်းရှင်းမယ်လေး။
ကောက်သီးနှံ အထွက်တိုးဖို့
စိုက်ပျိုးစို့ အချိန်မှန်။
တို့တောင်သူ မနေမနား
ကြိုးစားရန်းကန်။
ပြည့်ခွန်အား ဖြည့်တင်းရန်
မခြင်းမချန် အားမာန်ခဲ။
တို့ရွှေပြည် ဖူလုံအရေး
သွေးချွေးနှင့်နွဲ။

မေ (ရန်ကုန်)